မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများအရေး

အတိတ်ကာလမှ သင်ခန်းစာများ

ဂျိုးဇက်ဖ် စေးလ်ဗားစတိန်း

(၁)

တတိယအကြိမ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းနီးကပ်လာသောအချိန်တွင် မြန်မာ့နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူလူထုများအား ပထမဆုံးမေးမြန်းရမည့်မေးခွန်းမှာ ယခင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများတွင် အဘယ်ကြောင့် လူမျိုးစုများနှင့် အစိုးရတို့ နိုင်ငံရေးအရ ငြိမ်းချမ်းစွာစုစည်းမှု မအောင်မြင်ရသလဲ ဆိုသောမေးခွန်းပင်ဖြစ်ပါသည်။

ဤပြဿနာအရင်းအမြစ်နှင့်ပတ်သက်၍ နိုင်ငံကိုထူထောင်ခဲ့ကြသော ဖခင်ကြီးများအား စိတ်အနှောက်အယှက်ဖြစ်စေသော မေးခွန်းများမှာ မည်ကဲ့သို့သောပြည်ထောင်စုတခုကို တည်ထောင်မည်နည်း ဟူသောအချက်ပင်ဖြစ်ပါသည်။ ၎င်းမှာ ယခင်ပြိုကွဲနေသော စည်းလုံးညီညွတ်မှုကို ပြန်လည်စုစည်းရယူလျက်၊ ဒေသတွင်းအုပ်ချုပ်ရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှု လွတ်လပ်ခွင့်များရှိသော ပြည်ထောင်စုမျိုးကို ထူထောင်ရန်ဖြစ်ပါသည်။

၎င်းမေးခွန်း၏ အရှင်းလင်းဆုံးနှင့် တိုက်ရိုက်အကျဆုံးသောအဖြေကို လူမျိုးကိုလွတ်လပ်ရေးသို့ဦးဆောင်ခဲ့သော အမျိုးသားပါတီဖြစ်သည့် ဖဆပလ ပါတီမှ၊ မြန်မာနိုင်ငံ၏ အနာဂါတ်အရေးအတွက် ဗြိတိသျှဝန်ကြီးချုပ်နှင့် ဆွေးနွေးရန်ဗိုလ်ချုပ်အောင်ဆန်းအင်္ဂလန်သို့ မထွက်ခွါမီအချိန်လေးတွင် ပေးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းမှာ–

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံ တောင်တန်းဒေသဆိုင်ရာ အခြေခံသဘောထားမှာ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ သဘောတူညီမှုဖြင့် စုစည်းသောပြည်ထောင်စုတခု (သို့မဟုတ်)တပေါင်းတစည်းတည်းရှိသော ပြည်ထောင်စုတခုထူထောင်ရေးအတွက် ဒေသခံများနှင့်ရင်းနှီးစွာ ညှိနှိုင်းရယူခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တောင်တန်းဒေသကောင်းစားရေးနှင့် တိုးတက်ရေးကို အစဉ်ကူညီဆောင်ရွက်ရန်ဆန္ဒရှိသော်လည်း ဒေသခံတိုင်းရင်းသားများမလိုလားမနှစ်သက်သောပြည်ထောင်စုတခုကိုတည်ထောင်ရန်မူကား ရည်ရွယ်ချက်မရှိသည်သာမက ကျွန်ုပ်တို့၏ အခြေခံသဘောထားမှာ ပြည်နယ်များမိမိတို့၏ ပြည်နယ်တွင်းရေးများကို လွတ်လပ်စွာ

စီမံထိန်းချုပ်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံပြည်သူ့လွှတ်တော် ရွေးချယ်သောအခါတွင်လည်း ကျွန်ုပ်တို့၏အခြေခံသဘောထားမှာ တောင်တန်းဒေသမှ လူမျိုးစုများအားလည်း ခေါ်ဖိတ်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်ရန် သဘောတူညီမှုရယူပြီး ၎င်းတို့လိုလားပါက မြန်မာနိုင်ငံပြည်မနှင့်အတူ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးသို့ ချီတက်ရန်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဒုတိယပင်လုံစာချုပ်အပြီးတွင် ပြောကြားချက်မှာ

“ဒေသဆိုင်ရာအရေးများသည် ၎င်းဒေသရှိလူမျိုးများ၏ အရေးသာဖြစ်သည်။ ၎င်းတို့ကလည်း ရပိုင်ခွင့်နှင့်တာဝန်များကို ရလိုသည်ဟုကြေငြာလျှင် ကျွန်ုပ်တို့ ကဲ့သို့ပင်သူ တို့လည်းရပိုင်ခွင့်ရှိရမည်”

၎င်းစည်းဝေးပွဲတွင်ပင် ဗိုလ်ချုပ်အောင်ဆန်းက ထပ်မံ၍ ပြောသည်မှာ

“တောင်ပေါ်သားများသည် ၎င်းတို့၏ဒေသကို ၎င်းတို့၏ဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ခွင့်ပြု မည်ဖြစ်ပြီး၊ ဒေသတွင်းစီမံခန့်ခွဲမှုများကိုလည်း ဗမာများကဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ပါ။”

နောက်ဆုံးတွင်၎င်းက ဗမာများနှင့်သာတူညီမျှရေးဂတိပြုချက်မှာ“ဗမာတကျပ်ရရင် သင်တို့လည်းတကျပ်ရရမည်”ဟုဆိုခဲ့ပါသည်။ အချုပ်အားဖြင့်ဖဆပလနှင့်၎င်းတို့၏ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းတို့သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို အခြေခံ၍သာ တူညီမျှမှုနှင့် ကိုယ်ပိုင်လွတ်လပ်မှုရှိသော ပြည်ထောင်စုတခုကို မည်သို့တည်ထောင်မည်နည်း ဟူသောမေးခွန်းကို ဖြေကြားခဲ့ပါသည်။

ပြည်ထောင်စုတခုကို တည်ထောင်ရန်မှာ ပိသုကာများသည် လက်တွေ့ကြရပါမည်။ ၎င်းတို့လိုအပ်ချက်များကို မူအရကျင့်သုံးပြီး ဖွဲ့စည်းပုံကိုလိုအပ်သလို စီမံကွပ်ကဲရန်ဖြစ်ပါသည်။ ထိုစဉ်ကရှိပြီးသား သီးခြားအုပ်ချုပ်မှုပုံစံကို လုံးဝအတုယူရန်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ကမ္ဘာဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများအား မြန်မာပြည်၏အနေအထားနှင့် လိုလားတောင့်တချက်များနှင့်အညီ သင့်လျော်စွာအသုံးပြုသွားရန် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းမှုကား သူမျှော်လင့်ထားသည့်ရလဒ်မဖြစ်မြောက်သည်ကိုပင် မြင်မသွားရသည်ကို ကျွန်ုပ်တို့ဝမ်းနည်းစွာ တွေ့ရပေသည်။

၁၉၅၂ ခုတွင် ဗဟိုရှေ့နေချုပ်ဦးချန်ထွန်း၏ ဗဟိုတရားရုံးချုပ်တွင် ထွက်ဆိုသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် စာတွေ့အားဖြင့် သီးခြားအုပ်ချုပ်မှုဖြစ်သော်လည်း လက်တွေ့အားဖြင့် ဗဟိုချုပ်ကိုင်မှုဖြစ်သဖြင့် စည်းလုံးမှုအစား ပြိုကွဲမှုများသာ ဖန်တီးခဲ့သည်။ ပထမဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးတွင် အထောက်အကူဖြစ်စေမည့် မထင်မရှားသောအချက်များကို ပြန်လည်လေ့လာသုံးသပ်လျှင် ပထမဆုံးသတိရရန်အချက်မှာ အောင်ဆန်းနှင့်ဖဆပလတို့သည် ရည်မှန်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံအတွက် တောင်တန်းသားများကို ရှေ့တန်းတင်ခဲ့သော်လည်း ဗြိတိသျှဝန်ကြီးချုပ်က လီမင်အက်တလီနှင့် လန်ဒန်မြို့တွင်တွေ့ဆုံရန် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန္နဝါရီလ (၁)ရက်နေ့ထွက်ခွါရန်အပြုတွင် ဖဆပလမှ နယ်စပ်ဒေသကိစ္စနှင့် ပတ်သက်သောကြေငြာချက်တရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတွင်ပြည်မနှင့် နယ်စပ်ဒေသတပြိုင်တည်း လွတ်လပ်ရေးရရှိရေး၊ အုပ်ချုပ်ရေးကောင်စီတွင် ဒေသတွင်းပြဿနာ

ဆိုင်ရာ အကြံပေးနိုင်ရန်အတွက် နယ်စပ်ဒေသမှ ကိုယ်စားလှယ်တဦးကို ချက်ခြင်းခန့်ထားရေးနှင့် ကရင်နီပြည်နယ်အား သီးခြားအုပ်ချုပ်ရေးတွင်ပါဝင်ရေး၊ မပါဝင်ရေးတို့ကို ပြည်သူ့ လွှတ်တော်တွင် အဆုံးဖြတ်ပေးရန်တို့ ပါရှိပါသည်။

ကံဆိုးသည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့သို့ နယ်စပ်ဒေသမှ ကိုယ်စားလှယ်များကိုပါပေါင်းထည့်ပေးရန် ဗိုလ်ချုပ်အောင်ဆန်းလုံးဝမတောင်းဆိုခဲ့ဘဲ ဖိတ်စာမှာလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အုပ်ချုပ်ရေးကောင်စီအထိသာ ကမ်းလှမ်းသောကြောင့်ဖြစ်သည်။ ထို့ပြင် လူဦးရေအများဆုံးသော လူမျိုးစုဖြစ်ပြီး နယ်ခြားဒေသကိစ္စများကို ၁၉၂၂ ခုနှစ်တွင်ရှမ်းစော်ဘွားများက ဖယ်ဒရယ်ကောင်စီဖွဲ့စည်းပြီး ဗြိတိသျှနှင့် တိုက်ရိုက်ဆောင်ရွက်သော အတွေ့အကြုံရှိသည့် ရှမ်းလူမျိုးတို့သည် ဆွေးနွေးပွဲတွင် ပါဝင်ဆင်နွှဲလိုသော ဆန္ဒရှိကြောင်းကို အသိပေးသော်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်ဗြိတိသျှတို့က တောင်းဆိုချက်ကို ပြန်လည်တုန့်ပြန်ခြင်းမရှိခဲ့ပါ။

လန်ဒန်မြို့တွင် ကျင်းပပြီးစီးခဲ့သောမြန်မာနှင့် အင်္ဂလိပ်ခေါင်းဆောင်များ၏ သဘောတူညီချက်များသည် ရှမ်းအမျိုးသားများ၏ဆန္ဒကို ကျော်လွှားဆုံးဖြတ်ထားသဖြင့် ရှမ်းခေါင်းဆောင်အများစုက ခံပြင်းကြသည်။ သို့သော်မြန်မာခေါင်းဆောင်များက

- ဗြိတိသျှတို့က မြန်မာအစိုးရနှင့် နယ်စပ်ဒေသကို ပိုမိုထိတွေ့မှုရှိပြီး ဈေးဆစ်မှုကြီးတရပ်ဖြစ်အောင် ဖန်တီးပေးကြောင်းနှင့်
- စည်းဝေးမစတင်မီပြုလုပ်သော ဖဆပလ၏ တောင်းဆိုချက်များကိုလည်း လက်ခံခြင်းဖြစ်ကြောင်းထင်မြင်ကြသည်။

အောင်ဆန်းအက်တလီစာချုပ်မှ အတည်ပြုလိုက်သည်မှာ

- နှစ်ဦးနှစ်ဘက်မှ တာဝန်သိဒေသခံများ၏ လွတ်လပ်ရသည့်သဘောတူညီမှုဖြင့် ဒေသနှစ်ခုစောစီးစွာ ပေါင်းစည်းရေး။
- နယ်စပ်ဒေသပြည်သူများက အများအကျိုးပြုသောအရေးများကို အလေးထားလျှက် မြန်မာနိုင်ငံအစိုးရနှင့် နီးကပ်စွာလုပ်ဆောင်ကာ နှစ်ဘက်စလုံးလက်ခံသော ပုံစံမျိုး ဖြစ်ရေးတို့ဖြစ်ပါသည်။

ဒုတိယရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်ရန် တောင်းဆိုချက်မှာ –

- ဒေသနှစ်ခုရှိ ပြည်သူများအကြား အနှောက်အယှက်မရှိဘဲ လွတ်လပ်စွာကူးလူးဆက်ဆံရေး။
- နှစ်ဘက်သောခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတရပ်ပြုလုပ်ရန်နှင့် ကြားကာလ မြန်မာနိုင်ငံအစိုးရနှင့် ဆက်ဆံရေးအတွက် နယ်စပ်ဒေသဆိုင်ရာပြည်သူများ၏ ဆန္ဒကိုရယူရန်။
- နယ်စပ်ဒေသဘုရင်ခံကို အကြံပြုရန်အဖွဲ့တဖွဲ့ ဖွဲ့စည်းပေးရန်နှင့် အုပ်ချုပ်ရေးကောင်စီနှင့် အနီးအကပ်ဆက်စပ်ရန် (သို့) နယ်စပ်ကိစ္စရပ်များအားတာဝန်ယူရန်

ကိုယ်စားလှယ်တဦးခန့်ထားပေးရန် (သို့မဟုတ်) အခြားနည်းလမ်းရှာရန် တို့ဖြစ်ပါသည်။

- ဆက်လက်၍သဘောတူညီချက်မှာ ပင်လုံသို့မဟုတ် မည်သည့်နေရာတွင်မဆို ပြုလုပ်မည့်အစည်းအဝေးတွင် ဗြိတိသျှနှင့် မြန်မာအစိုးရတို့က ဒေသနှစ်ခုဆက်စပ်ရေးကို နယ်စပ်ဒေသရှိ ပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ အကောင်းဆုံး အဆုံးဖြတ်ပေးရန်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် စုံစမ်းရေးကော်မတီတရပ်ကို ဖွဲ့စည်းပြီး နယ်စပ်ဒေသပြည်သူတို့၏ သက်သေခံချက်များကိုရယူကာ အနာဂတ်ဆက်ဆံရေးအတွက် ၎င်းတို့၏အမြင်ကို စုစည်းရန်ဖြစ်ပါသည်။

နယ်စပ်ဒေသများက အုပ်ချုပ်ရေးကောင်စီနှင့်ပေါင်းလိုလျှင် အောင် ဆန်းအက်တလီ စာချုပ်နှင့် နှောင် ဖွဲ့ထားခြင်းမရှိစေဘဲ မိမိပြည်နယ် များ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေ မည် ဖြစ်ပြီး မြန်မာနိုင်ငံလွတ် လပ်ရေးရသောအခါ ပြည်ထောင်စုမှ ခွဲထွက်ပိုင်ခွင့်ရှိကြောင်း စသည်တို့ ပါရှိသည်။

ပင်လုံညီလာခံ (၁၉၄၇ ခုနှစ်ဖေဖော်ဝါရီလ ၇–ရက်မှ ၁၂–ရက်) နှင့်ပင်လုံစာချုပ် တို့သည် မြန်မာနှင့်နယ်စပ်ဒေသတို့၏ ပေါင်းစည်းမှုမှတ်တိုင်တရပ်ဖြစ်ပါသည်။ ညီလာခံမတိုင်မီ တရက်အလိုတွင် ရှမ်းနှင့်ကချင်တိုင်းရင်းသားတို့က ဗမာနှင့်သာတူညီမျှသော ရပိုင်ခွင့်နှင့် အခွင့်အရေးများရရန်အတွက် ဆုံးဖြတ်ချက်ငါးချက်ကို ချမှတ်ရေးဆွဲခဲ့ပါသည်။ နယ်စပ်ဒေသများက အုပ်ချုပ်ရေးကောင်စီနှင့်ပေါင်းလိုလျှင် အောင်ဆန်းအက်တလီစာချုပ်နှင့်နှောင်ဖွဲ့ထားခြင်းမရှိစေဘဲ မိမိပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေမည် ဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါ ဖယ်ဒရေးရှင်းမှ ခွဲထွက်ပိုင်ခွင့်ရှိကြောင်း စသည်တို့ ပါရှိသည်။ နောက်တစ်နေ့တွင် ချင်းကိုယ် စားလှယ်အဖွဲ့ရောက်ရှိလာပြီး ပထမနှစ်ဖွဲ့နှင့် တွေ့ဆုံ ကာ မူလဆုံးဖြတ်ချက်ငါးချက်ကိုတင်ပြပြီး နောက် ထပ်နှစ်ချက်ထပ်ပေါင်းသည်ကိုလည်း အားလုံးသဘောတူလက်ခံကြပါသည်။

ချင်းတိုင်းရင်းသားတို့တောင်းဆိုသည်မှာ ရှမ်းပြည်နယ်ခံစားခွင့်ရသကဲ့သို့ ချင်းနှင့်ကချင်ပြည်နယ်တို့လည်း ဗဟိုအခွန်ခံစားခွင့်ရရန်နှင့် မြန်မာအစိုးရက ဒေသဆိုင်ရာဘဏ္ဍာရေးလိုငွေကိုလည်း ဖြည့်စည်းပေးရန်၊ ဒုတိယအချက်အနေဖြင့် မြန်မာအစိုးရနှင့်တောင်ပေါ်ဒေသတိုင်းရင်းသားများအကြား အနာဂါတ်စည်းမျဉ်းဥပဒေများကို ရေးဆွဲဆုံးဖြတ်ရန်အတွက် တောင်တန်းသားတို့၏ အမြင့်ဆုံးအုပ်ချုပ်ရေး ကောင်စီတခုဖွဲ့စည်းပေးရန်ဖြစ်ပါသည်။ ညီလာခံပြီးဆုံးသောအခါမူကား အဖွဲ့နှစ်ဖွဲ့အကြား သဘောတူညီမှုကို ရရှိခဲ့လေသည်။ ၎င်းတို့အနက်

- ဘုရင်ခံထံတွင် နယ်စပ်ဒေသအရေးများကို ဆောင်ရွက်နိုင်ရန် တောင်ပေါ်တိုင်းရင်းသားကိုယ်စားလှယ် အကြံပေးအရာရှိတဦးခန့်ထားပေးရန်၊
- ယင်းအကြံပေးအရာရှိအား အုပ်ချုပ်ကောင်စီတွင် ရာထူးမရှိဘဲခန့်ထားပေးရန်နှင့်၊
- နယ်စပ်ဒေသများသည် အုပ်ချုပ်မှုကောင်စီ၏ အာဏာအောက်တွင်ရှိရန် တို့ဖြစ်

ပါသည်။

ၡင်းပြင်ယင်းအကြံပေးအရာရှိ ကိုယ်စားပြုခြင်းမရှိသည့် အခြားသောလူမျိုးစုထဲမှလည်း လက်ထောက်အကြံပေးအရာရှိ နှစ်ဦးကိုခန့်ထားပေးရန်ဖြစ်သည်။ တိုးချဲ့ခန့်ထားခြင်းခံရသော အဆိုပါနယ်စပ်ဒေသအကြံပေးအရာရှိများသည် အခြားသော သီးခြားအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်အုပ်ချုပ်မှု၏ အတွင်းရေးစီမံခန့်ခွဲမှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တားမြစ်ထားပါသည်။ ဆက်လက်၍ နယ်စပ်ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဒေသတွင်းစီမံခန့်ခွဲရေးကို မူသဘောအရလက်ခံသည်ဟု ခေါင်းဆောင်က ထပ်မံပြောကြားပါသည်။

ကချင်ပြည်နယ်အား စုစည်းသောမြန်မာနိုင်ငံမှ ခွဲထွက်ရေးသဘောတူညီချက်ကို သတ်မှတ်ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်အား တာဝန်ပေးအပ်ထားသည့်အပြင် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ ရပိုင်ခွင့်နှင့်အခွင့်ရေးများကိုလည်း အခြားသော ဒီမိုကရေစီနိုင်ငံများနည်းတူရရှိခံစားစေရေး တာဝန်ကိုပါပေးအပ်ထားပါသည်။

ညီလာခံပြီးဆုံးသွားသောအခါ နယ်စပ်ဒေသအကြံပေးအရာရှိအဖြစ် မိုင်းပွန်စော်ဘွားစစ်စံထွန်း (ရှမ်းပြည်နယ်)အားၡင်း၊ ဆမားဒုဝါးဆင်ဝါးနောင် (ကချင်ပြည်နယ်)နှင့် ဗမ်ကိုဟောင် (ချင်းတောင်တန်းဒေသ)တို့အား၊ လက်ထောက်အကြံပေးအရာရှိများအဖြစ်ၡင်း၊ ဘုရင်ခံက ခန့်ထားလိုက်ပါသည်။

ပင်လုံညီလာခံနှင့် စာချုပ်သည် အလွန်ကျယ်ပြန့်ပြီးအရေးပါလှသော်လည်း တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားများ၏ အဓိကပြဿနာများကို မဖြေရှင်းနိုင်ခဲ့ကြပေ။ ကရင်တိုင်းရင်းသားမှုကား ပါဝင်ဆင်နွှဲမှုမရှိသည်သာမက ရလာဒ်များကိုလည်းမထောက်ခံခဲ့ပေ။ ထို့ပြင်များစွာသော လူမျိုးစုငယ်များလည်းပါဝင်ခြင်းမရှိဘဲ၊ သဘောတူညီမှုများလည်း မပေးကြပေ။ ဤကဲ့သို့ လူမျိုးစုငယ်များမပါဝင်ခဲ့ခြင်းကို ဖြည့်ဆည်းသည့်အနေဖြင့် နယ်ခြားဒေသများစုံစမ်းရေးပြုလုပ်သည့်အခါ လူမျိုးစုငယ်အားလုံးအား သက်သေခံခွင့်ပေးခဲ့ပေသည်။

ထွက်ဆိုချက်များရရှိသည့်နောက်ပိုင်းတွင် စုံစမ်းရေးကော်မတီမှ အောက်ပါအတိုင်း ထောက်ခံအကြံပြုခဲ့ပါသည်။ ၡင်းတို့မှာ –

- မဲစာရင်းများဖြင့်စနစ်တကျ ပုံမှန်ရွေးကောက်ပွဲပြုလုပ်ရွေးချယ်ရန်အချိန်မရဘဲ နယ်စပ်ဒေသကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်သို့ ရွေးချယ်ပေးရသဖြင့် အချို့လူမျိုးစုငယ်များမှာ အဆင့်အတန်းအရၡင်း၊ အခြားနည်းဖြင့်ၡင်း၊ ရွေးချယ်ကြရခြင်းကြောင့် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်မညီမျှမှုများရှိခဲ့ခြင်း။
- နယ်စပ်ဒေသမှကိုယ်စားလှယ် (၄၅)ဦးအား ပြည်မကိုယ်စားလှယ်များကဲ့သို့ပင် ကော်မတီတာဝန်များကိုတန်းတူပေးရန်။
- နယ်စပ်ဒေသပြည်သူများသည် ပြည်သူ့လွှတ်တော်တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် သီးခြားအုပ်ချုပ်မှုကို အလိုအလျောက်လက်ခံခြင်းမျိုးမဖြစ်စေရန်နှင့်။
- ပြည်သူ့လွှတ်တော်သည် ပြည်နယ်အစိုးရနှင့်စပ်ဆိုင်သော မည်သည့်ဆုံးဖြတ်ချက်များကိုမဆို နယ်စပ်ဒေသကိုယ်စားလှယ်အများစုက ထောက်ခံမှုသာအတည်ပြု

ရန်တို့ဖြစ်ပါသည်။

စုံစမ်းရေးအဖွဲ့သို့ သက်သေခံထွက်ဆိုသောသူများတို့သည် ဆဲသယမများနှင့် စိုးရိမ်မှုများရှိသည်ကို တွေ့ရှိရသည်။ ချင်းသက်သေခံများသည် ၎င်းတို့ပြည်နယ်ရရှိရေး (သို့) ပြည်မနှင့်ပေါင်းစည်းရေးကို ကော်မတီအား သေချာစွာမရှင်းပြနိုင်ခဲ့ပါ။ ဤကဲ့သို့ရှုတ်ထွေးရခြင်းမှာ စကားရပ်၏အဓိပ္ပါယ်မတိကျမှုနှင့် ကွဲလွဲမှုတို့ကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် "ပြည်ထောင်စု" ဆိုသည့်စကားရပ်တွင်၎င်းကို "ဗဟိုစုစည်းမှု" အဓိပ္ပါယ်အဖြစ်သုံး၍ "သီးခြားအုပ်ချုပ်မှု" ကို "သီးခြားပြည်နယ်တနယ်ထူထောင်ရေး" တို့အဖြစ်သုံးထားခြင်းတို့ဖြစ်သည်။ ထို့သို့စကားရပ်နှစ်ခု အဓိပ္ပါယ်အလဲအလှယ်သုံးခြင်းကြောင့် နားလည်မှုလွဲမှားခြင်းသို့ ဦးတည်ရလေသည်။

ခေါင်းဆောင်များနှင့်သက်သေများသည် အဆင့်အတန်းအနေအထားအားဖြင့် ကွာခြားကြသောကြောင့် ပင်လုံသဘောတူညီချက်ကို နယ်စပ်ဒေသစုံစမ်းရေးကော်မတီနှင့်အတူ ဖတ်ရှုလေ့လာရန်လိုအပ်ပါသည်။ စုံစမ်းရေးကော်မတီ အစီရင်ခံစာသည် များစွာဖြည့်ဆည်းမှုများကိုပေးသော်လည်း အနာဂါတ်အတွက်ရှင်းပြရန် ထပ်မံလိုအပ်နေသေးသည်သာမက ပင်လုံသဘောတူညီချက်နှင့် စုံစမ်းရေးအစီရင်ခံတို့ကို အတူတကွဖတ်သည့်တိုင် သမိုင်းကြောင်းပုံပြင်ကို ပြည့်စုံစွာမဖော်ပြနိုင်သေးပေ။

ဤနောက်ခံပိတ်ကားဖြင့် ၁၉၄၇ ခုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရှုမြင်ရမည်ဖြစ်ပါသည်။

(၂)

၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် စကားရပ်အဓိပ္ပါယ်ကို အကြမ်းဖျဉ်းနားလည်ရုံဖြင့် ဖယ်ဒရယ်အဆောက်အအုံကို ဖန်တီးထားခြင်းမဟုတ်ဘဲ သာတူညီမျှခြင်းမရှိသော ပြည်နယ်များပါဝင်သည့် ပြည်ထောင်စုတခုကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့မှာ အရေးပါသောနည်းလမ်းများစွာဖြင့် ကွာခြားကြသည်။ ပါလီမန်ရှိအထက်လွှတ်တော် (လူမျိုးစုလွှတ်တော်)တွင် ကိုယ်စားပြုခြင်းမတူကြပါ။ ကမ္ဘာ့ဖယ်ဒရယ်အုပ်ချုပ်မှု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုအတွင်းရှိ ပြည်နယ်များတွင်ညီမျှမှုရှိသော်လည်း အထက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင်ခြားနားကြသည်။ ၎င်းမှာ ကိုယ်စားလှယ်ရာထူးတခုတွင် ရွေးချယ်ပုံဖော်ပြထားသော်လည်း အခြားရာထူးနေရာတွင် လူမှုအဖွဲ့အဖွဲ့စည်းဝင်များအဖြစ်လျာထားပြီး အခြားနေရာများမှာမူ ပြည်နယ်လူထုများမှ ရွေးချယ်ပြန်ပါသည်။

ပုဒ်မ (၂၀၁)အရ ပြည်ထောင်စုအတွင်း ပြည်နယ်များခွဲထွက်ပိုင်ခွင့်ကို ပန်းပြရုံသာခွင့်ပြုထားသော်လည်း ၎င်းမှာပြည်မနှင့်မဆိုင်ပါ။ အကြောင်းမှာ နိုင်ငံကိုအမျိုးသားအစိုးရမှ အုပ်ချုပ်သဖြင့် ပြည်မနှင့်အမျိုးသားအစိုးရမှာ ခွဲခြား၍မရပါ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ရှမ်းနှင့်ကရင်နီပြည်နယ်များကို ခွဲထွက်ပိုင်ခွင့်ပေးသော်လည်း ကရင်၊ ကချင်နှင့်ချင်း (အထူးတိုင်း)တို့ကိုမူကား တပြည်နယ်ခြင်းပိုင်ခွင့်များကို သီးခြားပိတ်ပင်

ထားပါသည်။

နိုင်ငံတော်ကောင်စီသည် ပြည်နယ်အချို့နှင့်အထူးတိုင်းတို့၏ ဥပဒေပြုအဖွဲ့ဖြစ်သည်။ နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များမှာ ရွေးကောက်ပွဲ (သို့)နိုင်ငံတော်အဆင့်တွင် လွှတ်တော်နှစ်ရပ်မှ တရပ်ရပ်ကခန့်ထားခြင်းဖြစ်ပါသည်။

အမျိုးသားပါလီမန်တွင် နေရာရရှိထားသောသူသည် နိုင်ငံတော်ကောင်စီတွင် အလိုအလျောက် အဖွဲ့ဝင်ဖြစ်သွားပေသည်။ ၎င်းသည်ပါလီမန်တွင် ဆက်လက်နေသည့်ကာလပတ်လုံး သူ့အား နိုင်ငံတော်ကောင်စီမှ ပြည်သူများဖယ်ရှားလိုသော်လည်း ဖယ်ရှား၍မရနိုင်ပါ။ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များတွင် ကိုယ်စားလှယ်များကို အထူးလူမှုရေးအဆင့်မှရွေးချယ်ပြီး ကချင်ပြည်နယ်တွင်မူ တိုင်းရင်းသားလူမျိုးစုနှစ်ခုမှ ကိုယ်စားလှယ်များကို ခွဲခြားရွေးချယ်တင်မြှောက်ကြသည်။

> **သောင်းကျန်းမှုများ တနိုင်ငံလုံးတွင်လှုပ်ရှားခဲ့ရာမှ နယ်စပ်ဒေသတွင် ပိုမိုကြာရှည်ခဲ့ပြီး အမျိုးသားတပ်မတော်သည် ဒေသစီမံခန့်ခွဲရေးတွင် တိုက်ရိုက်ပါဝင်လာခြင်းဖြင့် ဒေသခံအရာရှိများအား နစ်နာမှုများဖြစ်စေခဲ့ပါသည်။**

ပြည်နယ်တခုစီ၏ ဥက္ကဋ္ဌရာထူးကို ပြည်ထောင်စုဝန်ကြီးချုပ်မှ ၎င်း၏ဝန်ကြီးအဖွဲ့ လစ်လပ်သောရာထူးတွင် ခန့်ထားပေးခြင်းဖြစ်သည်။ ဤသို့ဖြင့်သူသည်အလိုအလျောက်ပြည်နယ်၏ ဥက္ကဋ္ဌဖြစ်လာသည်။ ပြည်နယ်တွင်းရှိပြည်သူများ နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ ဝန်ကြီးချုပ်၏ဆန္ဒဖြင့်သာ တာဝန်ထမ်းဆောင်ခြင်းဖြစ် ပြီး ၎င်းကသာလျှင် ထုတ်ပယ်နိုင်သည်။

အစကနဦး၌ များစွာသောပြည်နယ်တို့တွင် သီးခြားတရားရေးဌာနမရှိဘဲ ပြည်နယ်နှင့်ပြည်ထောင်စုတို့တွင်သာ ကျင့်သုံးကြသည်။ ပြည်နယ်တရားရုံးဥပဒေတခုကို ထုတ်ပြန်လိုက်သော်လည်း ဘယ်သောအခါမျှ ပြည့်စုံစွာ လက်တွေ့အကောင်အထည်မဖေါ်ပါ။ ပြည်နယ်များတွင် အခွန်ကောက်မှုအာဏာ တပိုင်းတစသာရှိပြီး အားလုံးသောပြည်နယ်များရပ်တည်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေအများစုကို ပြည်ထောင်စုအစိုးရအားသာ မှီခိုအားကိုးရသည်။ ပြည်နယ်တို့သည် မိမိတို့၏ဘာသာစကားကိုမိမိတို့၏ ဒေသအတွင်းတွင်သုံးပိုင်ခွင့်ရှိပြီး ပြည်နယ်တွင်းရှိ ကျောင်းများစွာတွင်လည်း စတုတ္ထတန်းအထိ သင်ကြားပို့ချခွင့်ရှိသည်။ ၎င်းအထက်ရှိ ပညာရေးကိုမူ မြန်မာနှင့် အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပို့ချသဖြင့် ဒေသခံကျောင်းသားများအနေဖြင့် အထက်တန်းပညာကို တက်ရောက်သင်ကြားသောအခါ မြန်မာစကားကိုအိမ်တွင်၎င်း၊ ကျောင်းတွင်ပထမတန်းမှစ၍၎င်း ပြောကြားကြသောကျောင်းသားများနှင့် ပြိုင်ဆိုင်ရသည့် အကျိုးယုတ်မှုတခုကိုရရှိစေသည်။ ဤအရာများမှာ ပြည်ထောင်စုအစိုးရ၏ လွှမ်းမိုးထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်နယ်တို့၏သွားရာလမ်း အချို့ဖြစ်ပါသည်။ ဤသို့အားဖြင့်နိုင်ငံရေးစနစ်မှာ သီးခြားအုပ်ချုပ်မှု (Federal) ထက် စုစည်းအုပ်ချုပ်မှုကိုဖြစ်စေပါသည်။

လွတ်လပ်သောပြည်ထောင်စုကြီး စတင်မွေးဖွါးချိန်မှစ၍ စနစ်တခုလုံး၏ အခက်အခဲများနှင့် ဝေဖန်ရှုတ်ချမှုများ စတင်ခံစားခဲ့ရပါသည်။ ပြည်တွင်းစစ် ဝင်ရောက်စွက်ဖက်မှု

များနှင့် သောင်းကျမ်းမှုများ တနိုင်ငံလုံးတွင်လှုပ်ရှားခဲ့ရာမှ နယ်စပ်ဒေသတွင် ပိုမိုကြာရှည်ခဲ့ပြီး အမျိုးသားတပ်မတော်သည် ဒေသစီမံခန့်ခွဲရေးတွင် တိုက်ရိုက်ပါဝင်လာခြင်းဖြင့် ဒေသခံအရာရှိများအား နစ်နာမှုများဖြစ်စေခဲ့ပါသည်။ ထို့နောက် ရန်ကုန်မြို့ရှိ အုပ်ချုပ်ရေးပါတီ ခေါင်းဆောင်များနှင့် ပြည်နယ်များမှဖြစ်ပေါ်လာသော ဆန့်ကျင်မှုများအစား ခြားနားမှုများဖြစ်ပေါ်ခဲ့ကာ အစိုးရသည်ဒေသဆိုင်ရာကိစ္စရပ်များတွင် စွက်ဖက်သည့်ပြဿနာကြီးများရှိလာခဲ့ပါသည်။ အထူးသဖြင့် ကရင်နှင့်ကချင်ပြည်နယ်တို့တွင် ပြည်နယ်ဥက္ကဋ္ဌကို ပြည်နယ်ရှိအများက ထောက်ခံသည့်ပါတီမှ ကိုယ်စားလှယ်ကို ရွေးချယ်ရမည့်အစား ဝန်ကြီးချုပ်က ၎င်းအားထောက်ခံသည့်သူများကိုသာ ရွေးချယ်ခန့်ထားသဖြင့် ဤပြဿနာမှာ ပြည်နယ်နှင့်နိုင်ငံတော်အစိုးရအကြား တင်းမာမှုများကို ဖန်တီးစေခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် အမျိုးသားအုပ်ချုပ်ရေးပါတီ၌ အရေးအခင်းတခုဖြစ်ပေါ်လာခဲ့ရာ ၎င်းမှာပြည်နယ်များသို့ တိုက်ရိုက်ထိခိုက်နစ်နာစေခဲ့ပါသည်။ နောက်ထပ်နှစ်အနည်းငယ်အတောအတွင်းတွင် ပြည်နယ်များ၌သောင်းကျန်းမှုများ ပိုမိုများပြားလာကြပြီးဒေသခံပြည်သူများကလည်း မိမိတို့၏မကျေနပ်မှုများကို ပေါ်ပြကာအပြောင်းအလဲရှိရန် ကြိုးစားလာကြသည်။ ရှမ်းပြည်နယ်သည် မိမိ၏ပိုင်ခွင့်ကိုအသုံးချပြီး ခွဲထွက်ရန်ကြိုးစားမည်ဟု ရန်ကုန်မှစိုးရိမ်လာသဖြင့် တပ်မတော်မှရှမ်းအစိုးရကိုအာဏာသိမ်းပြီး အာဏာကိုအားလုံးကိုင်တွယ်၍ အစားထိုးအသစ်ခန့်ထားခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏အစအပိုင်းတွင် မြန်မာနိုင်ငံတွင်း စည်းလုံးညီညွတ်မှုမအောင်မြင်ခြင်း များစွာရှိခဲ့ကြောင်း မီးမောင်းထိုးပြနိုင်ပါသည်။ တပိုင်းတစအားဖြင့်ဆိုသော် အမျိုးသားခေါင်းဆောင်များသည် ပြည်နယ်ခေါင်းဆောင်များကို မယုံကြည်ခြင်းနှင့် ဗဟိုအစိုးရကနီးကပ်စွာ အထိန်းချုပ်နိုင်ပါက ပြည်နယ်တို့သည် ပြည်မနောက်တွင်ကျန်ကာ အမျိုးသားစည်းလုံးညီညွတ်ရေး ဆုံးရှုံးသွားမည်ကိုလည်း စိုးရိမ်ကြပါသည်။

ထို့ပြင်သီးခြားအုပ်ချုပ်မှုရှိသော ပြည်နယ်တို့တွင် စမ်းသပ်ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းများကို ပြည်မတွင်ကျင့်သုံးရာ၌ မအောင်မြင်သည်ကိုတွေ့ရပါသည်။ မြန်မာပြည်၏ ထူးခြားသည့်အခြေအနေတွင် ဆန်းသစ်သောနည်းစနစ်များသည် ပြည်သူများအားကောင်းစွာအကျိုးမပြုပါက ၎င်းမှာပြည်သူများကိုစုစည်းမည့်အစား ကွဲပြားစေနိုင်ပါသဖြင့် လွတ်လပ်ရေးမရမီအချိန်က အောင်ဆန်းပင်လျှင် ကမ္ဘာ့အရပ်ရပ်၏ ပုံစံများကိုမလိုက်နာရန် အဆိုပြုခဲ့ပါသည်။

(၃)

ဆယ့်နှစ်နှစ်ကာလ တပ်မတော်အာဏာရှင်စနစ် (၁၉၆၂–၁၉၇၄)ကျင့်သုံးစဉ်အခါ ရန်ကုန်၌သာ အာဏာစုစည်းပြီး ဒီမိုကရေစီဗဟိုဦးစီးစနစ်အစား အာဏာရှင်စနစ် အုပ်

ချုပ်မှုကိုကျင့်သုံးကာ တပ်မတော်သည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တရပ်ကို ရေးဆွဲ၍ အုပ်ချုပ်မှုအာဏာကို ၎င်းကဖွဲ့စည်းထားသော တခုတည်းသောနိုင်ငံရေးပါတီသို့သာပေးအပ်၍ ဆက်လက်အုပ်ချုပ်စေခဲ့ပါသည်။

တပ်မတော်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမွမ်းတင်ထားသောအစီအစဉ်တရပ်တွင် ပြည်သူများကိုလည်း ပါဝင်စေခဲ့ပါသည်။ သို့သော် မည်သည့်လွတ်လပ်သော အဆိုကိုမျှခွင့်မပြုခဲ့ပေ။ ၎င်းတို့က မူကြမ်းသုံးရပ်နှင့် ပြည်သူ့ဆန္ဒခံယူပွဲတရပ်ကို သေချာစွာပြုလုပ်ခဲ့သည်ဟု အသံကောင်းဟစ်သော်လည်း ပြည်သူလူထုကိုမူကားလက်ခံသည် (သို့မဟုတ်) ငြင်းပယ်သည်ဆိုသည့် အခွင့်အရေးလုံးဝမပေးခဲ့ပါ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေအောက်တွင် သီးခြားအုပ်ချုပ်မှုနယ်မြေ မရှိခဲ့ပါ။ နိုင်ငံတော်တခုတည်းသာဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများကို ပန်းပြခွဲခြားကာ စိတ်ကူးယဉ်ဆန်စွာဖြင့် ပိုင်းခြားအုပ်ချုပ်စေခဲ့ပါသည်။ နိုင်ငံတော်ကောင်စီနှင့် ယခင်ဒေသအစိုးရများအစား တပ်မတော်သည် ရန်ကုန်အစိုးရနှင့် အဆက်အသွယ်ရှိသော ကောင်စီအဆင့်ဆင့်ကို စုစည်းပေးခဲ့ပါသည်။ ဒေသခံကိုယ်ပိုင်အုပ်ချုပ်မှုစနစ်နှင့် ဗဟိုခေါင်းဆောင်မှုအောက်တွင် စစ်ဘက်ဆိုင်ရာ စာရေးဆရာများ၏ လက်သုံးစကားမှာ “မြန်မာနိုင်ငံသည် ဒေသအလိုက်ပြည်သူ့ကောင်စီသုံးဆင့်ဖြင့် နိုင်ငံတော်ကောင်စီအောက်တွင် တူညီသောအာဏာနှင့်အဆင့်ကို ဆိုရှယ်လစ်ဒီမိုကရက်တစ်စနစ်အရ ကျယ်ပြန့်သောကိုယ်ပိုင်အုပ်ချုပ်မှု အာဏာဖြင့်ကျင့်သုံးအုပ်ချုပ် သည်” ဟူ၍ဖြစ်ပေသည်။

သို့သော်အားလုံးသောအာဏာသည် ပြည်သူ့လွှတ်တော်တွင်သာရှိပြီး ဗဟိုဦးစီးစနစ်ဖြင့် တပါတီတည်းကသာ ထိန်းချုပ်သောကြောင့် နိုင်ငံသည်တခုတည်းသာဖြစ်၍ ဆိုရှယ်လစ်သမတ မြန်မာနိုင်ငံတော်ဆိုသော အမည်နာမနှင့် “သီးခြားအုပ်ချုပ်မှု” မှာ တိုက်ရိုက်မသက်ဆိုင်ပေ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အောက်တွင် ပြည်သူတို့သည် လုံးဝရပိုင်ခွင့်များမရှိပါ။ ရပိုင်ခွင့်အားလုံးကို နိုင်ငံ၏ရည်ရွယ်ချက်ပန်းတိုင်ဖြင့် ထိန်းချုပ်ထားသည်။ အခြေခံမူအရ လူတိုင်းလွတ်လပ်သောတွေးတောမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်ရှိသည်ဟု ဆိုသော်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကိုအကြောင်းပြ၍ ဥပဒေပြဋ္ဌာန်းခြင်းဖြင့် အခွင့်အရေးများကို ပြန်လည်ထိန်းချုပ်ပြန်ပေသည်။

ဒုတိယဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အာဏာရှင်ဥပဒေဖြစ်လာပြီးအောင်ဆန်းနှင့် နိုင်ငံဖခင်တို့ကပြည်သူများနှင့် အထူးသဖြင့်လူနည်းစုများသို့ ဂတိပြုချက်များကို ဖယ်ရှားမေ့ပျောက်ကာ တပ်မတော်နှင့်၎င်း၏ရုပ်သေး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံကိုအရှေ့ဥရောပသမတနိုင်ငံများ၏ ပုံစံနှင့်၎င်းတချို့တဝက်မှာ တရုတ်ပြည်သူ့ သမတနိုင်ငံကဲ့သို့၎င်း တည်ဆောက်ခဲ့ကြသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ မအောင်မြင်ဟုဆိုရမည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင်းကိုယ်ပိုင်အုပ်ချုပ်မှုနှင့် နိုင်ငံရေးအုပ်ချုပ်မှု အစစ်အမှန်ကိုမပေးခဲ့ခြင်း ဖြစ်ပါသည်။ ဆက်လက်တည်ရှိနေသော ပြည်တွင်းစစ်တော်လှန်ရေးတို့သည်ပင်လျှင် အတင်း

အခမဲ့လုပ်အားပေးစေခြင်း လူတသိန်းမကတပ်မတော်၏ ရက်စက်မှုကိုရှောင်တိမ်းနေရခြင်းအပြင် နိုင်ငံ၏အလယ် (အချက်အချာ)တွင် ပြည်သူများသပိတ်မှောက်မှုများပေါက်ကွဲခြင်းတို့မှာ ဒုတိယဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တပ်မတော်အာဏာရှင်အသစ်သည် နိုင်ငံစည်းရုံးရေးတွင် ယခင်အစိုးရများထက် ပိုမိုဆိုးရွားသည်ကိုသာမက အဖြစ် တွေ့မြင်ရပါလိမ့်မည်။

(၄)

အတိတ်မှမည်သည့် သင်ခန်းစာများကို ရယူနိုင်ပါလားဟုမေးလျှင် များစွာရှိသည်ဟု ကျွန်ုပ်တို့ယူဆပါသည်။

- ဗိုလ်ချုပ်အောင်ဆန်းနှင့်မြန်မာပြည်ကို တည်ထောင်သောဖခင်များက မြန်မာနိုင်ငံရှိပြည်သူများအား ညီတူညီမျှဆက်ဆံမည်ဟု ကတိကဝတ်ရှိခဲ့ပါသည်။ ၎င်းပြင် လူနည်းစုတို့သည်လည်း ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲရေးကိုရမည်ဖြစ်ပြီး မြန်မာလူမျိုးနှင့်အတူ ၎င်းလူနည်းစုများသည်လည်း အမျိုးသားစည်းလုံးညီညွတ်မှုကိုအခြေခံသော ငြိမ်းချမ်း၍ပြေပြစ်ညီညွတ်သော နိုင်ငံကိုဖွဲ့စည်းတည်ထောင်မည်။ ဤကတိကဝက်များကို နယ်စပ်ဒေသရှိ ဒေသခံပြည်သူတို့ကသတိရနေသေးသည်သာမက ဤကတိကိုအကောင်အထည်ဖေါ်မည့် ရန်ကုန်တွင်အသစ်တက်လာမည့်အစိုးရတဖွဲ့ကိုလည်း ဆက်လက်စောင့်မျှော် နေဦးမှာဖြစ်ပါသည်။ ထိုသို့အကောင်အထည်မဖေါ်မချင်း မြန်မာနိုင်ငံ၏ရှေ့သည် အတိတ်ကထက်ပိုမိုမကောင်းနိုင်ပါ။
- ဗမာများကလည်း ဒီမိုကရေစီစနစ်ဖြင့် လူသားရပိုင်ခွင့်များနှင့် ပြည်သူတို့၏ရပိုင်ခွင့်များကို အကာအကွယ်ပြုသောအစိုးရကို ၎င်းတို့အားပေးမည်ဟု ကတိပြုခြင်းရှိခဲ့ပါသေးသည်။ ၁၉၆၁ ခုနှစ်မတ်လ (၂)ရက်နေ့အထိ အကျိုးခံစားရပြီး တဖန်ဆုံးရှုံးခဲ့ရပြန်သဖြင့် ၎င်းကိုလည်းပြန်လည်အပ်နှင်းရန် စောင့်မျှော်ကြမည်ဖြစ်ပါသည်။
- မြန်မာပြည်သူများသည် ၁၉၉၀ ခုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မိုးပြိုတမျှထောက်ခံပြီး မြန်မာပြည်ကို တပ်မတော်အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာပြောင်းလဲသော ပါလီမန်အသစ်တခုကို ဖွဲ့စည်းပေးမည့်အစိုးရအား မျှော်လင့်တောင့်တခဲ့ကြပါသည်။ သူတို့မျှော်လင့်သည်မှာ အစိုးရသစ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်သူ၏စိတ်ကူးကိုမျှဝေသော အမျိုးသားအမျိုးသမီးများက လွတ်လပ်၊ သင့်မြတ်၊ ငြိမ်းချမ်းသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ရေးဆွဲရေးတွင် ကြီးကြပ်သည်ကိုမြင်ချင်ကြသည်။ မြန်မာနိုင်ငံကိုတည်ထောင်သည့် အခွင့်အရေးကိုအခမဲ့ရယူသော ကြံ့ဖွံ့၊ နဝတ၊အဖွဲ့၏ တဖန်ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ဖြစ်သည့်တပ်မတော်ကို အာဏာဆက်ပေးပြီး ပြည်သူအားအုပ်ချုပ်မှုအာဏာပေးရန်ငြင်းဆိုခြင်းသည် ယခုလက်မခံနိုင်ခြင်းမှာ ၁၉၇၄ ခုနှစ်က လက်မခံနိုင်

ခြင်းထက်မပိုပါ။ အကယ်၍စစ်တပ်သည် ဆက်လက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရန်ဆောင်ရွက်ပါက သူတို့သည်လူမျိုးများ၏ ရောဂါကိုမကုစားနိုင်သည်သာမက ပြည်တွင်းစစ်ကိုလည်း အဆုံးသတ်နိုင်မည်မဟုတ်ပါ။

- အနာဂါတ်မြန်မာသည် အာဏာကိုမည်သို့ ခွဲဝေကျင့်သုံးမည်ဟူသော သဘောတူညီချက်ကို အခြေခံရမှာဖြစ်ပါသည်။ မည်သည့်အရာသည် အမျိုးသားအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အာဏာအတိအကျ ဖြစ်ပါသလဲဟုဆိုသော် ၎င်းမှာနိုင်ငံရေး တပ်မတော် စီးပွါးရေး၊ လူမှုရေးနှင့်၊ ယဉ်ကျေးမှုတည်းဟူသောဘဝရေးရာ အားလုံးနှင့်သက်ဆိုင်ပါသည်။ လူမျိုးတမျိုးလုံး (သို့)အများစုမှ လက်ခံနိုင်ရေးအတွက် နက်နဲစွာတွေးတောရန်ဆွေးနွေးရန်နှင့် ပြောဆိုတိုင်ပင်ရန်သင့်သည့် ကိစ္စရပ်များဖြစ်ပေသည်။

- လက်တွေ့နိုင်ငံတည်ဆောက်ရေးနှင့်အတူ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ရေးဆွဲရေးဆိုင်ရာပုဂ္ဂိုလ်များသည် ပြည်နယ်များအခွန်ကောက်ပိုင်ခွင့်နှင့် သုံးပိုင်ခွင့်ကိုဆုံးဖြတ်ရန်ပြင်ဆင်ရသည်။ ဤသို့ဖြင့် အစိုးရများက ပြည်သူလိုလားသော အစီအစဉ်များကို ဆောင်ရွက်နိုင်မှာဖြစ်ပါသည်။ ဤအခွင့်အရေးများကို မပေးအပ်လျှင် ပေါက်မြောက်အောင်မြင်၍ ငွေရေးကြေးရေးအဆင်ပြေသော ပြည်နယ်များမဖြစ်နိုင်ပါ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကဲ့သို့ပင် ရန်ကုန်သို့မျှော်ကြည့်ပြီး ငွေသုံးစွဲရန်တောင်းခံခြင်း ရသုံးငွေအတည်ပြုခြင်းနှင့်အတူ သာမန်အားဖြင့် ပြည်နယ်နှင့်ဆိုင်သောအရာများ၌ အမျိုးသားအစိုးရ၏ ဝင်စွက်မှုကိုခံရတတ်လေသည်။ ပြည်နယ်များသည် အဆက်အသွယ်ရှိကြရမည်ဖြစ်ပြီး အချင်းချင်းလည်း ပြောဆိုခွင့်ရှိကြရန် လိုအပ်ပေသည်။

- မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် ရပ်စဲရပါမည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ စစ်ကိုအမျိုးသားပေါ်လစီအရ မတရားဟုသတ်မှတ်သည် (ပုဒ်မ ၂၁၁) သို့သော်၎င်းမှာ နိုင်ငံတကာနှင့်သာသက်ဆိုင်သည်။ အနာဂါတ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် တပ်မတော်သည်အစိုးရအားဝင်စွက်ခြင်းနှင့် ၎င်း၏အာဏာကိုလည်း မတရားရယူခြင်းမရှိစေရန် ပြဋ္ဌာန်းထားသင့်ပေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ရှင်းလင်းမှုရှိရပါမည်။ ၎င်းမှာ အရပ်သားသည်အထွတ်အထိတ် အာဏာကိုရယူရမည်။ တပ်မတော်သည် အရွေးချယ်ခံရသောအစိုးရ၏ညွှန်ကြားမှုကို ခံယူရမည်။ ပြည်သူ့ရဲနှင့်တပ်မတော်ကိုလည်း ခွဲခြားမှုရှိစေပြီး ပြည်သူ့ရဲသည် ပြည်တွင်းဥပဒေစိုးမိုးရေးအတွက် တာဝန်ယူရန်နှင့်တပ်မတော်မှကား နိုင်ငံတော်ကို နယ်ခြားကျူးကျော်စော်ကားမှုများမှ ကာကွယ်ရန် တာဝန်ယူစေရမည်။

- လွတ်လပ်စွာပြောဆိုခွင့် လွတ်လပ်စွာစုရုံးပိုင်ခွင့်နှင့် လျှို့ဝှက်မဲစနစ်ဖြင့် နိုင်ငံခေါင်းဆောင်များကို ရွေးချယ်ပိုင်ခွင့်ရှိရပေမည်။ ဥပဒေစိုးမိုးရေးလည်းရှိရမည်ဖြစ်ပြီး ဩဇာလွှမ်းမိုးခြင်းမခံရသော တရားရုံးမှအမှုများကိုစီရင်ကာ နိုင်ငံရေးနှင့် တပ်မတော်ဆိုင်ရာ ပုဂ္ဂိုလ်များဝင်ရောက်စွက်ဖက်မှုမှ လုံးဝကင်းရပါမည်။

ရာစုတဝက်ခန့်မှာ မြန်မာနိုင်ငံသည် မိမိဖါသာစစ်ဖြစ်ခဲ့ရပါသည်။ ပြည်သူမှ မိမိ လေးစားယုံကြည်သော အစိုးရတဖွဲ့ကို မရွေးချယ်နိုင်သည့်ကာလပတ်လုံး ဘယ်သော အခါမျှ ငြိမ်းချမ်းရေးကို တွေ့ရှိနိုင်မည်မဟုတ်ပါ။ ဤအကြောင်းကြောင့် ပြည်သူတို့လိုက် နာစောင့်ရှောက်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်ရေးဆွဲရန်မှာ အမျိုးသား ရေးအတွက် အရေးကြီးဆုံးလုပ်ငန်းတရပ် ပင်ဖြစ်ပါသည်။ ဤကဲ့သို့သော ဥပဒေတ ရပ်နေရာတကျရှိပြီး ပြည်သူနှင့်ခေါင်းဆောင်များ လေးစားစွာလိုက်နာစောင့်ထိန်းနိုင်မှ သာလျှင် မိမိလူမျိုး၏ စီးပွါးရေးနှင့် လူမှုရေးတိုးတက်မှုအတွက် ပြန်လည်လှည့်ကြည့် နိုင်ပြီး ကမ္ဘာ့လူမျိုးများ၏ မိသားစုအလယ်တွင် နေရာယူနိုင်မည်ဖြစ်ပါသည်။ ။

မှတ်ချက်။ ။

ဤဆောင်းပါးကို Professor Josef Silverstein က မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ၁၉၉၉ခုနှစ်၊ မေလထုတ် Legal Issues on Burma Journal စာစောင်တွင် ရေးသားခဲ့ပါသည်။ မြန်မာစာဖတ်ပရိတ်သတ်များအ တွက် ဘာသာပြန်၍ ဤစာစောင်တွင် ပြန်လည် ဖေါ်ပြခြင်းဖြစ်ပါသည်။

တချို့ဝေါဟာရ၊ အကြောင်းအရာများတွင် ဘာသာပြန်ဆိုမှုအရ မူရင်းနှင့် လွဲချော်မှုရှိပါ က ဘာသာပြန်ဆိုသူ၏ ချို့ယွင်းချက်သာ ဖြစ်ပါကြောင်း အစီရင်ခံပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး

၁၉၉၉ ခုနှစ်ဇွန်လ (၁၇)ရက်နေ့တွင် ယိုးဒယားနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးမှ လက်ရှိယိုးဒယားနိုင်ငံညွန့်ပေါင်းအစိုးရ ဒုတိယဝန်ကြီးတဦးအား ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် အရည်အချင်းမှီကြောင်း စီရင်ချက်ချလိုက်ပါသည်။ တရားသူကြီး (၁၅)ဦးအနက် (၇)ဦးမှ ယင်းသို့ဆုံးဖြတ်ပြီး (၆)ဦးမှ ကန့်ကွက်ခဲ့ပါသည်။ တရားသူကြီး(၂)ဦးပျက်ကွက်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရားရုံးစီရင်ချက်အပေါ် အပြစ်တင်ဝေဖန်ခြင်းများ အပြင်းအထန်ကန့်ကွက်မှုများဖြစ်ခဲ့ပါသည်။ ယိုးဒယားနိုင်ငံထုတ် နေ့စဉ်သတင်းစာ ကြီးများမှ မျက်နှာဖုံးစာမျက်နှာတွင် ခေါင်းစဉ်ကြီးများဖြင့်နေ့စဉ်ရက်ဆက် သတင်းရေးသားဖေါ်ပြကြပါသည်။

တရားသူကြီးအချို့အားထုတ်ပြစ်ရန် လှုပ်ရှားမှုတရပ်စတင်လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲချမှတ်ကြပါသည်။ လက်ရှိကျင့်သုံးနေသည့် ယိုးဒယားနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအားပြုစုရေးသားရာတွင် အဖွဲ့ဝင်တဦးအဖြစ်ပါဝင်ခဲ့သူ အာမွန်ရတ်စစတ် Amorn Raksa Sat မှ မဲပေးပိုင်ခွင့်ရှိသူ (၅၀၀၀၀)၏လက်မှတ်များအား စုဆောင်းမည်ဟု ထုတ်ဖေါ်ပြောဆိုခဲ့ပါသည်။ မစ္စတာအာမွန်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အုပ်ချုပ်ပုံအခြေခံဥပဒေအသင်း၏ လက်ရှိဥက္ကဋ္ဌဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးစီရင်ချက်အပေါ် ပြစ်တင်ဝေဖန်ကြသော ယိုးဒယားနိုင်ငံ၏ နာမည်ကြီးခေါင်းဆောင်များတွင် ဆီးနိတ်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ မီးချိုင်းရှူခြူပန် (Meechai Ruch Pam) နှင့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ရေးဆွဲရာတွင်ပါဝင်သူများဖြစ်သော ဘိုဗေါင်စပ်အူဝန်နို (Bovonsak Uwanno)၊ ချွန်ဖေါစာလိ ပါအာချာ (Chum Pholsilpacha)နှင့်ထွန်ထွန်ဒရန်စု (Thong Thong Chandransu) များပါဝင်ကြပါသည်။

ဝန်ကြီးချုပ် ချူလစ်ပိုင် (Chuan Leek Pai) မှတရားရုံးဆုံးဖြတ်ချက်အား တိုက်ခိုတ်မှုကို ချင့်ချင့်ချိန်ချိန်လုပ်ပါရန် ဝေဖန်သူများအား တိုက်တွန်းခဲ့ပါသည်။ ဝန်ကြီးချုပ်မှ တရားရုံးဆုံးဖြတ်ချက်အပေါ် တစုံတရာမှတ်ချက်ပေးရန် ငြင်းခဲ့ပါသည်။ သို့သော် တရားရုံး၏ လွတ်လပ်မှုနှင့် ယင်း၏ဆုံးဖြတ်ချက်အား လေးစားရန်ကိုဝေဖန်သူများအား သတိ

ပေးခဲ့ပါသည်။

ဇွန်လ (၂၀)ရက်နေ့တွင် ဒီမိုကရေစီကွန်ချာအဖွဲ့နှင့် ပြည်သူအဖွဲ့အစည်းများ၏ အဖွဲ့အဝင်များမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ တရားစီရင်ချက်အပေါ် ဆွေးနွေးကြပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံးစီရင်ချက်သည်ပုဒ်မ ၂၁၆ (ယိုးဒယားနိုင်ငံ၏ ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ) အားချိုးဖေါက်သည်ဟု ထင်မြင်ယူဆကြပါသည်။ ၎င်းတို့မှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရားရုံး၏အဖွဲ့ဝင် တရားသူကြီးတဦးဖြစ်သူကို မနဖတ်တရာဖစ်ရောင် ရာထူးမှထွက်ပေးရန် တောင်းဆိုကြပါသည်။

ဇွန်လ (၂၄)ရက်နေ့တွင် ယိုးဒယားနိုင်ငံ၏ ၁၉၉၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီဥက္ကဋ္ဌလည်းဖြစ်၊ ယိုးဒယားနိုင်ငံ၏ ကြားဖြတ်အစိုးရတွင်ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင်တိုင်လုပ်ဆောင်ခဲ့သူ အနန်ပန်ရာရာချွန် (Anan Panyarachun) အပါအဝင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ပြုစုရေးသားခဲ့သူအဖွဲ့ဝင် (၅၀)ဦးအဖွဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး တရားသူကြီးများ၏ စီရင်ချက်အား စိန်ခေါ်လိုက်ပါသည်။ စီရင်ချက်သည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံကျမှုမရှိဟု စွပ်စွဲရှုတ်ချပြီး တရားရုံးသို့တင်သွင်းရန်အသနားခံစာ လက်မှတ်ရေးထိုးကြပါ သည်။

အမှု၏နောက်ခံသမိုင်း

ယိုးဒယားနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ သိက္ခာသမာဓိနှင့် တကွ လုပ်ပိုင်ခွင့်အာဏာတို့အပေါ် ယိုးဒယားပြည်သူလူထုနှင့်တကွ အပြည်ပြည်ဆိုင်ရာမှ မျက်လုံးဒေါက်ထောက်ကြည့်စေသော ပြစ်ပျက်မှုမှာ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နေဝင်းချစ်ချော့ (Newin Chid Chob) တွင် ဗဟိုပြုလျှက်ရှိပါသည်။ မစ္စတာနေဝင်းသည် ညွှန့်ပေါင်းအစိုးရတွင် ပါဝင်သောသွေးစည်းညီညွတ်ရေးပါတီ (Solidarity Party) ၏ လွှတ်တော်အမတ်တဦးဖြစ်သည်။

မစ္စတာနေဝင်းအား ဘူရီရာမ်တရားရုံးမှ သိက္ခာပျက်ပြားစေမှု တရားဥပဒေဆိုင်ရာအမှုတခုတွင် ထင်ရှားကြောင်းဖြင့်ထောင်ဒဏ် (၆)လ၊ တနှစ်ဆိုင်းထားခြင်း အပြစ်ဒဏ်ချမှတ်ထားပါသည်။ မစ္စတာနေဝင်းမှ အယူခံရုံးသို့ အယူခံဝင်ထားပါသည်။ ယိုးဒယားနိုင်ငံ၏ ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၆ (၄)တွင်အောက်ပါအတိုင်းဖေါ်ပြ ပြဋ္ဌာန်းထားပါသည်။

"ဝန်ကြီးတဦးဦးသည် တရားသူကြီး၏စီရင်ချက်ဖြင့် ထောင်ချခံရသော်ယင်းဝန်ကြီးသည် ဝန်ကြီးရာထူးမှရပ်စဲသည်။" ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးမှ "ထောင်ချခံရခြင်း" Impnisonment" အားပြစ်မှုဆိုင်ရာဥပဒေ (Crimnal Code) နှင့် ပြစ်မှုဆိုင် လုပ်ထုံးလုပ်နည်းစည်းမျဉ်းဥပဒေ (Criminal Procedural Code) များတွင်ပြဋ္ဌာန်းချက်အရ "ဆိုင်းထားသောထောင်ဒဏ်"သည် ထောင်ဒဏ်မမြောက်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။

ဖွဲ့အုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ တရားသူကြီးအဖွဲ့ဝင်တဦးဖြစ်သူ ချိုင်းအနန်စမူဒါဖန်နစ်ဂျာမှ မူဖွဲ့စည်းပုံအခြေခံဥပဒေသည် အတ္တမိဥပဒေဖြစ်ခြင်းကြောင့် ယင်း၏ အပေါ်၌သာ အခြေခံသင့်သည်ဟု ပြောဆိုပါသည်။

၁၉၉၇ ခုနှစ်မေလ (၈)ရက်နေ့တွင်ပြုလုပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်း ရေးဆွဲရေးလွှတ်တော် Constitution Drafting Assembly ၏ အစီးအဝေးမှတ်တမ်းတရပ်အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးသားသူတဦးဖြစ်သော ဖေါင်ထက်ထက်ခန်ချနာ (Pongthep Thep Kanchana) မှပုဒ်မ ၂၁၆ (၄)အားရှင်းလင်းထားပါသည်။ ၎င်းမှ ဝန် ကြီးတဦးသည် တရားသူကြီး၏စီရင်ချက်ဖြင့် ထောင်ဒဏ်ချမှတ်ပါက ၎င်းချမှတ်ချက်သည် နောက်ဆုံးချမှတ်ချက်ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ သို့မဟုတ် ဆိုင်းထားသောစီရင်ချက်ပင်ဖြစ်စေ ၎င်းဝန်ကြီးသည် ရာထူးပြုတ်သည်ဟု ရှင်းလင်းပြော ဆိုထားပါသည်။

နိုင်ငံတချို့၏ အခြေခံဥပဒေ တရားရုံးဆိုင်ရာပြဌာန်းချက်များ

ယိုးဒယားနိုင်ငံ

ယိုးဒယားနိုင်ငံ၏ ၁၉၉၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးဆိုင်ရာ ပြဌာန်းချက်ပုဒ်မ (၁၆) ခုပါရှိပါသည်။

ပုဒ်မ (၂၅၅)တွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးအား သဘာပတိတဦးနှင့် တရားသူကြီး(၁၄)ဦးတို့ပါဝင်ပြီး ၎င်းတို့အား ဘုရင်မင်းမြတ်မှဆီးနိတ်လွှတ်တော်၏ အကြံပေးမှုဖြင့် ခန့်အပ်ပါသည်။ ၎င်းတို့တွင် တရားရေးတရားရုံးချုပ် အထွေထွေအစည်းအဝေးတွင် ပြုလုပ်သောလျှို့ဝှက်မဲစနစ်ဖြင့် ရွေးကောက်သောတရားသူကြီး (၅) ဦး အုပ်ချုပ်ရေးတရားရုံးချုပ် အထွေထွေအစီးအဝေးတွင်ပြုလုပ်သော လျှို့ဝှက်မဲစနစ်ဖြင့် ရွေးကောက်သောတရားသူကြီး (၂)ဦး တရားသူကြီးများရွေးချယ်ရေးကော်မတီ (ပုဒ်မ ၂၅၇ တွင် အသေးအစိတ်ပြဌာန်းထားသော)မှ အဆိုပြုအမည်တင်သွင်းသော ဥပဒေပညာရှင်များ ဆယ်ဦးအတွင်းမှ ဆီးနိတ်လွှတ်တော်မှ လျှို့ဝှက်မဲဖြင့်ရွေးချယ်သော တရားသူကြီးငါးဦး၊ တရားသူကြီးများရွေးချယ်ရေးကော်မတီမှ အဆိုပြုအမည်တင်သွင်းသော နိုင်ငံရေးသိပ္ပံပညာရှင်ခြောက်ဦးအတွင်းမှ ဆီးနိတ်လွှတ်တော်မှ လျှို့ဝှက်မဲဖြင့်ရွေးချယ်သော တရားသူကြီးသုံးဦးပါဝင်ပါသည်။

ပုဒ်မ (၂၅၆)တွင် ပုဒ်မ ၂၅၅ (၄)နှင့် (၅)အတွက် တရားသူကြီးရာထူးများတွင် ခန့်အပ်ရမည့်ပုဂ္ဂိုလ်များ၏ ရှိရမည့်အရည်အချင်းသတ်မှတ်ချက်များအား ပြဌာန်းသတ်မှတ်ထားပါသည်။ ပုဒ်မ (၂၅၇)တွင် ပုဒ်မ ၂၅၅ (၄)နှင့် (၅)အတွက် တရားသူကြီးရာထူးများတွင် ခန့်အပ်ရေးလုပ်ထုံးလုပ်နည်းများအား ဖေါ်ပြပြဌာန်းထားပါသည်။ ယင်းပုဒ်မအရတရားရေးတရားရုံးချုပ်ဥက္ကဌ၊ ဥပဒေတက္ကသိုလ်များ၏ ပါမောက္ခချုပ်များကိုယ်စားလှယ် (၄)ဦး၊ နိုင်ငံရေးသိပ္ပံတက္ကသိုလ်များ၏ ပါမောက္ခချုပ်များကိုယ်စားလှယ် (၄)ဦး၊ ကိုယ်စားလှယ်များလွှတ်တော်တွင် ကိုယ်စားလှယ်အနဲဆုံးတဦး ရရှိသောနိုင်ငံရေးပါတီ

အားလုံး၏ ကိုယ်စားလှယ် (၄)ဦးဖြင့် “တရားသူကြီးများ ရွေးချယ်ရေးကော်မတီ” အား ဖွဲ့စည်းရမည်ဖြစ်သည်။

ယင်းကော်မတီမှပုဒ်မ ၂၅၅ (၃)ခွဲတန်းရာထူးနေရာများအတွက် အရည်အချင်းပြည့်မီသူ ဥပဒေပညာရှင်(၁၀)ဦး အမည်စာရင်းများအားရင်း၊ ပုဒ်မ ၂၅၅ (၄)ခွဲတန်းရာထူးနေရာများအတွက် အရည်အချင်းပြည့်မီသူ နိုင်ငံရေးသိပ္ပံပညာရှင် (၆)ဦးအမည်စာရင်းအားရင်း၊ အဆိုပြုခြင်းခံရသူများ၏ သဘောတူညီလက်ခံခြင်းဖြင့် ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းရမည်ဖြစ်သည်။ ယင်းအဆိုပြုအမည်တင်သွင်းခြင်းကို ကော်မတီအဖွဲ့ဝင်များ၏ အနဲဆုံးလေးပုံသုံးပုံ သဘောတူမဲဖြင့် ပြုလုပ်ရမည်ဖြစ်သည်။

ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌမှ ဆီးနိတ်လွှတ်တော် အစီးအဝေးခေါ်ယူပြီး ပုဒ်မ ၂၅၅ (၃)ခွဲတန်းရာထူးနေရာများအတွက် တရားသူကြီး (၅)ဦးအား ကော်မတီမှအဆိုပြုတင်သွင်းသော ဥပဒေပညာရှင် (၁၀)ဦးအမည်စာရင်းအတွင်းမှရင်း၊ ပုဒ်မ ၂၅၅ (၄)ခွဲတန်းရာထူးနေရာများအတွက် တရားသူကြီး (၃)ဦးအား ကော်မတီမှအဆိုပြုတင်သွင်းသော နိုင်ငံရေးသိပ္ပံပညာရှင် (၆)ဦး အမည်စာရင်းအတွင်းမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲခွဲရွေးချယ်ရမည်ဖြစ်သည်။ ယင်းသို့မဲခွဲဆုံးဖြတ်ရာတွင် မဲအများဆုံးရသူ (ပုဒ်မ ၂၅၅ (၃)ရာထူးအတွက် (၅)ဦး၊ ပုဒ်မ ၂၅၅ (၄)ရာထူးအတွက် (၃)ဦး) ဖြစ်ပြီး လက်ရှိဆီးနိတ်လွှတ်တော်အမတ်ဦးရေ၏ ထက်ဝက်ကျော်မဲရရှိသူများအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ တရားသူကြီးများအဖြစ် အရွေးခံရပါသည်။ သတ်မှတ်ထားသော (၅)ဦးနှင့် (၃)ဦး အရေအတွက်အပြည့် ရွေးချယ်ခြင်းမပြုနိုင်သော် မထမအကြိမ်ရွေးကောက်ပွဲတွင် အရွေးချယ်မခံရသောအမည်စာရင်းမှ နောက်တကြိမ်မဲပေးခြင်းကို ဆီးနိတ်အမတ်များလုပ်ဆောင်ရမည်ဖြစ်သည်။ မဲအရေအတွက်အများဆုံးရရှိသော အစီအစဉ်အလိုက်လစ်ဟင်းနေသော ရာထူးနေရာများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၏ တရားသူကြီးများအဖြစ် ရွေးကောက်ခြင်းခံရမည်ဖြစ်သည်။

ပုဒ်မ (၂၅၈)တွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးများ အရည်အချင်းများသတ်မှတ်ပြဋ္ဌာန်းရာတွင် အစိုးရဝန်ထမ်းမဟုတ်ခြင်း သို့မဟုတ် လစာရယူနေသူမဟုတ်ခြင်း နိုင်ငံတော်လက်အောက်ခံ အဖွဲ့အစည်းတခုခု၏ အာဏာပိုင်သို့မဟုတ် ဝန်ထမ်းမဟုတ်ခြင်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီသို့မဟုတ် စီးပွါးရေးအကျိုးကျေးဇူးအား မျှော်ကိုးလုပ်ဆောင်သောအဖွဲ့တခုတွင် ရာထူးတခုခုအားယူထားခြင်း သို့မဟုတ် တစုံတဦး၏ အလုပ်သမားမဖြစ်ခြင်း၊ ပုဂ္ဂလိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းတွင် လုပ်ဆောင်ခြင်းမရှိခြင်းများအား ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ (၂၅၉)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ ဥက္ကဋ္ဌနှင့်တရားသူကြီးများ သက်တန်းအား (၉)နှစ်ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ (၂၆၀)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဥက္ကဋ္ဌနှင့်တရားသူကြီးများ ရာထူးမှထွက်ပေးခြင်းတွင် ရာထူးသက်တန်းပြည့်သွားခြင်း၊ သေဆုံးခြင်း၊ အသက် (၇၀)နှစ်ပြည့်ခြင်း ဆန္ဒအလျောက်နုတ်ထွက်ခြင်း၊ ပုဒ်မ (၂၅၆)အရ အရည်အချင်းမမီခြင်း၊ သို့မဟုတ် တားမြစ်ထားခြင်းခံရခြင်း၊ ပုဒ်မ ၂၅၈ အားကိုယ်ထိလက်ရောက်ကျူးလွန်ဖေါက်ဖျက်ခြင်း တရပ်လုပ်ဆောင်ခြင်း ရာထူးမှထုတ်ပယ်ရန် ဆီးနိတ်လွှတ်တော်မှ ပုဒ်မ (၃၀၇)အရ ဆုံးဖြတ်ချက်တရပ်ဆုံးဖြတ်ခြင်း၊ တရားစီရင်ရေးတခုမှ ထောင်ဒဏ်အ

ပြစ်ချမှတ်ခြင်း ပြဋ္ဌာန်းပါရှိပါသည်။

ပုဒ်မ(၂၆၁)တွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ဥက္ကဋ္ဌနှင့် တရားသူကြီးများ သက်တန်းကုန်ဆုံး၍ငင်း၊ အခြားကိစ္စကြောင့်ငင်း၊ လစ်လပ်မှုဖြစ်သွားသောရာထူးများတွင် ဖြည့်စွက်ခြင်း လုပ်ထုံးလုပ်နည်းများအား ပြဋ္ဌာန်းထားပါသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ပြဋ္ဌာန်းသတ်မှတ်သော ဥပဒေတရပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကျမှုမရှိဟု သတ်မှတ်ထားသော လွှတ်တော်အမတ်အရေအတွက်မှဖြစ်စေ၊ ဝန်ကြီးချုပ်မှဖြစ်စေ၊ တိုင်တန်းလာမှုအပေါ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးမှ ကြားနာစစ်ဆေးပေးရမည်ဟု ပုဒ်မ (၂၆၂)နှင့်(၂၆၃) တို့တွင် ပြဋ္ဌာန်းပါရှိပါသည်။

ပုဒ်မ (၂၆၇)တွင် တရားကြားနာခြင်းနှင့် စီရင်ချက်ချခြင်း ထမြောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တွင် အနဲဆုံးတရားသူကြီး (၉)ဦးပါရှိရမည်ဟု ဖေါ်ပြထားပြီး စီရင်ချက်အားအများစုမဲဖြင့်ဆုံးဖြတ်ရမည်ဟု ဖေါ်ပြထားပါသည်။

ပုဒ်မ (၂၆၈)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်။ "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ စီရင်ချက်သည် အပြီးအပိုင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်၊ ဝန်ကြီးများကောင်စီ၊ တရားရုံးများနှင့် အခြားနိုင်ငံတော် အဖွဲ့အစည်းများအပေါ် ချည်နှောင်မှုရှိသည်။"

ပုဒ်မ (၃၀၄)တွင် သို့မဟုတ် ငါးသောင်းထက်မနဲဆန္ဒရှင်များသည် ပုဒ်မ(၃၀၇) အောက်တွင် (ဆီးနိတ်လွှတ်တော်၏ စုစုပေါင်းအမတ်၏ အနဲဆုံးငါးပုံသုံးပုံဆန္ဒမဲဖြင့် အာဏာ ပိုင်တဦးဦးအား ရာထူးမှပယ်ရှားခြင်း) ပုဒ်မ (၃၀၃)အောက်ပုဂ္ဂိုလ်များ (ဝန်ကြီးချုပ်ဒုဝန်ကြီး၊ လွှတ်တော်အမတ်၊ ဆီးနိတ်အမတ်၊ တရားရေးတရားရုံးချုပ်ဥက္ကဋ္ဌ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဥက္ကဋ္ဌ)အား ဆီးနိတ်လွှတ်တော်မှ ရာထူးမှပယ်ရှားရန်ကို ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌထံ တိုင်တန်းနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

တောင်အာဖရိကနိုင်ငံ

တောင်အာဖရိကနိုင်ငံ တရားစီရင်ရေးစနစ်တွင်

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၊

(ခ) အယူခံဝင်တရား လွှတ်တော်ချုပ်၊

(ဂ) အထက်တန်းတရားရုံးများ၊

(ဃ) တရားသူကြီးများ တရားရုံးနှင့်၊

(င) ပါလီမန်အက်ဥပဒေတရပ်မှ ဖွဲ့စည်းပေးသော သို့မဟုတ် အသိအမှတ်ပြုသောတရားရုံးများပါဝင်ပါသည်။

ပုဒ်မ (၁၆၇)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဆိုင်ရာအား အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်။

ပုဒ်မ (၁၆၇)

(၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးအား ဥက္ကဋ္ဌတဦးဒုတိယဥက္ကဋ္ဌ တဦးနှင့် တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

(၂) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှေ့မှောက် အရေးကိစ္စတခုအား တရားသူ ကြီးအနည်းဆုံး (၈)ဦးဖြင့် ကြားနာစစ်ဆေးရမည်။

(၃) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသည် –

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အရေးကိစ္စအားလုံးတွင် အမြင့်ဆုံးတရားရုံးဖြစ်သည်။

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အရေးကိစ္စများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးကိစ္စများနှင့် ဆက်နွယ်မှုရှိသော အကြောင်းကိစ္စများကိုသာ ဆုံးဖြတ်နိုင်သည်။

(ဂ) အရေးကိစ္စတရပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရေးကိစ္စဟုတ်မဟုတ်နှင့် အကြောင်းကိစ္စတရပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးကိစ္စနှင့် ဆက်နွယ်မှုရှိမရှိအပေါ် အပြီးသတ်ဆုံးဖြတ်ပေးသည်။

(၄) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရားရုံးသာလျှင် –

(က) အမျိုးသားစက်ဝန်းသို့မဟုတ် စီရင်စုစက်ဝန်းအဆင့်နိုင်ငံ၏ ယန္တယားများစပ်ကြားဖြစ်ပေါ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ယင်းယန္တယားများ၏ အာဏာများသို့မဟုတ် လုပ်ငန်းများအငြင်းပွါးမှုကို အဆုံးဖြတ်ပေးနိုင်သည်။

(ခ) အပါလီမန်ဥပဒေကြမ်းတရပ် သို့မဟုတ် စီရင်စုဥပဒေကြမ်းတရပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကျမှုကို ဆုံးဖြတ်နိုင်သည်။ သို့သော် ထိုသို့ပြုရန်အတွက် ပုဒ်မ (၇၉) သို့မဟုတ် (၁၂၁)တွင်ဖျော်ကိုးထားသော အခြေအနေများတွင်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မ (၈၀)သို့မဟုတ် (၁၂၂)တွင်အာရုံပြုထားသည့် လျှောက်လွှာများအား အဆုံးဖြတ်ပေးနိုင်သည်။

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်မှုတရပ်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကျမှုအား အဆုံးဖြတ်ပေးနိုင်သည်။

(င) ပါလီမန်သို့မဟုတ် သမ္မတမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလိုက်နာလုပ်ဆောင်ရန် တာဝန်တရပ်အပေါ် ပျက်ကွက်မှုအား အဆုံးဖြတ်ပေးနိုင်သည်။ သို့မဟုတ်

(စ) ပုဒ်မ (၁၄၄)အရ စီရင်စုတခု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား အတည်ပြုပေးသည်။

(၅) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသည် ပါလီမန်အက်ဥပဒေတရပ် စီရင်စု အက်ဥပဒေတရပ် သို့မဟုတ် သမ္မတဆောင်ရွက်မှုတရပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကျခြင်းရှိမရှိအား နောက်ဆုံး၌ ဆုံးဖြတ်ချက်ပေးသည်။ အယူခံ တရားရုံးချုပ်အထက်တရားရုံး သို့မဟုတ် အဆင့်တူတရားရုံး၏ အမိန့်တရပ်တွင် တရားဝင်မှုအား ယင်းအမိန့်ကျင့်သုံးမှု တစုံတရာမရှိခင်တွင် အတည်ပြုပေးရမည်။

(၆) အမျိုးသားဥပဒေ သို့မဟုတ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ စည်းမျဉ်းဥပဒေများသည် တရားမျှတမှုအရေးကိစ္စဖြစ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ ခွင့်ပေးမှုဖြင့်လူပုဂ္ဂိုလ်တဦးအား–

(က) အရေးကိစ္စတရပ်အား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသို့ တိုက်ရိုက်ယူ ဆောင်လာခြင်းအား ခွင့်ပြုရမည်။ သို့မဟုတ်

(ခ) အခြားမည်သည့်တရားရုံးမှမဆို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသို့ တိုက်ရိုက်အယူခံခြင်းအား ခွင့်ပြုရမည်။

(၇) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရေးကိစ္စတရပ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားအဓိပ္ပါယ်ဖွင့်ဆိုမှု ကာကွယ်မှုသို့မဟုတ် ကျင့်သုံးစေမှုအကြောင်းကိစ္စ များပါဝင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာအရေးကိစ္စများအား အခြားတရားရုံးများမှလည်း စီရင်ပိုင်ခွင့် အာဏာပြဋ္ဌာန်းပေးထားပါသည်။

ပုဒ်မ ၁၇၂

(၁) မိမိ၏အာဏာဘောင်အတွင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရေးကိစ္စတ ရပ်အား စီရင်ဆုံးဖြတ်ရာတွင် တရားရုံးတခုသည်–

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် မညီညွတ်သော မည်သည့်ဥပဒေ သို့မဟုတ် စီမံဆောင်ရွက်မှုမဆို ညီညွတ်မှုမဖြစ်သော အတိုင်းအတာအထိ တရားမဝင်ကြောင်းကို ကြေငြာရမည်။

(ခ) (၁)တရားမဝင်ကြောင်းကြေငြာမှု၏ အတိတ်နှင့်အနာဂါတ် အကျိုးဆက်အား ကန့်သတ်သောအမိန့်နှင့်၊

(၂) တာဝန်ရှိသူအာဏာပိုင်များမှ ချွတ်ယွင်းချက်အားအမှားပြင်ဆင်ခြင်းမှ ခွင့်ပြုရန်အတွက် တရားမဝင်ကြောင်း ကြေငြာမှုအား အချိန်ကာလ မည်သည့်ကာလ မဆိုနှင့် မည်သည့်ချွင်းချက်အား မဆိုဆိုင်းငံ့ခြင်းအမိန့်။

(၂) (က)အယူခံတရားရုံးချုပ် အထက်တန်းတရားရုံးတရုံး သို့မဟုတ် အလားတူအဆင့်ရှိတရားရုံးတရုံးသည် ပါလီမန်အက်ဥပဒေတရပ် စီရင်အက်ဥပဒေတရပ် သို့မဟုတ်မည်သည့်သမ္မတလုပ်ငန်း ဆောင်ရွက်တရပ်ရပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားဝင်မှုဆိုင်ရာ အမိန့်တရပ်အား ပြုလုပ်နိုင်သည်။ သို့သော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားမဝင်ခြင်း အမိန့်တရပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၏ ဤတည်ပြုခြင်းမှ တပါး သက်ရောက်ခြင်းမရှိပေ။

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရားမဝင်ခြင်းအမိန့်တရပ်အား ပြုလုပ်သောတရားရုံးတရုံးသည် ယာယီတားမြစ်ခြင်းသို့မဟုတ်အခြားယာယီ သက်သာရာရခြင်းအား အဖွဲ့တဖွဲ့သို့ ပေးနိုင်သည်။ သို့မဟုတ် ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေတရားရုံးမှ ယင်းအက်ဥပဒေ သို့မဟုတ် လုပ်ငန်း

ဆောင်ရွက်မှုအပေါ် ဆုံးဖြတ်ချက်အား စောင့်ဆိုင်းသောကာလတွင် အစည်းအဝေးဆောင်ရွက်နေမှုများကို ရွှေ့ဆိုင်းနိုင်သည်။

(ဂ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသို့ ထပ်ဆင့်ပို့ချခြင်းအား အမျိုးသားဥပဒေမှ ပြဋ္ဌာန်းပေးရမည်။

(ဃ) လုံလောက်သော စိတ်ဝင်စားမှုရှိသော မည်သူမဆို သို့မဟုတ် မည်သည့် နိုင်ငံတော်၏ ယန္တယားမဆို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသို့ ဤပုဒ်မခွဲအရ တရားရုံးတခု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရား မဝင်ခြင်း အမိန့်တရပ်အား အတည်ပြုပေးရန် သို့မဟုတ် ပြောင်းလဲရန် တိုက်ရိုက်အယူခံ သို့မဟုတ် လျှောက်ထားနိုင်သည်။

မြန်မာနိုင်ငံ အခြေခံဥပဒေများ၏ ပြဋ္ဌာန်းချက်များ

NCUB . zJGŒpnf;tkyfcsKyfyHktajccHOya'(rl-urf;)

အနာဂါတ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအဖြစ် အဆိုပြုရေးသားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးအား သီးခြားပြဋ္ဌာန်းထားခြင်းကို မတွေ့ရပေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းအပွါးမှုနှင့် တိုင်တန်းမှုများအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အပ်နှင်းထားပါသည်။ ပုဒ်မ (၁၀၇)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

(က) ပြည်ထောင်စုတရားရုံးများသည် အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရ မည်။

၁။ ဖွဲ့စည်းအုပ်ချုပိပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွါးမှုများနှင့် တိုင်တန်းမှုများ၊

၂။ ပြည်နယ် အချင်းချင်းကြားတွင် အငြင်းပွါးမှုများ၊

၃။ ပြည်နယ်တစ်ခုနှင့် အခြားပြည်နယ်တစ်ခု၏ ပြည်နယ်သားတို့အကြားတွင် ဖြစ်ပွါးသော မှုခင်းများ၊

၄။ ပြည်နယ်တရားရုံးချုပ်တခုမှ အခြားပြည်နယ်တရားရုံးချုပ်တခုသို့ လွှဲပြောင်း စစ်ဆေးရန်အမှုများ၊

၅။ ပြည်နယ်တရားရုံးတခုနှင့် အခြားပြည်နယ်တရားရုံးတခုအကြား စီရင်ပိုင်ခွင့် နှင့်ပတ်သက်သည့်အငြင်းပွါးမှုများ၊

၆။ နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများသို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုတို့ အကြားချုပ်ဆိုသောစာချုပ်စာတမ်းများကို အကြောင်းပြု၍ပေပေါက်သော အငြင်းပွါးမှုများ၊

၇။ လူမွဲဖြစ်ခြင်းနှင့် ဒေဝါလီခံခြင်း ဆိုင်ရာမှုခင်းများ။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့် အာဏာနှင့်ပတ်သက်၍ ပြည်

ထောင်စုလွှတ်တော်မှ ဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

ပုဒ်မ (၃၂)တွင်နိုင်ငံတော်အတွင်း နေထိုင်သူတိုင်းအတွက် အခြေခံဥပဒေ၏ အကာအကွယ်ကို ရယူခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ (၃၂) အခြေခံဥပဒေ၏ အကာအကွယ်ရယူခြင်း

(က) နိုင်ငံတော်အတွင်းနေထိုင်သူများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အကာအကွယ်ကိုရယူရန် လိုအပ်လာသောအခါ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့်ရှိစေရမည်။

(ခ) ဤအခွင့်အရေးများကို မည်သည့်အခြေအနေတွင်မှ ရပ်ဆိုင်းထားခြင်းမရှိစေရ။

e0w/ etz . tajccHOya'a&;rlrsm;

န၀တ၊ နအဖ၏ "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါ၀င်မည့်တရားရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့်မူများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်။

" ၁။ နိုင်ငံတော်၏ တရားစီရင်ရေး အာဏာခွဲဝေမှု"
နိုင်ငံတော်၏ တရားစီရင်ရေးအာဏာအား

(က)---------

(ခ)----------

(ဂ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေခုံရုံး၊

တို့တွင်ခွဲဝေထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေခုံရုံး အားဖွဲ့စည်းခြင်း ခုံရုံး၏လုပ်ငန်းနှင့်အာဏာများအားတစုံတရာ ဖော်ပြပါရှိခြင်းမတွေ့ရှိရပေ။

နိုင်ငံတော်၏ အမြင့်ဆုံးတရားစီရင်ရေးအာဏာအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြဋ္ဌာန်းအပ်နှင်းထားပါသည်။ သို့သော် တရားရုံးချုပ်၏ အာဏာအား အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဤကာအကွယ်ပေးထားခြင်းလည်းမရှိပေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုမှုအား စီရင်ပိုင်ခွင့်ရှိမရှိအား ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။

jynfaxmifpkqdk&S,fvpforRwjrefrmEdkifiHawmf zJGŒpnf;yHktajccHOya' (1974=ckESpf)

မဆလ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၇) "ပြည်သူ့တရားသူကြီးအဖွဲ့"တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စများအပေါ်တစုံတရာ သတ်မှတ်ထားခြင်း မရှိပေ။ အမြင့်ဆုံး တရားစီရင်ခွင့်အာဏာအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူ့တရားသူကြီးအဖွဲ့တွင် အပ်နှင်းထားပါသည်။

နိဂုံး

၁၉၉၉ ခုနှစ်ဇွန်လ ၂၃ ရက်နေ့ Bangkok Post ၏ ခေါင်းကြီးပိုင်း Respect earned is lashing respect တွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး၏ စီရင်ချက်အားဝေဖန် ရေးသားထားပါသည်။

> ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးစီရင်ချက်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စိတ်ဓါတ်အားစော်ကားမှုတရပ်ဖြစ်သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ဤပြဋ္ဌာန်းချက်အား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းထားခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီးများသည် အကျင့်သိက္ခာ အဆင့်တန်းမြင့်မားမှုတွင် ပါလီမန် ထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်အဖွဲ့ဝင်များ၏ အကျင့်သိက္ခာ အဆင့်ထက် မြင့်မားသောအဆင့်ရှိစေရန် ဖြစ်ပါသည်။
>
> တရားရုံး၏စီရင်ချက်သည် ကြီးမားသော စိတ်ပျက်ဘွယ်တရပ်ဖြစ်သည်မှာ အထင်အရှားဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စိတ်ဓါတ်ဖြင့် နိုင်ငံတဝှမ်းဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအား ကျော်လွှားရမည့် အခက်အခဲတရပ်အဖြစ်ပင် ဖြစ်လာနိုင်ပါသည်။၎င်းမှ နေဝင်းအား အကျိုးပြုစေသောစီရင်ချက်အား စီရင်ပါက မိမိရာထူး အလုပ်ပြုတ်သွားနိုင်သည်ဟု တရားသူကြီးတဦးမှ ထုတ်ပြောကြောင်း ရေးသားချက်တရပ်သည် မှန်ကန်မှုတစိတ်တဒေသကလေးပင်ရှိပါက ကြီးမားသောစိုးရိမ်ဘွယ်ဖြစ်ပါသည်။
>
> ဆီးနိတ်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ မီးချိုင်းမှ စည်းမျဉ်းဥပဒေတွင် ရေယိုပေါက်များရှိနေပါသည်။ ပထမဦးစွာဆောင်ရွက်ရန်မှာ ယင်းတို့အားပိတ်ပစ်ရန်ဖြစ်သည်ဟု ပြောဆိုခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဆိုင်ရာပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်လိုအပ်ပါသည်။
>
> ထိုနည်းတူဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားသူကြီး ၁၅ ဦးတို့သည် မိမိတို့ ကိုင်တွယ်လုပ်ဆောင်နေရသည်မှာ သာမန်တရားရုံးများတွင် သမရိုးကျလုပ်နေသော လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်သောအမှုကိစ္စများအား ကိုင်တွယ်နေခြင်းမဟုတ်ဘဲ ၎င်းတို့သည်နိုင်ငံတော်၏ အရေးကိစ္စများအား ကိုင်တွယ်နေရခြင်းဖြစ်ပြီး ၎င်းတို့၏စီရင်ချက်များသည် ကျယ်ပြန့်သော အကြုံးဝင်မရှိခြင်းအား သတိထားကြရမည်ဖြစ်သည်။ ၎င်းတို့မှပြည်သူလူထုတို့၏ ရှိသေလေးစားမှုကို ရရှိလိုပြီး တရားရုံးအား တရားမှန်ကန်ခြင်းနှင့်

တရားမျှတမှုအားအမှန်တကယ်အာမခံမှုပေးသော ဖွဲ့စည်းတည်ထောင်မှုတခုဖြစ်စေလိုပါက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဌာန်းထားသော ပြည်သူပြည်သားများ၏ ရည်မှန်းချက်များအား မျက်ကွယ်ပြု၍မရပေ။

၁၉၉၉ခုနှစ် ဇွန်လ ၂၇ ရက်နေ့ထုတ် Bangkok Posts Perspective ကဏ္ဍတွင် ထွန်ဘိုင်ထွန်ပေါ် Thongbai Thangbao မှအောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

ယခုလက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ပြည်သူ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အဖြစ်မှတ်ယူရပါသည်။ လူ့အခွင့်အရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးများအပေါ် ယိုးဒယားနိုင်ငံမှ အခြားနိုင်ငံများနှင့် ကုလသမဂ္ဂအပေါ်ထားရှိရမည့် လိုက်လျောမှုများအား ယခင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများထက် လိုက်လျောပြ ဌာန်းထားပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးအား ယင်းရည်မှန်းချက်များအား လက်တွေ့အကောင်အထည်ဖေါ်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထားပါသည်။ သို့သော်တရားရုံး၏ တော်တည့်ဖြောင့်မတ်ခြင်းအပေါ် သံသယဖြစ်လာသူများစွာ ရှိလာကြပါသည်။ အငြင်းပွါးစရာဖြစ်စေသောစီရင်ချက် အနည်းဆုံးသုံးကြိမ် စီရင်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ပထမအကြိမ်မှာ မြွေဟောက်ဟုအမည်မှည့်ပေးထားသော လွှတ်တော်အမတ် ၁၂ ဦး လွှတ်တော်အမတ်ဆက်လက်ဖြစ်နိုင်ခြင်း စီရင်ချက်ဖြစ်သည်။

ဒုတိယစီရင်ချက်မှာ နိုင်ငံတကာငွေကြေးရံပုံငွေသို့ပေးပို့သော ရည်ရွယ်ချက်စာသည် လွှတ်တော်၏ သဘောတူညီမှုရရှိရန်မလိုအပ်ခြင်း ဆုံးဖြတ်ချက်ဖြစ်သည်။

တတိယနှင့်အငြင်းပွါးမှုအရှိဆုံးမှာ တရားမအမှုတခုတွင် အပြစ်ရှိကြောင်းမကြာမီက အပြစ်ဒဏ်စီရင်ခံရသော ဝန်ကြီးတပါးမှ ဝန်ကြီးဆက်လက်ဖြစ်ရန် အရည်ချင်းပြည့်မှီခြင်းရှိကြောင်း စီရင်ချက်ပင်ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံတနိုင်ငံ၏ အမြင့်မားဆုံးဥပဒေဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် လူတိုင်းအတွက် ပြဌာန်းထားခြင်းဖြစ်သကဲ့သို့ လူတိုင်းမှလည်း လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေအား ထိန်းသိမ်းမြှင့်တင်ရန် တာဝန်အရှိဆုံးပင်ဖြစ်သည်။ ၎င်းမှတော်တည့်ဖြောင့်မတ်ခြင်း အားနည်းနေပါက စစ်တပ်မှအာဏာသိမ်းခြင်း၊ နိုင်ငံရေးသမားများအကျင့်သိက္ခာပျက်ပြားခြင်း၊ ဝန်ထမ်းများလာဒ်စားခြင်း၊ တို့မှ ဆက်လက်ဖြစ်ရှိနေမည်ဖြစ်သည်။ ။

References;

1. Bangkok Post 18 June to 29 June 1999
2. Constitution of the Kingdam of Thailand (1997)
3. The Constitution of the Republic of South Africa (1996)
၄။ (အနာဂါတ်) ဖက်ဒရယ်ပြည်ထောင်စု၏ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း)
၅။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄–ခုနှစ်)

အခြေခံဥပဒေ ပြင်ခြင်းလော၊ လက်တလုံးခြား လိမ်ညာခြင်းလော

ယခုနှစ်ဩဂုတ်လ ကမ္ဘာ့သတင်းများတွင် (၁၄)လကြာသက်တမ်းရှိ ဖိလစ်ပိုင် သမတ ဂျိုးဇက်အက်စ်တရာဒါကို ဆန့်ကျင်သည့်အကြီးမားဆုံးလူထုစုဝေး ဆန္ဒပြပွဲ ဩဂုတ်လ(၂၀)ရက်တွင် ကျင်းပသည်ကို တွေ့ရှိခဲ့ရသည့်အကြောင်းမှာ သမတ အက်စ်တရာဒါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ကြိုးပမ်းမှုအတွက် ဖြစ်ပေသည်။ သမတအနေနှင့် ပြုပြင်ပြောင်းလဲရေးကိုလိုလား၍ တိုင်းပြည်အကျိုးရှိရန်ဟုဆိုသော်လည်း ပြည်သူလူထုအများစုကမူ သမ္မတ၏အာဏာသက်တမ်းတည်မြဲရေး၊ သမတအတွက် သာဖြစ်စေမည် ဟုသုံးသပ်၍ ယခုကဲ့သို့ဆန့်ကျင်ဆန္ဒပြကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် အခြေခံဥပဒေတရပ်ကို အလွယ်တကူပြင်ဆင်နိုင်ပါသလား။ မည်ကဲ့သို့သော စည်းကမ်းချက်များလိုပါနည်း။ အခြေခံဥပဒေကိုယ်နှိုက်က ယင်းကဲ့သို့အလွယ်တကူ ပြင်ဆင်မှုများ မလုပ်နိုင်ရန်လိုအပ်သောအခန်း၊ ပုဒ်မများဖြင့် မည်ကဲ့သို့ ရေးသားပြဌာန်းထားသည်ကို လေ့လာရန်လိုအပ်ပေသည်။ ထိုပြင်တိုင်းပြည်တပြည်နှင့်တပြည်၊ ကျင့်သုံးသောဖွဲ့စည်းပုံ အခြေခံဥပဒေ တစောင်နှင့်တစောင် မည်ကဲ့သို့မတူကွဲပြားခြားနားသည်ကို လက်လှမ်းမှီသရွေ့ လေ့လာဖေါ်ပြလိုက်ရပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Written constitution)ကို နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေအဖြစ် ပြဌာန်းကြပြီးနောက်ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့်အုပ်ချုပ်သည့် ဒီမိုကရေစီကျင့်စဉ် (Representative Democracy)ကို ပိုမိုကျင့်သုံးလာသည်ကို တွေ့ရပေသည်။ ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်စဉ်ကွပ်ကဲသော၊ ဥပဒေပြုသော၊ တရားစီရင်သော ဒီမိုကရေစီတိုင်းပြည်များတွင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြင်ဆင်ရန်ပြဌာန်းချက်များ၌ မတူကွဲပြားကြသည်ကို လေ့လာတွေ့ရှိရပေသည်။

အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ကိစ္စမှာ လွန်စွာစည်းကမ်းတင်းကြပ်ထားသည်ကို တွေ့ရပေသည်။ အချို့ပြင်ဆင်ချက်များသည် နှစ်ချီကြသည့်ပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် လေးပုံသုံးပုံသဘောတူမှသာလျှင် အတည်ဖြစ်ပေသည်။ ထိုကြောင့် နှစ်ပေါင်း (၂၀၀)ကျော်ကာလအတွင်း ပြင်ဆင်ချက်စုစုပေါင်း (၂၆)ခုမျှသာ ပြုလုပ်နိုင်ခဲ့ခြင်းရှိပေသည်။

ဂျာမနီပြည်ထောင်စုနှင့် တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံများတွင် ပြင်ဆင်မှုကို ဥပဒေမူကြမ်းများဥပဒေဖြစ်ခြင်း ဆိုင်ရာအခန်း၌ဖေါ်ပြကြသည်။ ဖွဲ့စည်း

ပုံအခြေခံဥပဒေကိုပြင်ဆင်ရန်မှာ ဥပဒေမူကြမ်းတရပ်အဖြစ်သာလျှင်တင်သွင်း၍ အတည်ပြုပြဋ္ဌာန်းရန်ဖြစ်လေရာ၊

ထိုကြောင့် (၁၉၄၇) ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်၎င်း၊ NCUB ၏အဆိုပြု ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်၎င်း၊ သီးခြားအခန်းဖြင့်ဖေါ်ပြခြင်းပြုလုပ်၍လည်း အချို့သောဖွဲ့စည်းပုံများတွင် ဥပဒေမူကြမ်းအခန်းတွင် ထည့်သွင်းဖေါ်ပြခြင်း ဖြစ်ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုပြင်ဆင်ရာတွင် သဘောရိုးဖြင့်ပြင်ဆင် ချက်များရှိသကဲ့သို့ အချို့သောအာဏာရ နိုင်ငံရေးပါတီများ၊ အစိုးရများ၊ အာဏာရှင်များသည် ၎င်းတို့၏အကျိုးအတွက် အခြေခံဥပဒေကို ပြင်ဆင်လေ့ရှိပေသည်။ ထိုကြောင့် မရိုးသားသော အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းများသည် အခြေခံအားဖြင့် ပြည်သူလူထု၏ အုံကြွဆန့်ကျင်မှုကို ခံရလေ့ရှိပေသည်။ အမေရိကန်သမ္မတကြီးရော်နယ်ရီဂင် လက်ထက်တွင် ၎င်းကိုလိုလားသူများက သမတသက်တမ်းနှစ်ကြိမ်ထက်ပို၍ထားရန် အခြေခံဥပဒေကို ပြင်ဆင်ဖို့ တိုက်တွန်းမှုများ ရှိခဲ့ပေသည်။ သို့သော်ပထမ သမ္မတကြီးဂျော့ဝါရှင်တန်ကိုယ်တိုင်က ချမှတ်ခဲ့သော သမ္မတသက်တမ်းနှစ်ကြိမ်ထက်မပိုရဟူသော စည်းမျဉ်းကိုစစ်အတွင်းကာလမှ သမတအိုက်ဆင်ဟောင်ဝါလက်ထက်မှလွဲ၍ သာမန်အချိန်များတွင်ပြင်ဆင်ခြင်းကို ပြည်သူများကလက်မခံကြပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် သဘောရိုးဖြင့်ပြင်ဆင် ချက်များရှိသကဲ့သို့ အချို့သောအာဏာရ နိုင်ငံရေးပါတီများ၊ အစိုးရများ၊ အာဏာရှင်များသည် ၎င်းတို့၏အကျိုးအတွက် အခြေခံဥပဒေကို ပြင်ဆင်လေ့ရှိပေသည်။

ဖိလစ်ပိုင်သမ္မတဟောင်း ဖါနီနန်မာကိုစ်သည် သူ၏အာဏာတည်မြဲရေးအတွက် ဖိလစ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိမ်ဖန်များစွာပြင်ဆင်ခဲ့ပေသည်။ ၎င်း၏အလိုတော်ရိပါလီမန်ဖြင့်အတည်ပြုစေပြီး အာဏာရှင်အဖြစ်အုပ်ချုပ်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တရပ်ကို တောင်အဖရိကသမ္မတနိုင်ငံ၏ အခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းနှင့်ပတ်သက်၍ပုဒ်မ (၇၄)တွင်အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်ကို လေ့လာတင်ပြအပ်ပါသည်။ အခြေခံဥပဒေ၏ပုဒ်မ (၁)နှင့် ၎င်း၏ပုဒ်ခွဲများကိုပြင်ဆင်ရန် ဥပဒေကြမ်းတင်သွင်းပါက (က)ပုဒ်မခွဲ (၇၄)ပုဒ်မခွဲ (၁)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၇၅)ရာနှုန်းထောက်ခံမဲရရန်နှင့် စီရင်စုများကောင်စီတွင် အနည်းဆုံးစီရင်စု (၆)ခုမှ ထောက်ခံမဲရရှိမှသာ အတည်ပြုပြင်ဆင်နိုင်သည်။ ယင်းကဲ့သို့ အလွန်အရေးကြီးသော နိုင်ငံတော်တည်ဆောက်မှုပုဒ်မကို အလွယ်တကူမပြင်ဆင်နိုင်ရန် အခြေခံဥပဒေဖြင့် ကာကွယ်ဟန့်တား ထားသကဲ့သို့ အခြေခံအခွင့်အရေးများ ဆိုင်ရာ အခြေခံဥပဒေ၏ အခန်း(၂)တခုလုံးကိုလည်း အောက်ပါစည်းကမ်းချက်များကို အရသာပြင်ဆင်နိုင်ကြောင်းပုဒ်မခွဲ (၂)အရအောက်ပါအတိုင်းပြဋ္ဌာန်းထားပေသည်။ အခြေခံအခွင့်အရေး လူ့အခွင့်အရေးဆိုင်ရာအခန်း (၂)ကိုပြင်ဆင်ချက်ဥပဒေမူကြမ်းတင်သွင်းပါက (က)အမျိုးသားလွှတ်တော်တွင် အနည်းဆုံးလွှတ်တော်အဖွဲ့ဝင် သုံးပုံနှစ်ပုံထောက်ခံမဲရရှိမည်။ ထို့အပြင် (ခ)စီရင်စုများကောင်စီ၏ အနည်းဆုံးစီရင်စု (၆)ခုမှထောက်ခံမဲရရှိပါလျှင် အတည်ပြုပြင်ဆင်နိုင်သည်။ အခြေခံဥပဒေပါလီမန်ပြဋ္ဌာန်းချက်များကို ပြင်ဆင်လို

ပါက ပြင်ဆင်ချက်ဥပဒေမူကြမ်းကို (က)အမျိုးသားလွှတ်တော်၏အဖွဲ့ဝင် အနည်းဆုံးသုံးပုံနှစ်ပုံ၏ ထောက်ခံမဲရရှိမည့်ပြင် (ခ)စီရင်စုများကောင်စီ၏ အနည်းဆုံးစီရင် (၆)ခု၏ ထောက် ခံမဲရရှိရန် အောက်ပါကိစ္စရပ်များနှင့် ပတ်သက်လျှင်လိုအပ် စေရမည်။

(၁) စီရင်စုများကောင်စီကို ထိခိုက်စေနိုင်သောကိစ္စရပ်၊

(၂) စီရင်စုများ၏ နယ်နမိတ်အာဏာလုပ်ငန်းနှင့် စုဖွဲ့များကို ထိပါးသောကိစ္စရပ်၊

(၃) စီရင်စုများနှင့်သာ အထူးသက်ဆိုင်သော ပြဋ္ဌာန်းချက်အား ပြင်ဆင်ရန်လိုအပ်သောကိစ္စရပ်၊

ယင်းကဲ့သို့ အဆင့်ဆင့်အခိုင်အမာပြဋ္ဌာန်းချက်များ (tranch clause)များဖြင့် အခြေခံဥပဒေကို အလွယ်တကူအုပ်စိုးသူ အလိုကျအပြင်ဆင်နိုင်စေရန် ပြဋ္ဌာန်းထားသည့်ပြင် လုပ်နည်းလုပ်ထုံးကိုလည်း အောက်ပါအတိုင်းဆက်လက် ပြဋ္ဌာန်းထားပေသည်။ အခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းမည့် ဥပဒေမူကြမ်းကိုတင်သွင်းမည့်ပုဂ္ဂိုလ် သို့မဟုတ် ကော်မတီသည် (က)ယင်းသို့မတင်သွင်းမီ အနည်းဆုံးရက်ပေါင်း (၃၀)အလိုတွင် အမျိုးသားအစိုးရ၏ပြန်တမ်းတွင် အမျိုးသားလွှတ်တော်၏ စည်းကမ်းချက်နှင့်အညီ ဖေါ်ပြသင့်သောအချက်များကိုဖေါ်ပြ၍ ပြည်သူ့သဘောထားကို ရယူနိုင်ရန်ထည့်သွင်းပုံနှိပ်ဖေါ် ပြရမည်။ (ခ) စီရင်စု ဥပဒေပြုလွှတ်တော်တို့လည်း တင်ပြချက်ပေးနိုင်ရန် စည်းကမ်းနှင့်အညီ တင်သွင်းရမည်၊ ထို့အပြင် (ဂ) စီရင်ကောင်စီမှ ဆုံးဖြတ်ပေးရန်မလိုအပ်သည့် ဥပဒေမူကြမ်းဆိုလျှင် စီရင်စုများကောင်စီသို့ ဆွေးနွေးရန်တင်သွင်းရမည်။ ထို့အပြင် ပုဒ်မခွဲ(၆)အရ အခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ဥပဒေမူကြမ်းတင်သွင်းသောပုဂ္ဂိုလ်တို့ကော်မတီသည် ၎င်းတို့ရရှိသော ပြည်သူသဘောထားစာများ၊ စီရင်စုဥပဒေ ပြုလွှတ်တော်မှ အကြံပြုချက်များကို–

(က) အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌတို့၎င်း၊

(ခ) ပုဒ်မခွဲ ၁–၂–၃ (ခ)တို့နှင့်သက်ဆိုင်သော ပြင်ဆင်ချက်မူကြမ်းဖြစ်ပါက စီရင်စု ကောင်စီဥက္ကဋ္ဌတို့၎င်း၊

ဆွေးနွေးနိုင်ရန်တင်သွင်းရမည်ဟူ၍ ပြည်သူတို့၏ဆန္ဒသဘောထားကိုယူရန်ဆိုသောအချက်ကိုပါ အတိအလင်းထည့်သွင်းထားခြင်းဖြင့် အာဏာရှင်စနစ် ပြန်လည်မပေါ်ပေါက်ရေးအတွက် စနစ်မကျစီမံထားသည်ဟု ဆိုနိုင်ပေသည်။

တဖန်အခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ထိုင်နေစဉ်ကာလတင်သွင်းလျှင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်ယာယီရပ်နားနေစဉ် တင်သွင်းခဲ့လျှင်ဖြစ်စေ၊ ပြေလည်အောင်ဆွေးနွေးချိန်မရမည်စိုးရိမ်၍ ရက်ပေါင်း (၃၀)အတွင်း ဆန္ဒမဲကောက်ယူခြင်း မပြုရပေ။ အရင်စလိုတင်သွင်း၍ အစောတလျှင်ဆုံးဖြတ် ပြဋ္ဌာန်းမှုားတတ်သည့် သဘောသဘာဝကို ဟန့်တားလို၍ဖြစ်ပေသည်။ အထူးသဖြင့် စီရင်စုဒေသများကို အထူးဦးစားပေးထားကြောင်း တွေ့ရှိရပေသည်။ အခြေခံဥပဒေပြင်ဆင်ချက် ဥပဒေမူကြမ်းတရပ်သည် စီရင်စုဒေသတခု သို့မဟုတ်အများကို ပတ်သက်မှုရှိနေပါက ယင်းသို့ဆက်စပ်သက်နေ စီရင်စုများရှိ ဥပဒေပြုလွှတ်တော်များ၏ အတည်ပြုသဘောတူချက်မရမချင်း ဥပဒေအဖြစ်သို့ မရောက်ရှိစေရဟူ၍လည်း ပုဒ်မခွဲ (၈) တွင်ထပ်မံညွှန်းဆိုထားသည်ကို တွေ့ရပေသည်။ စီရင်စုဒေသများ သို့မဟုတ် ပြည်နယ်များခေါ်ဝေါ်နိုင်သည့် တောင်အာဖရိကနိုင်ငံ၏ဖွဲ့စည်းပုံသည် အချို့နိုင်ငံရေးသိပ္ပံစာအုပ်

များတွင် ဖက်ဒရယ်စနစ်ပင်ဖြစ်သည်ဟု နှိုင်းယှဉ်ဖေါ်ပြထားသည်ကို တွေ့ရပေသည်။ ဂျာမဏီဖက်ဒရယ်သမ္မတနိုင်ငံဖွဲ့စည်းပုံတွင် အခြေခံဖွဲ့စည်းပုံကိုပြင်ဆင်ရန် ဥပဒေကြမ်း တင်သွင်းသည့်ကိစ္စရပ်ကို ပုဒ်မ(၇၉)တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပေသည်။ တောင်အာဖရိက အခြေခံဥပဒေမှာကဲ့သို့ပင် ဥပဒေကြမ်းတရပ် အဖြစ်တင်သွင်းအတည်ပြုပြီးမှသာ အခြေခံဥပဒေကိုပြင်ဆင်နိုင်သည်ဟု ဖေါ်ပြထားသည်။

ယင်းသို့တင်သွင်းသော ပြင်ဆင်ချက်ဥပဒေကြမ်းကို အတည်ပြုရန်မှာ အထက်လွှတ်တော်မှ အဖွဲ့ဝင်သုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရှိမည့်ပြင် အောက်လွှတ်တော်မှ တက်ရောက်သူဆန္ဒမဲသုံးပုံနှစ်ပုံရရှိရန် လိုအပ်ပေသည်။ ထို့အပြင်ဂျာမန်ပြည်ထောင်စု၏ အခြေခံဥပဒေတွင် လုံးဝပြင်ဆင်ချက်တင်သွင်းခြင်း မပြုနိုင်သောအပိုင်းများမှာ ဖက်ဒရယ်ကိုပြည်နယ်များသို့ ခွဲဝေချထားခြင်းကိစ္စဥပဒေပြုရေးတွင် ပြည်နယ်များပါဝင်သောမူနှင့် ပုဒ်မ (၁)နှင့်ပုဒ်မ (၂၀)တို့ ဖြစ်ကြပေသည်။ ပုဒ်မ (၁)မှလူသားဂုဏ်သိက္ခာကို ကာကွယ်ခြင်းပုဒ်မဖြစ်ပြီး ပုဒ်(၂၀)မှာမူဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုပုဒ်မဖြစ်ပေသည်။ ယင်းတို့ကို မည်သည့်အုပ်ချုပ်သူ အစိုးရအာဏာပိုင်တမျှ ပြင်ဆင်ချက်ပြုလုပ်နိုင်ခြင်းရှိစေရန် အခိုင်အမာပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ အခြေခံဥပဒေ၏ ပြင်ဆင်ပြောင်းလဲပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်များပင် ဖြစ်ပေသည်။ ။

တရားစီရင်ရေးလွတ်လပ်မှုနှင့် အခြေခံဥပဒေ၏အခန်းကဏ္ဍ

တရားစီရင်ဆုံးဖြတ်မှုလွဲမှားသည့်အတွက် အပြစ်မရှိသော သူတဦးတယောက်သည် ဘဝတသက်တာတွင်ကြီးမားသော နစ်နာဆုံးရှုံးမှုနှင့်ရင်ဆိုင်သွားရတတ်သည်။ ထိုအဖြစ် မျိုးရှိလည်းရှိခဲ့သည်၊ ရှိနေဆဲလည်းဖြစ်သည်။ အထူးသဖြင့် ထိုအဖြစ်မျိုးသည် တပါတီစနစ် အုပ်ချုပ်သောနိုင်ငံများ၊ အာဏာရှင်နိုင်ငံများတွင် ပိုမိုကြုံတွေ့ကြရသည်။ တရားရုံးများသည် အမှုစစ်ဆေးဆုံးဖြတ်ရာတွင် တဦးတယောက်အား သာစေလို၊နာစေလိုသော သဘောဆန္ဒဖြင့်ဆုံးဖြတ်ရသည်မဟုတ်ဘဲ အမှုဖြစ်အကြောင်းအချက်များနှင့် ဥပဒေအချက်အလက်များပေါ်တွင် အခြေခံ၍ စဉ်းစားဆုံးဖြတ်ရပေသည်။ ထို့ကြောင့်အမှုများကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ရန် တရားစီရင်ရေး လွတ်လပ်မှုရှိဖို့လိုအပ်ပေသည်။ တရားစီ ရင်ရေးလွတ်လပ်မှုကို နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သည့် အခြေခံဥပဒေဖြင့် အာမခံထားပေးရန်လိုအပ်ပေသည်။

ယေဘုယျအားဖြင့် ကမ္ဘာနိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူတိုင်းသည် ဥပဒေ၏ရှေ့မှောက်တွင် အညီအမျှဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားလေ့ရှိသည်။ ဒီမိုကရေစီနိုင်ငံများက ဥပဒေစိုးမိုးကို အလေးထားသောကြောင့် အဆိုပါပြဋ္ဌာန်းချက်ကို လက်တွေ့ကျင့်သုံးမှုရှိသည်။ ရာထူးဌာနန္တရ မည်မျှပင်ကြီးမားနေစေကာမူ၊ နိုင်ငံအကြီးအကဲပင်ဖြစ်နေစေကာမူ ဥပဒေနှင့်ဆန့်ကျင်သောဆောင်ရွက်မှုအတွက် တရားစွဲဆိုခံရနိုင်ပေသည်။ လတ်တလော ဥပမာတရပ်ပြရသော် ယမန်နှစ်က အမေရိကန်သမတ ကလင်တန်သည် လူဝင်စကီးနှင့် လိင်အမှုကိစ္စအတွက် တရားစွဲဆိုခံခဲ့ရသည်။ အာဏာရှင်နိုင်ငံများတွင်မူ အာဏာရှင် အာဏာပိုင်များ၏ ဥပဒေမဲ့ဆောင်ရွက်မှုကိစ္စအတွက် တရားစွဲဆိုရန်ခက်ခဲသည်။ အာဏာရှင်တို့ လုပ်ဖေါ်ကိုင်ဘက် အချင်းချင်းမလိုမုန်းထားရှိလာလျှင် အသေးအဖွဲကိစ္စကိုပင် ပုံကြီးချဲ့ကာ အရေးယူအပြစ်ပေးတတ်သော်လည်း အချင်းချင်းညီညွတ် နေသည့်အချိန်များတွင် ဥပဒေချိုးဖေါက်သည့်ကိစ္စများကို နားလည်မှုဖြင့် အရေးမယူဘဲနေတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အာဏာသုံးရပ်စလုံးကို အာဏာရှင်များက ချုပ်ကိုင်ထားခြင်းဥပဒေကို လိုအပ်လျှင် လိုသလိုသုံးခြင်းကြောင့်ဖြစ်သည်။ မကြာသေးမီကာလက အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ကျောင်းသားများဆန္ဒပြမှုကို စစ်တပ်ကနှိမ်နင်းရာ အများအပြားသေကျေ ဒဏ်ရာရခဲ့ကြသည့်အတွက် ပြည်နယ်လူထုက ထိုကိစ္စအတွက်တာဝန်ရှိသူကို ဖေါ်ထုတ်တရားစွဲဆိုပေးရန်အစိုးရကိုတောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်ကြီး ဝရန်တိုမှ ထိုသို့ပြည်နယ်သားများသေဆုံးဒဏ်ရာ

ရမှုအတွက် ဝမ်းနည်းကြောင်းပြောကြားခဲ့သည်မှအပ အစိုးရက ထိုကိစ္စအတွက်အ ရေးယူ ဆောင်ရွက်ပေးခြင်းမရှိဟုဆိုသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၈၈ ခုနှစ်တွင်ဖြစ် ပွားခဲ့သော စက်မှုတက္ကသိုလ်ကျောင်းသား ဖုန်းမော်သေဆုံးမှုကိစ္စကိုအရေးယူပေးရန် တောင်းဆိုခဲ့သော်လည်း တရားစွဲဆိုအရေးယူပေးနိုင်ခဲ့ခြင်း မရှိပေ။ တောင်ကိုးရီးယား သမတဟောင်းများဖြစ်ကြသော ချွန်ဒူးဝမ်နှင့် နိုတေဝူး အမှုများနှင့်ပတ်သက်၍ ၎င်းတို့ အာဏာရှိနေစဉ်အတွင်း ဖော်ထုတ်ပြီးတရားစွဲဆိုအရေးယူနိုင်ခြင်းမရှိဘဲ မကြာသေးမီက သာ ၎င်းတို့အားတရားစွဲဆို အပြစ်ပေးနိုင်ခဲ့သည်။ ဆိုလိုသည်မှာ ဒီမိုကရေစီကင်းမဲ့ သောနိုင်ငံများ၊ အာဏာရှင်နိုင်ငံများတွင် ဥပဒေနှင့်အညီရေးယူဆောင်ရွက်နိုင်မှု မရှိခြင်း သည် တရားစီရင်ရေး လွတ်လပ်မှုမရှိခြင်းက အကြောင်းရင်းတရပ်ဖြစ်သည်။ စင်စစ်အား ဖြင့် တရားရုံးများသည် ပြည်သူလူထုအတွက် ဥပဒေနှင့်အညီအမှန်တရားကိုဖြစ်စေ သော ပြည်သူလူထုအားကိုးအားထားရာ အဆောက်အအုံဖြစ်ရပါမည်။ ဥပဒေသည် နိုင် ငံရေးစနစ်နှင့်ဆက်စပ်နေသော်လည်း တရားရုံးများနှင့်တရားစီရင်ရေးစနစ် လွတ်လပ်မှု မရှိပါက တရားဥပဒေရှေ့မှောက်တွင် လူတိုင်းသည် အညီအမျှ ဖြစ်စေရမည်ဆိုသော အ ချက်မှာ အဓိပ္ပါယ်ကင်းမဲ့နေပေလိမ့်မည်။

တရားစီရင်ရေးလွတ်လပ်မှု၏ အဟန့်အတားများ

အထက်တွင်ဆိုခဲ့သည့်အတိုင်း တရားရုံးများသည် ဘက်တဘက်ကိုသာစေလို နာ စေလိုသောသဘောမပါဘဲ ဥပဒေနှင့်အညီ တရားမျှတစွာစီရင်ဆုံးဖြတ်ရပါသည်။ ထိုသို့ ဆုံးဖြတ်နိုင်ရန် လွတ်လပ်စွာတရားစီရင်နိုင်သော အခြေအနေရှိရပေမည်။ လွတ်လပ်စွာ တရားစီရင်ရေးကို အောက်ပါအချက်များကအဟန့်အတားဖြစ်စေပါသည်။

- **တရားစီရင်ရေးအာဏာသည် အခြားအာဏာများ၏လွှမ်းမိုးမှုခံရခြင်း။**

  အတွေးအခေါ်ပညာရှင်မွန်တက်စ်ကျူ(Montesquieu)က တရားစီရင်ဆုံး ဖြတ်မှုသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများမှသီးခြားခွဲထားခြင်း မရှိပါက လွတ်လပ်မှု မရှိသေးဟုဆိုခဲ့သည်။

  ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတရပ်ရပ်က တရားစီရေးအာ ဏာကို လွှမ်းမိုးထားလျှင်၊ အဆိုပါအာဏာကျင့်သုံးသူများက တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်နေလျှင် တရားစီရင်ရေးကိုလွတ်လပ်စွာဆောင်ရွက်ရန် ခဲယဉ်း ပေသည်။ ထိုအခြေအနေမျိုးတွင် တရားသူကြီးများ၏အဆုံးအဖြတ်သည် မှန် ကန်မျှတမှု ရှိနိုင်မည်မဟုတ်ပေ။ အထူးသဖြင့် တပါတီစနစ်ကိုကျင့်သုံးသော အာ ဏာရှင်စနစ်ကျင့်သုံးသောနိုင်ငံများတွင် တရားစီရင်ရေးကို အုပ်ချုပ်ရေးအာဏာ ပိုင်များက စွက်ဖက်လေ့ရှိသည်၊ လွှမ်းမိုးထားလေ့ရှိသည်။ တပါတီစနစ်ကျင့်သုံး သောနိုင်ငံများတွင် တရားသူကြီးများကို ပါတီဝင်များထဲမှသာခန့်အပ်လေ့ရှိ သည်။ တရားသူကြီးအရည်အချင်းထက် ပါတီဝင်ဖြစ်ခြင်း၊ ပါတီမူဝါဒကိုယုံကြည် ခြင်း ပါတီအပေါ်သစ္စာရှိခြင်းကို ဦးစားပေးရွေးချယ်သည်။ သမတ သို့မဟုတ်နိုင်ငံ

အကြီးအကဲသည် တရားသူကြီးများအား ခန့်အပ်ခွင့်၊ ရာထူးမှဖယ်ရှားနိုင်ခွင့်ရှိပေသည်။ ပါတီအကြီးအကဲများနှင့် ထိပ်တိုက်ဖြစ်ပွားသောအမှုများတွင် တရားသူ   ကြီးများ၏ အဆုံးအဖြတ်သည် မှန်ကန်မျှတမှု မရှိနိုင်တော့ပေ။ ဘက်လိုက်ခြင်း၊ အသာပေးဆုံးဖြတ်မှုများ ဖြစ်လေ့ရှိသည်။ အထူးသဖြင့်၊ နိုင်ငံရေးအယူအဆကွဲပြားသူများနှင့် သက်ဆိုင်သော နိုင်ငံရေးအမှုများတွင်မူ လက်ဝဲအာဏာရှင်နိုင်ငံများရော၊ လက်ျာအာဏာရှင်နိုင်ငံများတွင်ပါ အကျဉ်းနည်းဖြင့်စစ်ဆေးပြီးကြီးလေးသောအပြစ် ဒဏ်များချမှတ်လေ့ရှိသည်။ အချို့စွပ်စွဲခံရသူများကို ရုံးတင်တရားစွဲဆိုခြင်းမရှိဘဲ နှစ်ရှည်လများ အကျဉ်းချထားလေ့ရှိသည်။ ဥပမာ၊ အင်ဒိုနီးရှားစာရေးဆရာတဦးဖြစ်သော ပါရာမိုးဒယား အနန္တာတိုးအား (Paramoeya AnantaToer) အင်ဒို နီးရှားအစိုးရက ကွန်မြူနစ်ဝါဒဖြန့်သူ အဖြစ်စွပ်စွဲကာတရားစွဲဆိုခြင်းမရှိဘဲ (၁၄)နှစ်တိုင် တိုင်အကျဉ်းချထားခဲ့သည်။ မြန်မာနိုင်ငံတွင် လည်းနဝတ၊ နအဖစစ်အစိုးရသည် NLD နှင့် အခြားသောနိုင်ငံရေးပါတီဝင်များအား ဥပဒေနှင့်မညီသော ဖမ်းဆီးထောင်ချမှုများအမြောက်အများရှိနေပေသည်။ အချို့အကျဉ်းချခံရသူများမှာ တရားရုံးတင် စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးထားသည်။ စွပ်စွဲခံရသူများမှာ ရှေ့နေငှားလိုသော်လည်း ငှားခွင့်မရပေ။ တရားသူကြီးများကလည်း ထိုအမှုများနှင့်ပတ်သက်၍ ၎င်းတို့လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဝံ့ခြင်းမရှိ ပေ။ အချို့အုပ်ချုပ်ရေးအာဏာ ဂပိုင်များ၏လုပ်ရပ်သည် ဥပဒေနှင့် ဆန့်ကျင်နေ ကြောင်းသိနေသော်လည်း တရားသူကြီးများက မသိဟန်ဆောင်နေကြသည်။ ဤ သည်မှာ တရားစီရင်ရေးကို အုပ်ချုပ်ရေးအာဏာကျင့်သုံးသူများ၏ သြဇာလွှမ်းမိုးမှုကြောင့် တရားစီရင်ရေးလွှတ်လပ် မှုကို ထိခိုက်စေသည့်အချက်တချက်ဖြစ်သည်။

အချို့ကိစ္စများတွင် အုပ်ချုပ်ရေးအာဏာပိုင်များ၏လုပ်ရပ်သည် ဥပဒေနှင့်ဆန့်ကျင်နေကြောင်းသိနေသော်လည်း တရားသူကြီးများက မသိဟန်ဆောင်နေကြသည်။ ဤသည်မှာ တရားစီရင်ရေးကို အုပ်ချုပ်ရေးအာဏာကျင့်သုံးသူများ၏ သြဇာလွှမ်းမိုးမှုကြောင့် တရားစီရင်ရေးလွှတ်လပ်မှုကို ထိခိုက်စေသည့် အချက်တချက်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများတွင် တရားစီရင်ရေးအာဏာအား လွှမ်းမိုးခြင်းမခံရအောင် စီမံထားလေ့ရှိသည်။ ဥပမာ– အမေရိကန်ပြည်ထောင်စုတွင် အာဏာကြီးသုံးရပ်ကို သီးခြားဖြစ်အောင် အခြေခံဥပဒေကပြဋ္ဌာန်းထားပြီး ထိန်းညှိစနစ် (Check and Balance) စနစ်ကို ကျင့်သုံးထားသည်။ တရားရုံးချုပ်တရားသူကြီးများ၏ အမည်စာရင်းကို သမတကတင်သွင်းပြီး ကွန်ဂရက် အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် သမတက တရားရုံးချုပ်တရားသူကြီးများကို ခန့်အပ်ရသည်။ သမတက ၎င်းသဘောအတိုင်း တရားသူကြီးကို ရာထူးမှ ဖယ်ရှားချင်တိုင်း ဖယ်ရှား၍မရပေ။ တရားသူကြီးများကလည်း တရားစီရင်ရာတွင် ဥပဒေကိုသာ ထောင့်ရှု၍ လွှတ်လပ်စွာစီရင်ဆုံးဖြတ်ရသည်။

အင်္ဂလန်နိုင်ငံတွင် တရားရုံးချုပ်တရားသူကြီး (၇)ဦးကို အထက်လွှတ်တော်

(House of Lords) မှ ရွေးချယ်တင်မြှောက်ပြီး ၎င်းတို့သည် ဥပဒေပြုရေးနှင့် နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်လေ့မရှိဘဲ လွတ်လပ်စွာတရားစီရင်ရေးကိုသာ အာရုံစိုက်ဆောင် ရွက်ကြသည်။

- **လစာ၊ ရာထူးသက်တမ်း နှင့် လာဒ်စားမှု**

လစာရာထူးသက်တမ်းနှင့် လာဒ်စားမှုများသည် တရားစီရင်ရေးလွတ်လပ်မှု၊ မျှတမှုများအတွက်အရေးပါသော ထည့်သွင်းစဉ်းစားရမည့် အချက်များဖြစ်သည်။ တရားသူကြီးများသည်အဆင့်အတန်းနှင့်လျော်ညီသည့် နေထိုင်မှုစရိတ်ကို ကာမိစေသည့် ဝင်ငွေရရှိရန်လိုအပ်ပေသည်။ ထိုသို့ဝင်ငွေမရရှိပါက လွတ်လပ်၍မျှတသော တရားစီရင်မှုကိုထိ ခိုက်စေပါသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ တရားသူကြီးများသည် လစာငွေအမေရိကန်ဒေါ်လာ ၂၀ နှင့်ညီမျှသော လစာငွေသာရရှိသည်ဟု သိရှိရသည်။ သာမာန်အားဖြင့် ဒေါ်လာငွေ ၂၅၀ – ၃၀၀ ရမှသာ အခြေခံစားဝတ်နေရေးကို ဖူလုံစေသောအခြေအနေတွင် လစာဒေါ်လာ ၂၀ ခန့်မျှသာရသော တရားသူကြီးများသည် ဘဝရှင်သန်ရပ်တည်ရေးအတွက် ကြံဖန်ကြပေမည်။ ကမ္ဘောဒီးယားနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတရားသူကြီးများလစာမှာ ပို၍နည်းပေသည်။ (ဒေါ်လာပြင်ပပေါက်ဈေးနှင့်တွက်ပါက) ၁၀ဒေါ်လာခန့်သာရှိသည်ဟုဆိုရပေမည်။

တရားသူကြီးများက စား၊ ဝတ်၊ နေရေး မဖူလုံလျှင် လာဒ်စားကြမည်ဖြစ်သည်။ တဖန်ချစားမှုသည် တရားသူကြီးများအတွက် ကိုယ်ကျင့်တရားဆိုင်ရာ အားနည်းချက် ဖြစ်စေသည်။ အုပ်ချုပ်ရေးအာဏာပိုင်များက ထိုအားနည်းချက်ကို ထောက်၍ တရားသူကြီးများအပေါ် ဩဇာလွှမ်းမိုးလာတတ်သည်။

တနိုင်ငံလုံးအတိုင်းအတာနှင့် ချစားမှု၊ လာဒ်စားမှုများထူပြောနေပါကလည်း တရားစီရင်ရေးမျှတမှုကို လာရောက်ရိုက်ခတ်တတ်ပါသည်။ ဥပမာ– ထိုင်းနိုင်ငံသည် ၁၉၉၇ ခုနှစ်မတိုင်မီက ၎င်းနိုင်ငံ၏နိုင်ငံရေးစနစ်ကို ငွေကြေးနိုင်ငံရေး Money Politic ဟုတင်စားကြသည်။ အရာကိစ္စတိုင်းတွင် ငွေကြေးပေး၍ပြေလည်အောင် ဆောင်ရွက်ကြသည်။ ကက်ဘိနက်အဖွဲ့ဝင်များသည် ဥပဒေကို လစ်လျူရှုနေကြသည်ဟုဆိုသည်။ ရွေးကောက်ပွဲများတွင် မဲဝယ်မှုများထူပြောကြောင်း သတင်းကြီးလျက်ရှိသည်။ အထက်အဆင့်မှအောက်ခြေအဆင့်အထိ ချစားမှု၊ လာဒ်စားမှု ထူပြောသည်။ ဤအခြေအနေမျိုးတွင် တရားရုံးများကို အယုံအကြည်နည်းပါးကြသည်။ ထို့ကြောင့် ထိုင်းနိုင်ငံ၏ နိုင်ငံရေးစနစ်နှင့်လူနေမှုစနစ်ကို ပြန်လည်ပြုပြင်ရန် ၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်တရပ်ကို ရေးဆွဲအတည်ပြုခဲ့ကြသည်။ အမှုကိစ္စများကို တရားဥပဒေနှင့်အညီ မှန်ကန်မျှတစွာ အဆုံးအဖြတ်ပေးနိုင်အောင် တရားရုံးများအားလူထုက ယုံကြည်အားထားလာရအောင် ကြိုးပမ်းနေကြောင်းတွေ့ရှိရသည်။

မြန်မာနိုင်ငံ လက်ရှိ နအဖ/ နဝတ လက်အောက်တွင်လည်း ဝန်ထမ်းများ၊ တရားသူကြီးများအပါအဝင် လာဒ်စားမှုများ ထူပြောလျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းတရားသူ ကြီးများ၊ ဥပဒေအရာရှိများ ညှိနှိုင်းဆွေးနွေးပွဲတွင် ဝန်ထမ်းလောက၌ ပျက်စီးယိုယွင်းမှုများ၊ လာဒ်စားမှုများ များပြားလာကြောင်း၊ လာဒ်ပေးလာဒ်ယူမှု

စည်းလွတ်ဝါးလွတ် ဖြစ်နေကြောင်း နဝတ အတွင်းရေးမှူး (၁)က ထုတ်ဖော်ပြော ခဲ့သည်။ တတိုင်းပြည်လုံးရှိ ဝန်ထမ်းဌာန အဆင့်ဆင့်အလိုက် လဒ်စားမှုများထူ ပြောနေလျှင် တရားသူကြီးများကလည်းအများနည်းတူ မိုးခါးရေသောက်ကြမည် မြေကြီးလက်ခတ်မလွဲပေ။ ဤသို့ဖြစ်လျှင် တရားစီရင်မှုသည် မျှတနိုင်ပါမည် လား။ တရားရုံးများသည် အမှန်တရားနှင့် ဥပဒေစိုးမိုးရေးအတွက် အားထားရာ အဆောက်အအုံဖြစ်နိုင်ပါမည်လား။

ကုလသမဂ္ဂ ၏ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာမူများ

ကုလသမဂ္ဂအနေနှင့်လည်း ဥပဒေနှင့်အညီမဟုတ်ဘဲ မတရားသဖြင့် မည်သူမျှနစ် နာဆုံးရှုံးခံရခြင်း မဖြစ်ရလေအောင်ကာကွယ်သည့်ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းလေ့ရှိသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေငြာစာတမ်း အပိုဒ် (၁၀)တွင် ဘက်လိုက်မှုကင်း၍ လွတ် လပ်ပြီးစွမ်းဆောင်ရည်ရှိသော ဥပဒေနှင့်အညီထူထောင်ထားသည့် တရားရုံးများ၌ မျှမျှ တတနှင့် လူအများရှေ့မှောက်တွင်တရားစီရင်ကြားနာခွင့်ရှိစေရန် ပြဋ္ဌာန်းထားသည်။ သို့သော် လက်တွေ့တွင်မူ အချို့နိုင်ငံများသည် ထိုမူများနှင့်ကိုက်ညီမှုမရှိဘဲ တရားစီရင် နေကြ သည်။

ထို့ကြောင့် အထက်တွင်ဖော်ပြထားသည့်အတိုင်း အပြစ်မဲ့သူများသည် ကြီးမား သည့် နစ်နာဆုံးရှုံးမှုကို ခံနေရသည်။ ထိုအခြေအနေများ လျော့ပါးသွားစေရန်၊ ကင်းစင် သွားစေရန် ၁၉၈၅ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၀/ ၃၂ နှင့် ၄၀/ ၁၄၆တို့ဖြင့် တရားစီရင်ရေးလွတ်လပ်မှုနှင့်သက်ဆိုင်သောအခြေခံမူများ ချ မှတ်ခဲ့သည်။

အပိုဒ် (၁)တွင် တရားစီရင်ရေးလွတ်လပ်မှုကို သက်ဆိုင်ရာနိုင်ငံများ၏ အခြေခံဥပ ဒေ သို့မဟုတ် နိုင်ငံဥပဒေတွင် ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း အစိုးရများနှင့် အဖွဲ့အစည်း များသည် လွတ်လပ်စွာတရားစီရင်မှုကို လေးစားလိုက်နာရမည်ဟု ပြဋ္ဌာန်းထားသည်။

အပိုဒ် (၂)တွင် တရားသူကြီးသည် မည်သည့်အကြောင်းနှင့်မျှ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ချိန်းခြောက်ခြင်း၊ စွက်ဖက်ခြင်း၊ ဖိအား ပေးခြင်း၊ မြူဆွယ်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်း (ကင်းစွာ) ဥပဒေ နှင့်အညီ၊ အချက်အလက်အပေါ်အခြေခံ၍ ဘက်မလိုက်ဘဲ တရားလို/ တရားခံတို့ရှေ့ မှောက်တွင် အမှုများကိုဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အပိုဒ် (၁၁)တွင် တရား သူ ကြီးများအားလုံလောက်သောလစာကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရန်ဖော်ပြ ထား သည်။

တဖန်အပြည်ပြည်ဆိုင်ရာရှေ့နေအသင်း(International Bar Association)က လည်း ၁၉၈၂ ခုနှစ်အစည်းအဝေးမှ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု အနိမ့်ဆုံးစံများ ကို သတ်မှတ်အတည်ပြုခဲ့သည်။ အတည်ပြုချက်တွင် တရားသူကြီးများသည် အုပ်ချုပ် ရေးဆိုင်ရာ၏ ထိန်းချုပ်မှုမှကင်းလွတ်စေရန် တရားသူကြီးများ၏ ရာထူးသက်တမ်းနှင့်

တရားစီရင်ရေး စည်းကမ်းချက်များကို အပြည့်အဝအာမခံချက်ရှိရမည်ဖြစ်ကြောင်း တရားသူကြီးများသည် ၎င်းတို့၏အသိတရားနှင့် ဥပဒေပြဋ္ဌာန်းချက်မှလွဲ၍ (တရားစီ ရင်ရာတွင်)အခြား မည်သည့် အချက်ကိုမျှ လိုက်နာခြင်းမရှိစေရ ဟူ၍ပါရှိသည်။
အထက်ပါချက်များသည် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို နိုင်ငံတိုင်းက အာမခံပေးရန် လေးစားရန် တိုက်တွန်းနှိုးဆော်ချက်များဖြစ်သည်။

၁၉၉၀ ခုနှစ် နောက်ပိုင်းတွင်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ရေးဆွဲသော နိုင်ငံများသည် ၎င်းတို့၏ အခြေခံဥပဒေအသစ်တွင် လွတ်လပ်စွာတရားစီရင်ခွင့် ထည့်သွင်းပြဋ္ဌာန်းလာကြသည်။ ဥပမာ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၆၅)တွင် တရားရုံးများ၏ လွတ်လပ်မှုနှင့် အခြားမည်သည့် လူပုဂ္ဂိုလ်သော်လည်းကောင်း အဖွဲ့အစည်းသော်လည်းကောင်း တရားရုံး၏ လုပ်ငန်းဆောင်ရွက်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိ စေရန်ပြဋ္ဌာန်းထားသည်။ ကမ္ဘောဒီးယားဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ယခင်နှစ်က ရေးဆွဲထားသော ထိုင်းနိုင်ငံ အခြေခံဥပဒေသစ်များတွင်လည်း လွပ်လပ်စွာတရားစီရင်နိုင်ခွင့် ပတ်သက်၍ ထည့်သွင်းပြဋ္ဌာန်းပေးထားသည်။ သဘောမှာ လွတ်လပ်စွာတရားစီရင်ခွင့်ကို အာမခံချက်ပေးထားသည့်သဘောဖြစ်ပေသည်။
လွတ်လပ်စွာတရားစီရင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းအာမခံပေးပြီး လက်တွေ့ကျင့်သုံးနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျှင်ရေရှည်တွင် မတရားသဖြင့် နစ်နာဆုံးရှုံးနေရမှုများ လျော့နည်းပျောက်ကွယ်သွားပေမည်။ မြန်မာနိုင်ငံတွင်မူ တရားစီရင်ရေးလွတ်လပ်မှုကိုအာမခံပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေလည်းမရှိ နဝတ/နအဖ စစ်အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်းများစွာကြာရှည်လာသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာစေခြင်းမရှိသည့်အတွက် မတရားသဖြင့်နစ်နာဆုံးရှုံးခံရမှုများက ဆက်လက်ရှိနေ ဦးမှာဖြစ်သည်။ ။

အင်ဒိုနီးရှားနိုင်ငံအထွေထွေရွေးကောက်ပွဲ

ခင်မောင်ဝင်း

၁၉၉၉ ခုနှစ် ဇွန်လ(၇)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အင်ဒိုနီးရှားမဲဆန္ဒရှင် ပြည်သူ (၁၃၄)သန်းက ငြိမ်းချမ်းစွာမဲပေးခဲ့ပုံသည် အင်ဒိုနီးရှားပြည်သူလူထု ပါတီစုံဒီမိုကရေစီစနစ်နှင့် မထိုက်တန်သေးဘူးဟု တချိန်ကအင်ဒိုနီးရှားကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သူများပြောခဲ့သော လက်သုံးစကားမမှန်ကြောင်းကို ပြသလိုက်ခြင်းဖြစ်ပေသည်။ သို့သော် အာဏာရှင်သမတဆူဟာတိုကို ပြုတ်ကျစေခဲ့သော ၁၉၉၈ ခုနှစ်မေလ ကျောင်းသားဆန္ဒပြပွဲများနှင့်အတူ အင်ဒိုနီးရှားတွင် သွေးထွက်သံယိုဖြစ်မှု တသီတတန်းကြီးနောက်တွင်မှ ၎င်းအထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အသက်ပေါင်းများစွာ စတေးခံရပြီးမှ ဖြစ်ပေါ်လာရသည့် ဒီမိုကရေစီရွေးကောက်ပွဲဖြစ်သည်။ အင်ဒိုနီးရှားပြည်သူများသည် ၎င်းတို့တောင်းဆိုသည့် ဒီမိုကရေစီကို စည်းကမ်းတကျနှင့် ကျင့်သုံးသွားသည်ကို တကမ္ဘာလုံးကိုပြသလိုက်တဲ့အတွက် သြစတြေးလျ၊ ဂျပန်၊ နယူးဇီလန်အပါအဝင် ဒေသအတွင်းနိုင်ငံများက အင်ဒိုနီးရှားပြည်သူများကို ထုတ်ဖော်ချီးကျူးရသည်အထိ ဖြစ်ခဲ့ရပါသည်။

ထိုအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက ခရိုင်အဆင့်ဥပဒေပြုအဖွဲ့၊ ပြည်နယ်အဆင့် ဥပဒေပြုအဖွဲ့နှင့် နိုင်ငံတော်အဆင့် ဥပဒေပြုအဖွဲ့များကို ရွေးချယ်ပေးရခြင်းဖြစ်သည်။ နိုင်ငံတော်အဆင့် ဥပဒေပြုလွှတ်တော်သည် အမျိုးသားအတိုင်ပင်ခံလွှတ်တော် People's Consultative Assembly (အင်ဒိုနီးရှားဘာသာစကားနှင့်အတိုကောက်အခေါ်အဝေါ် MPR) ဟု အင်ဒိုနီးရှားနိုင်ငံတွင် လူသိများပါသည်။ သို့သော်အမျိုးသားအတိုင်ပင်ခံလွှတ်တော်တွင် သမတဆူဟာတိုလက်ထက်တုံးက ၎င်း၏စစ်တပ်နှင့် သမတ၏ပါတီဖြစ်သော ကိုကာပါတီကသာ အဓိကလွှမ်းမိုးခဲ့ခြင်းဖြစ်ပါသည်။ ၁၉၉၉ခုနှစ်၊ ဇန်နဝါရီလတွင် ဥပဒေဟောင်းတချို့ကိုပြင်ဆင်၊ နောက်ထပ်ဥပဒေအသစ်တချို့ကို ပြဋ္ဌာန်းပြီး၊ ယခုအထွေထွေရွေးကောက်ပွဲကိုကျင်းပခြင်းဖြစ်သည်။ အမျိုးသားအတိုင်ပင်ခံလွှတ်တော်အသစ်တွင် စုစုပေါင်းကိုယ်စားလှယ် (၇၀၀)ပါဝင်သည်။ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်သည် အင်ဒိုနီးရှားနိုင်ငံ၏အမြင့်ဆုံး ဥပဒေပြုအဖွဲ့ဖြစ်ခဲ့ပြီး

အုပ်ချုပ်ရေးအာဏာ ကျင့်သုံးမှုတွင် အာဏာအရှိဆုံးဖြစ်မည့် သမ္မတကိုလည်း ရွေးချယ်ပေးရသည်။

အမျိုးသားအတိုင်ပင်ခံလွှတ်တော်ကို ကိုယ်စားလှယ်အစုအဖွဲ့ နှစ်ခုနှင့်ဖွဲ့စည်းပါသည်။ ပထမကိုယ်စားလှယ် အစုအဖွဲ့တဖွဲ့မှာ ပြည်နယ်ဥပဒေပြုအဖွဲ့များကရွေးချယ်ပေးရမည့် ပြည်နယ်ကိုယ်စားလှယ်များနှင့် လူတန်းစားကိုယ်စားလှယ်များပါဝင်မည့် ရွေးချယ်ခံမဟုတ်သော ကိုယ်စားလှယ်(၂၀၀)အဖွဲ့ဖြစ်ပါသည်။ ကျန်သော ကိုယ်စားလှယ်(၅၀၀)ကို ပြည်သူ့လွှတ်တော် (People's Representative Assembly, DPR)ဟုခေါ်ပါသည်။ သို့သော် DPR ကိုယ်စားလှယ်(၅၀၀)ထဲတွင် စစ်တပ်ကခန့်အပ်ထားသည့် ကိုယ်စားလှယ်က (၃၈)ဦးပါသင်သည့်အတွက် ကျန်(၄၆၂)ကိုသာ ဇွန်လ အထွေထွေရွေးကောက်ပွဲများတွင် ရွေးချယ်သည်။

ထို့ကြောင့် ဇွန်လရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတခုခုက အနိုင်ရယုံနှင့် ယင်းပါတီက အစိုးရဖွဲ့နိုင်ခြင်းမရှိပါ။ အောက်တိုဘာလ(၂၀)ရက်နေ့တွင် MPR ၌ သမတ ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ ဇွန်လ အထွေထွေရွေးကောက်ပွဲများတွင် DPR ၌ ဖြစ်နိုင်သမျှ ကိုယ်စားလှယ်နေရာများများ အနိုင်ရထားသည့် ပါတီက သမတရွေးကောက်ပွဲမှာ အနိုင်ရရန် အလားအလာများသည်ဟုသာ တွက်ဆ၍ရပါသည်။ ဇွန်လရွေးကောက်ပွဲများတွင် ရွေးချယ်ခံရသူများသည် သမတကိုရွေးချယ်တင်မြှောက်မည့် ပြည်သူ့အတိုင်ပင်ခံလွှတ်တော် မှာပါဝင်ပြီး သမတကို မဲပေးရွေးချယ်မည့်သူများလည်း ဖြစ်ပါသည်။ ဇွန်လရွေးကောက်ပွဲနှင့်ပတ်သက်၍ ယေဘုယျအားဖြင့်ပြောနိုင်သည်မှာ ယခုရွေးကောက်ပွဲမှစ၍ အင်ဒိုနီးရှားနိုင်ငံ၏ စစ်အာဏာရှင်အုပ်ချုပ်ရေးမှ လမ်းခွဲထွက်ခွါသွားပြီဟူသော အချက်ဖြစ်ပါသည်။

နိုင်ငံရေးပါတီအသီးသီးရရှိသော ကိုယ်စားလှယ်ဦးရေစာရင်း

နိုင်ငံရေးပါတီ	*ခေါင်းဆောင်၊ အမျိုးအစား*	*အမတ်နေရာ*
PDI-P	မက်ဂါဝါတီဆူကာနိုပူထရီ	၁၅၃
Golkar (ဂိုကာပါတီ)	ဘီဂျေ-ဟာဘီဘီ	၁၂၀
PPP	မူဆလင်ပါတီ	၅၈
PKB	မူဆလင်ပါတီ	၅၁
အင်ဒိုနီးရှားစစ်တပ်	ခန့်အပ်ခံရသူများ	၃၈
PAN	မူဆလင်ပါတီ	၃၄
အခြားပါတီများ		၄၆

နောက်ခံသမိုင်း

အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၆၅ ခုနှစ်တွင် သမတဆူကာနို (မက်ဂါဝါတီ၏ဖခင်) အား ပေးမှုရရှိသော ကွန်မြူနစ်လိုလားသူများ၏ မအောင်မြင်သည့်အာဏာသိမ်းမှုတခုဖြစ်ပွါးခဲ့ပါသည်။ ထိုအာဏာသိမ်းမှုကို ဖြိုခွင်းနိုင်သည့် ထိုအချိန်က ဗိုလ်မှူးချုပ်ဆူဟာတိုသည် အာဏာသိမ်းမှုအပြီး နိုင်ငံတော်အာဏာကို လုံးဝထိမ်းချုပ်သွားနိုင်ခဲ့ပါသည်။ ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူဟု စွပ်စွဲခံရသူများကို သိန်းနှင့်ချီပြီး သုတ်သင်ရှင်းလင်းခဲ့ပါသည်။ သမတ ဆူကာနိုကိုလည်း ဖမ်းဆီးထောင်ချခဲ့ရာ၊ အဖမ်းခံနေရစဉ်မှာ ကွယ်လွန်သွားခဲ့ပါသည်။ ၁၉၆၅ခုနှစ် ဆူဟာတို အာဏာရယူခြင်းမရှိချိန် နောက်ဆုံးကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ၁၉၅၅ ခုနှစ်ကကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်ပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များကိုရောက်သောအခါ ဆူဟာတို အာဏာရယူထားမှုသည် ဥပဒေကြောင်းအရ တရားဝင်ကြောင်းပြသနိုင်ရေးကို အကွက်ချ လုပ်ဆောင်လာခဲ့ပါသည်။ အဓိကအားဖြင့် အာဏာရှင်စနစ်ကိုအားပေးသော ၁၉၄၅ ခုနှစ်အခြေခံဥပဒေကို ပြန်လည်ကျင့်သုံးခြင်းနှင့် ဂိုကာပါတီကိုတည်ထောင်ပြီး ရွေးကောက်ပွဲတိုင်းမှာအနိုင်ရအောင် စီမံဆောင်ရွက်မှုဖြစ်ပါသည်။ အတိုက်အခံဟု အမည်အားဖြင့်သတ်မှတ်ထားသော အခြားနိုင်ငံရေးပါတီနှစ်ခုကို တည်ထောင်ထားခွင့်ပြုသော်လည်း၊ ဆူဟာတို အုပ်ချုပ်ရေးကာလအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲမှန်သမျှမှာ ဂိုကာပါတီမှအနိုင်ရပြီး ဆူဟာတိုသည် သမတအဖြစ် အကြိမ်ကြိမ်အရွေးခံရသည်မှာ ၁၉၉၇ ခုနှစ် နောက်ဆုံး ရွေးကောက်ပွဲ ကျင်းပသောအချိန်အထိဖြစ်ပါသည်။

သမတဆူဟာတိုသည် သူသမတအဖြစ်ဆောင်ရွက်ပြီး အုပ်ချုပ်သောကာလကို အင်ဒိုနီးရှား ပုံစံသစ်အုပ်ချုပ်ရေး (New Order Regime) ဟုခေါ်ဆိုပြီး ၁၉၄၅ ခုနှစ် အင်ဒိုနီးရှားလွတ်လပ်ရေးရစဉ်ကနေ ၁၉၆၅ ခုနှစ်အထိ မက်ကာဝါတီ၏ဖခင် အင်ဒိုနီးရှားလွတ်လပ်ရေးပိသုကာ ဆူကာနို အုပ်ချုပ်ခဲ့သောကာလကို စနစ်ဟောင်းအုပ်ချုပ်ရေး (Old Order Regime)ဟု သတ်မှတ်ခဲ့ပါသည်။ ဆူဟာတို သမတအဖြစ် အုပ်ချုပ်လာခဲ့သော အနှစ်သုံးဆယ်ကျော်ကာလ (၁၉၆၅–၁၉၈၈) အတွင်းတွင် ရေနံအကြီးအကျယ်တူးဖေါ်တွေ့ရှိလာသောကြောင့် အင်ဒိုနီးရှားစီးပွါးရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ၎င်းကိုအကြောင်းပြုပြီး ဆူဟာတိုကို တိုးတက်ဖွံ့ဖြိုးရေး၏ဖခင်ဟု တင်စားမှုများရှိလာခဲ့ပါသည်။

ဆူဟာတိုအာဏာရလာစဉ်ကတည်းက ထိုအစိုးရနှင့်၎င်းကို အာဏာတောက်တိုင်အဖြစ် တာဝန်ယူပေးနေရသော စစ်တပ်တို့ တောက်လျှောက်ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများက ဆူဟာတို အစိုးရကို အရိပ်မဲလို လွှမ်းမိုးနေခဲ့ပါသည်။ သို့သော် ဆူဟာတို အာဏာစတင်ရယူစဉ်အတွင်း အနောက်နိုင်ငံများသည် ကွန်မြူနစ်ရန်ကို အကြီးအကျယ်စိုးရိမ်နေရသဖြင့် ဆူဟာတို ဘယ်လောက်ပဲ လူ့အခွင့်အရေးချိုးဖေါက်နေပါစေ၊ ကွန်မြူနစ်စနစ်ကို ဆန့်ကျင်နေယင်ပြီးရောသဘောဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက ဆူဟာတိုကို ထောက်ခံမှုများပေးခဲ့ပါသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကွန်မြူနစ်များနှင့်အားပြိုင်ရသော စစ်အေးတိုက်ပွဲ ပြီးဆုံးချိန်နှင့် လူ့အ

ခွင့်အရေးလှုပ်ရှားမှုများ တကမ္ဘာလုံး ပြင်းထန်လာသည့်အချိန်ရောက်သောအခါ ဆူဟာတို၏ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် မတရားချမ်းသားကြွယ်ဝမှုများကို အင်ဒိုနီးရှားမှာသာမက အင်ဒိုနီးရှားပြင်ပကသူများကြားမှာပါ ဝေဖန်ထောက်ပြစရာဖြစ်လာခဲ့ပါသည်။

၁၉၉၇ခုနှစ်မှာ ထိုင်းနိုင်ငံကစတင်လိုက်သော စီးပွါးပျက်ကပ်ကြီး အင်ဒိုနီးရှားနိုင်ငံသို့ကူးစက်သွားသောအခါ ဆင်းရဲသားများက လူဦးရေစုစုပေါင်း၏ (၇၀)ရာနှုန်းကျော်ပါဝင်နေသော အင်ဒိုနီးရှားပြည်သူများ၏အမျက်ဒေါသသည် သမတဆူဟာတိုနှင့် အာဏာလက်ဝါးကြီးအုပ်သော ဂိုကာပါတီကို အဓိကပစ်မှတ်ထားလာခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မေလကဖြစ်ပွါးခဲ့သော ကျောင်းသားများဦးဆောင်သည့် ဆန္ဒပြပွဲများမှ သမတဆူဟာတိုကိုဖြုတ်ချနိုင်ခဲ့ပြီး ဇွန်လထွေထွေရွေးကောက်ပွဲများကျင်းပနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်လာနေပြီဟု လေ့လာသူများက တွက်ဆနေကြပါပြီ။ အာဏာလက်ဝါးကြီးအုပ်ခဲ့သော ဂိုကာပါတီခေါင်းဆောင်များနှင့် စစ်တပ်ကလည်း ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာနေပါပြီ။ အင်ဒိုနီးရှားပြည်သူများ ယုံကြည်ကိုးစားသော အမျိုးသမီးခေါင်းဆောင် မက်ကာဝါတီဆူကာနိုပူထရီကို ခေါင်းဆောင်တင်မည့်အချိန်လည်း ကျရောက်လာခဲ့ပါပြီ။

တိုက်ပွဲဝင်–အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ
Indonesian Democratic Party- Struggle (DPI-D)

> *၁၉၉၀ ပြည့်လွန်နှစ်များတွင်မက်ကာဝါတီသည် အင်ဒိုနီးရှားပြည်သူများကြားတွင် ထင်ပေါ်ကြော်ကြားလာခြင်းကြောင့် အာဏာရပါတီ ဖြစ်လာမည်ကို စိုးရိမ်သည့် ဂိုကာ ပါတီနှင့် သမတဆူဟာတိုသည် သူလျှို၊ ဒလံများကို လှုံ့ဆော်စေပြီး ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲမတိုင်မီတွင် ဒီမိုကရက်တစ်ပါတီကို နှစ်ခြမ်းခွဲခဲ့ပြီး မက်ကာဝါတီခေါင်းဆောင် သည့်အခြမ်းကို တရားမဝင်ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ မက်ကာဝါတီ၏ပါတီကို Indonesian Democratic Party- Struggle (PDI-P) (တိုက်ပွဲဝင် အင်ဒိုနီးရှားဒီမို ကရက်တစ်ပါတီဟု အမည်ပေးခဲ့ပါသည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလထဲတွင် ပြင်ဆင်အတည်ပြုထားသည့် နိုင်ငံရေးပါတီဥပဒေပေါ်လာပြီးမှ မက်ကာဝါတီ၏ တိုက်ပွဲဝင် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ တရားဝင်ရပ်တည်ခွင့်ရခဲ့ပါသည်။ ပါတီနှစ်ခြမ်းကွဲစဉ်က တရားဝင်ရပ်တည်ခွင့်ရထားသည့် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီလည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပါသည်။*

ရွေးကောက်ပွဲကော်မရှင်

အနှစ်လေးဆယ်ကျော်အတွင်း ပထမဦးဆုံးဖြစ်မည့် ဇွန်လအထွေထွေရွေးကောက်ပွဲသည် အမှန်တကယ်လွတ်လပ်တရားမျှတပါမည်လားဟု နိုင်ငံရေးအကဲခတ်များကို စိုးရိမ်စရာဖြစ်စေသောအချက်များထဲတွင် ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်သောအချက်လဲပါဝင်သည်။ ဆူဟာတို၏ အုပ်ချုပ်ရေးအောက်တွင်လုပ်ခဲ့သော ရွေးကောက်ပွဲမှန်သမျှမှာ ဂိုကာပါတီအနိုင်ရအောင် လုပ်တဲ့နေရာတွင် ရွေးကောက်ပွဲကော်မရှင်ကို လွှမ်းမိုးထားမှုလည်း ပါဝင်ပါသည်။ မည်သည့်နိုင်ငံတွင်မဆို ရွေးကောက်ပွဲကော်မရှင်လွတ်လပ်မှုမရှိပဲ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရန်မဖြစ်နိုင်ပါ။

အင်ဒိုနီးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲဗဟိုကော်မရှင် (National Election Commissiom, KPU) ကို အစိုးရမှကိုယ်စားလှယ် (၅)ဦးနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော နိုင်ငံရေးပါတီ (၄၈)ခုမှ ကိုယ်စားလှယ်တဦးစီ ပါဝင်ဖွဲ့စည်းစေပါသည်။ KPU မှာ အစိုးရကိုယ်စားလှယ်(၅)ဦး ပါဝင်နေသည်ကိုထောက်ပြီး တချို့က ရွေးကောက်ပွဲကော်မရှင်၏ လွတ်လပ်မှုကို မေးခွန်းထုတ်ခဲ့ပါသည်။ သို့သော် လက်တွေ့၌ ရွေးကောက်ပွဲကော်မရှင်အနေနှင့် အကန့်အသတ်များကြားမှ ၎င်းရွေးကောက်ပွဲကို လွတ်လပ်တရားမျှတမှုအများဆုံးရအောင် ကြိုးပမ်းလုပ်ဆောင်ပေးခဲ့ရပုံကိုဖြင့် လေ့လာသူအားလုံးက အသိအမှတ်ပြုကြပါသည်။ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ(၂၈)ရက်နေ့ တွင်မှ ဇွန်လရွေးကောက်ပွဲအတွက် လိုအပ်သောဥပဒေများကို အတည်ပြုပြီးမှ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောကြောင့် (၅)လအတွင်း ၎င်းရွေးကောက်ပွဲကို စီစဉ်ရခြင်းဖြစ်ပါသည်။

KPU အနေနှင့်အဓိကအားဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ထုတ်ပြန်ပေးပါသည်။ တနိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲတရပ်လုံးကို အကောင်အထည်ဖေါ် သွားရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းကော်မရှင်တရပ်ကို KPU လက်အောက်တွင် ထပ်မံဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့ကို ရွေးကောက်ပွဲလုပ်ငန်းကော်မတီ (PPI) ဟုခေါ်ပါသည်။ PPI ၏လက်အောက်တွင် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့် စသဖြင့် ရွေးကောက်ပွဲလုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပါသည်။ ရွေးကောက်ပွဲလုပ်ငန်းမှကော်မရှင်အဖွဲ့တိုင်းတွင် သက်ဆိုင်ရာပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်တဦးစီနှင့် အစိုးရကိုယ်စားလှယ်(၅)ဦး ပါဝင်ဖွဲ့စည်းထားပါသည်။

ယခင် ဆူဟာတိုလက်ထက်တုံးက ရွေးကောက်ပွဲကော်မရှင်နှင့် လုပ်ငန်းကော်မတီဝင်အားလုံးကို အစိုးရက ခန့်အပ်တာဝန်ပေးအပ်ပါသည်။ ယခုတကြိမ်မှာ ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက အစိုးရကိုယ်စားလှယ်များ၏ လွှမ်းမိုးမှုကို ကျော်လွှားနိုင်ခဲ့ပါသည်။ အာစီယံနိုင်ငံအချို့တွင် ရွေးကောက်ပွဲကော်မရှင်များသည် အစိုးရရုပ်သေးရုပ်ဖြစ်နေရသောဘဝမျိုးနှင့် ကြုံနေရသည်ကို တွေ့ရတတ်ပါသည်။ မြန်မာနိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်သည် အစိုးရရုပ်သေး အဖြစ်လုံးဝရောက်ရှိနေပြီး ဥပဒေပြဌာန်းချက်ပါအလုပ်တာဝန်များကို ဆောင်ရွက်ရမည့်အစား စစ်အစိုးရမှခိုင်းသမျှကိုသာ လိုက်လုပ်နေရပါသည်။ ထို့အတူ ကမ္ဘောဒီးယားနိုင်မှာလည်း ရွေးကောက်ပွဲကော်မ

ရှင်သည် အစိုးရအလိုကျပုံစံအတိုင်း လုပ်ဆောင်ပေးခဲ့ရသည်များရှိခဲ့သည်ဟုဆိုကာ ဝေဖန်ခံခဲ့ရပါသည်။

သို့သော် အင်ဒိုနီးရှားရွေးကောက်ပွဲလုပ်ငန်းကော်မရှင်များသည် ခြောက်ပြစ်ကင်း၊ သဲလည်းစင် ကောင်းမွန်ခြင်းမျိုးတော့မဟုတ်ပါ။ ရွေးကောက်ပွဲလုပ်ငန်းကော်မရှင်ဆင့်ဆင့်တွင် နိုင်ငံရေးပါတီအားလုံးမှကိုယ်စားလှယ်များကို ပါဝင်ဖွဲ့စည်းစေသော ဂိုကာပါတီကိုယ်စားလှယ်များလည်း ပါဝင်ခွင့်ရကြပါသည်။ တချို့ နိုင်ငံရေးအကဲခတ်များအဆိုအရ ဂိုကာပါတီသည် ပါတီခွဲ (၁၀)ခုကိုပါမွေးထုတ်ပြီး ၎င်းရွေးကော်က်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခိုင်းသည်ဟု သိရပါသည်။ ထိုပါတီများအနေနှင့် ပြည်သူလူထုထောက်ခံမှုမယ်မယ်ရရမှမရှိ၍ လွှတ်တော်တွင်ကိုယ်စားပြုနိုင်လောက်သောအဆင့်ကို ရောက်လာမည်မဟုတ်သော်လည်း ရွေးကောက်ပွဲလုပ်ငန်းကော်မတီအဆင့်ဆင့်တွင်အခြားပါတီများနှင့်အတူ တန်းတူကိုယ်စားပြုခွင့်ရထားသဖြင့် လိုအပ်၍သဘောထား ချမှတ်လျှင် မဲကစားနိုင်သည်ကို နိုင်ငံရေးပါတီကြီးများက ကြိုတွက်မိကြသည်။ ထင်သည့်အတိုင်းပင် တနိုင်ငံလုံး မဲစာရင်းများရေတွက်ပြီး၍ ထိုမဲစာရင်းရလဒ်ကိုအတည်ပြုရန် KPU ၌ ဆွေးနွေးသောအခါ လူထုထောက်ခံမှုမဲအရေအတွက် မယ်မယ်ရရမရှိသော ပါတီငယ်များက မဲစာရင်းများကို အတည်ပြုရန်ငြင်းပယ်သဖြင့် မဲစာရင်းအတည်ပြုရေးကိစ္စ ပြဿနာကြုံခဲ့သည်။ နောက်ဆုံး သမတ ဟာဘီဘီက အတည်ပြုပေးလိုက်တော့မှ ထိုပြဿနာ အဆုံးသတ်သွားသည်။

ဇွန်လ(၇)ရက်နေ့ရွေးကောက်ပွဲများကို တနိုင်လုံးတွင်ကျင်းပသော အင်ဒိုနီးရှားမှ ပြဿနာတက်နေသော ပြည်နယ်များဖြစ်သည့် အရှေ့တီမော၊ အာချေးနှင့် အီရီယန်ဂျာယား ပြည်နယ်များမှာလည်း ကျင်းပခဲ့ပါသည်။ ထိုပြည်နယ်များတွင် အင်ဒိုနီးရှားအစိုးရကိုဆန့်ကျင်ပြီး ခွဲထွက်ရန်တောင်းဆိုမှုများရှိနေသဖြင့် အင်ဒိုနီးရှားစစ်တပ်လှုပ်ရှားမှုအများဆုံးရှိနေသော ပြည်နယ်များဖြစ်ပါသည်။ ရွေးကောက်ပွဲကာလအတွင်း တိုက်ခိုက်မှုဖြစ်မည်ဆိုသော ကောလာဟာသတင်းများထွက်ပေါ်နေသည့်အတွက် တခြားနိုင်ငံရေးပါတီများထက် ဂိုကာပါတီတခုတည်းနှင့် ၎င်းကိုထောက်ခံသူများကသာ ရွေးကောက်ပွဲလုပ်ငန်း ကော်မတီအဆင့်ဆင့်တွင်ပါဝင်နေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဂိုကာပါတီမှ လုံခြုံရေးအခက်အခဲဖြစ်နေသည်ကို အခွင့်ကောင်းယူပြီး ရွေးကောက်လုပ်ငန်းကော်မတီများတွင် လွှမ်းမိုးသွားမည့်အရေးကိုဖြင့် စိုးရိမ်နေခဲ့ကြရပါသည်။

ရေဘုံယျခြိုပြောရခြင်းသည် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲ လုပ်ငန်းကော်မတီအဆင့်ဆင့်တွင် အစိုးရလွှမ်းမိုးမှုမှ ကင်းလွတ်သောကြောင့် လွတ်လပ် တရားမျှတမှုရှိသောရွေးကောက်ပွဲဖြစ်ရန် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှာကဲ့သို့ အရွေးခံရသော ပြည်သူ့ကိုယ်စားလှယ်များကို စစ်တပ်က နည်းမျိုးစုံနှင့်နှိပ်ကွပ်သောနေရာတွင် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် ပါဝင်မည်မဟုတ်သည်မှာသေချာနေပါသည်။ ရွေးချယ်ခံရသူများထံ အာဏာလွှဲပြောင်းပေးရေးအပါအဝင် ရွေးကောက်ပွဲကော်မရှင်အလုပ်ကိုဖြင့် အစိုးရထိမ်းချုပ်မှုမရှိပဲ လွတ်လပ်စွာလုပ်ဆောင်နေသောအဖွဲ့ဟု မှတ်ချက်ချနိုင်သော အဖွဲ့ဖြစ်ပါသည်။

ရွေးကောက်ပွဲအပြီးနိုင်ငံရေးလုပ်ငန်းစဉ်

ရွေးကောက်ပွဲအပြီး ပထမဦးဆုံး ဦးစားပေးလုပ်ဆောင်ရမည့်ချက်ကဖြင့် အင်ဒိုနီးရှားနိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွါးရေး ပြန်လည်ဦးမော့လာစေခြင်းတို့ဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်မှုမရှိပဲနှင့် စီးပွါးရေးပြန်လည်ဦးမော့လာအောင် ဘယ်နည်းနှင့်မှလုပ်မရဘူးဟု သိနေသော အတိုက်အခံခေါင်းဆောင်များသည် ရွေးကောက်ပွဲပြီးသည်နှင့် နိုင်ငံရေးတည်ငြိမ်အောင် ပထမဦးစားပေးလုပ်ဆောင်းရန် စိတ်ပိုင်းဖြတ်ထားကြပါသည်။ လက်ရှိသမတ ဘီဂျေဟာဘီဘီ၏ အစိုးရသည် တရားမဝင်ဟု ကျောင်းသားများနှင့် နိုင်ငံရေးသမားတချို့မှ ယူဆထားသောကြောင့် နိုင်ငံရေးပြသနာများကို ဖြေရှင်းနိုင်စွမ်းမရှိဟု ထောက်ပြသူများရှိနေပါသည်။ တရားမဝင်ဟု ပြည်သူများက ယူဆထားခြင်းခံရသောအစိုးရအနေနှင့် နိုင်ငံရေးပြသနာများကို ဖြေရှင်းရန် မရဟုဆိုသည့်သဘောဖြစ်ပါသည်။

လက်ရှိအခြေအနေတွင်အင်ဒိုနီးရှားနိုင်ငံကြုံတွေ့နေရသော နိုင်ငံရေးမတည်ငြိမ်မှုဖြစ်စေသော အကြောင်းအရင်းများထဲတွင် အောက်ပါပြသနာများ ပါဝင်နေသည်။

- **အရှေ့တီမောလွတ်လပ်ရေးကိစ္စ–** ဤကိစ္စကို အင်ဒိုနီးရှားစစ်တပ်နှင့် မက်ဂါဝါတီ၏ တိုက်ပွဲဝင်အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီအပါအဝင် နိုင်ငံရေးပါတီတချို့က သဘောမတူကြပါ။ အရှေ့တီမော လွတ်လပ်ရေးအတွက် ဆန္ဒမဲပေးခဲ့သည့်ကိစ္စကို ပြည်သူ့အတိုင်ပင်ခံလွှတ်တော်သစ်တွင် အတည်ပြုပေးရပါမည်။ သမတ ဘီဂျေဟာဘီဘီအနေဖြင့် ကြားဖြတ်အစိုးရအသွင်နှင့်တာဝန်ထမ်းဆောင်နေခြင်းဖြစ်၍ ပြည်နယ်တခုကို လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲလုပ်ပေးရန် အခွင့်အာဏာမရှိဟု ထောက်ပြနေသူများထဲတွင် တိုက်ပွဲဝင်အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီခေါင်းဆောင်များပါဝင်သည်။ ထိုသူများနှင့် စစ်တပ်တို့ပေါင်းသွားနိုင်သည်။ အင်ဒိုနီးရှားစစ်တပ်က အရှေ့တီမောတွင် တော်လှေျာက်ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများ အရှေ့တီမောလွတ်လပ်ရေးရသွားလျှင် ဘူးပေါ်သလိုပေါ်လာမည်ကို အထူးစိုးရိမ်နေရသည်။ အရှေ့တီမောပြသနာကြောင့် ဩစတြေးလျအပါအဝင် အနောက်နိုင်ငံတချို့နှင့် အင်ဒိုနီးရှားတို့ ဆက်ဆံရေးပျက်ခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် အရှေ့တီမော ပြသနာသည် အင်ဒိုနီးရှား နိုင်ငံရေးတည်ငြိမ်မှုကို ထိခိုက်စေမည့် ကိစ္စများအနက် ထိပ်တန်းမှ ပါဝင်နေသည်။

- **ပြည်နယ်များ၏လွတ်လပ်ရေးလှုပ်ရှားမှုများ–** အရှေ့တီမော လွတ်လပ်ရေးလူထုဆန္ဒခံယူပွဲသည် အင်ဒိုနီးရှားမှခွဲထွက်လိုကြသော အခြားပြည်နယ်များတွင် အလားတူ ဆန္ဒခံယူပွဲများကျင်းပရန် တောင်းဆိုမှုကို မီးထိုးပေးလိုက်သလို ဖြစ်သွားသည်။ အထူးသဖြင့် သဘာဝ သယံဇာတ ပေါကြွယ်ဝသော အာချေးပြည်နယ်နှင့် အီရီယန်ဂျာယားပြည်နယ်များ၏ လွတ်လပ်ရေးလှုပ်ရှားမှုများကို အားပေးနေသည်။ ထိုပြည်နယ်များတွင် အင်ဒိုနီးရှားစစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများကိုလည်း လူ့အခွင့်အရေးအဖွဲ့များက စနစ်တကျနှင့် ပြန်လည်ဖေါ်ထုတ် တင်ပြနေသည်။ ထိုပြည်နယ်များ၏ ပြသနာသည် အင်ဒိုနီးရှား အစိုးရသစ်အတွက် ခေါင်းအခဲရဆုံးဖြစ်နိုင်သည်ဟု လေ့လာသူများက ထောက်ပြနေကြ

သည်။

- **စစ်တပ်၏အခန်းကဏ္ဍ–** သမတဆူဟာတို ပြုတ်ကျသွားပြီးကတည်းက စစ်တပ်အခန်းကဏ္ဍ နိုင်ငံရေးတွင် လုံးဝပါဝင်မှုမရှိရေးကို တောင်ဆိုမှုများအရှိန်ရနေခဲ့သည်။ တပြိုင်နက်တည်းတွင် စစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် တာဝန်ရှိကြောင်းပြောဆိုမှုများနှင့် တာဝန်ရှိသူများကို အရေးယူရန် တောင်းဆိုမှုများ ပိုများလာသည်။ စက်တင်ဘာလနှောင်းပိုင်းက စစ်တပ်ကို အာဏာပိုပေးသည့် ပြည်တွင်းလုံခြုံရေးဥပဒေကို လွှတ်တော်ကပြဌာန်းရာ ကျောင်းသားများ ဦးဆောင်ပြီး ထိုဥပဒေကိုဆန့်ကျင်ဆန္ဒပြကြသဖြင့် လူသေမှုပါဝင်သော အဓိကရုံးန်းများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုအချက်သည် အင်ဒိုနီးရှားနိုင်ငံရေးတွင် စစ်တပ်ပါဝင်မှုကို ကန့်ကွက်မှုများကြောင့် နိုင်ငံရေးမတည်ငြိမ်မှုများ ဆက်လက်ဖြစ်နေဦးမည်ဆိုသည် ကို ထောက်ပြနေခြင်းဖြစ်သည်။
- **ဘာလီဘဏ်အရှုပ်တော်ပုံကိစ္စ–** စီးပွါးရေးပျက်ကဒ် အင်ဒိုနီးရှားတွင် ကျရောက်လာပြီးကတည်းက ချစားမှုများနှင့် ပြည့်နှက်နေခဲ့သော အင်ဒိုနီးရှားဘဏ်လုပ်ငန်းစနစ်ကို များစွာရိုက်ခတ်ခဲ့သည်။ သမတ ဆူဟာတို မပြုတ်ကျမှီအချိန်ကလေးတွင် သူ့သားဦးစီးသော ဘဏ်တခုအပါအဝင် အင်ဒိုနီးရှားဘဏ် (၁၆) ခုအထိ ပိတ်ပစ်ခဲ့ရမှုက အင်ဒိုနီးရှား စီးပွါးရေး၊ နိုင်ငံရေးတွင် ဘဏ်များ၏ပြသနာ မည်မျှ ကြီးမားနေကြောင်း ပြသနေသည်။ ယခုနောက်ဆုံးပေါ်ပြသနာတရပ်မှာ ဘာလီဘဏ်အရှုတ်တော်ပုံ ကိစ္စနှင့် အစိုးရအခန်းကဏ္ဍဖြစ်သည်။ ထိုကိစ္စသည်လည်း အင်ဒိုနီးရှား နိုင်ငံရေးတည်ငြိမ်မှုကို ခြိမ်းခြောက်မှုအဖြစ် လေ့လာသူများက ရှုမြင်နေကြသည်။

သမတရွေးကောက်ပွဲနှင့်အစိုးရသစ်နှင့် နိုင်ငံရေးတည်ငြိမ်မှု

ဇွန်လရွေးကောက်ပွဲနှင့် လက်ရှိဖြစ်နေသောနိုင်ငံရေးအခြေအနေများကို ဆက်စပ်လျှင် ညွန့်ပေါင်းဆန်သောအစိုးရမျိုး ဖွဲ့စည်းရလိမ့်မည်ဟု အတိုက်အခံပါတီများနှင့် လေ့လာသူများက တွက်ချက်ပြီးသားဖြစ်ပါသည်။ ထိုကြောင့် တချို့က ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးကို လမ်းဖွင့်ပေးမည့် နိုင်ငံရေးစနစ်ဖြစ်သော ဝန်ကြီးချုပ်ဦးဆောင်သည့် ပါလီမန်ဒီမိုကရေစီအစိုးရစနစ်ကို ပြောင်းလဲရန် တင်ပြနေပါသည်။ သမတဦးဆောင်အစိုးရစနစ်၊ အထူးသဖြင့် အင်ဒိုနီးရှားပုံစံ သမတအစိုးရစနစ်အောက်တွင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် အတွက် အခက်အခဲရှိပါသည်။ ဆူဟာတိုအုပ်ချုပ်ခဲ့စဉ်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် မလိုအပ်ခြင်း ဂိုကာပါတီတခုတည်းက နိုင်ငံရေးလက်ဝါးကြီးအုပ်ထားခြင်းကြောင့်ဖြစ်ပါသည်။ ယခုတော့ ပါတီစုံဒီမိုကရေစီစနစ် နှင့်ကိုက်ညီသော နိုင်ငံရေးစနစ်ကိုပါ ပြောင်းလဲရမည့်အခြေအနေ ဆိုက်ရောက်နေပါသည်။ သို့မှသာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတွင် စစ်တပ်အပါအဝင် အဓိကနိုင်ငံရေးအင်အားစုများအားလုံး အတူပါဝင်လုပ်ဆောင်နိုင်ပြီး၊ လိုအပ်နေသော နိုင်ငံရေးတည်ငြိမ်မှုကိုထိမ်းထားနိုင်မည်ဟု လေ့လာသူ

များက ထောက်ပြပါသည်။

မြန်မာနိုင်ငံမှ ဒွိတာဝန်အရေးသုံးပါးကဲ့သို့ပင်၊ အင်ဒိုနီးရှားနိုင်ငံစည်းလုံးညီညွတ်အောင်ဆိုကာ ပန်ကာစီလာ (Pancasila) ခေါ် နိုင်ငံတော်လမ်း ညွှန်မှု(၅)ရပ်၊ စစ်တပ်မှအရပ်ဖက်နှင့် စစ်ဖက်ပူးတွဲတာဝန်ယူရေးဆိုသော dual function လမ်းစဉ်၊ ပြည်သူလူထုကို ဖိအားသုံးခြိမ်းခြောက်အကြပ်ကိုင်အုပ်ချုပ်မှုနည်းနာများကို အသုံးပြုခဲ့ပါသည်။ တိုင်းပြည်စည်းလုံးညီညွတ်ရေးအတွက် စစ်တပ်သာလျှင် အလုပ်နိုင်ဆုံးဆိုသည်ကိုလည်း တချိန်လုံး ဝါဒဖြန့်ခဲ့ပါသည်။ သို့မှသာလျှင် ၎င်းဖိအားသုံးနည်းနာများကို အလုပ်မဖြစ်ဆိုသည်ကို ပြသနပါသည်။

ထို့ကြောင့် ရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးတည်ငြိမ်မှုရအောင်လုပ်ဆောင်သောနေရာတွင် အတိုက်အခံပါတီများ၏ပေါ်လစီသည် ယခင်အာဏာရှင်လက်ထက်က ကျင့်သုံးခဲ့သော စစ်တပ်လမ်းစဉ်နှင့် များစွာကွဲပြားမှုရှိသည်ဟု ရွေးကောက်ပွဲအကြိုကာလကတည်းက ရှင်းလင်းစွာသိခဲ့ရပါသည်။ သို့ပေမဲ့လည်း နိုင်ငံရေးပါတီများအနေနှင့် စစ်တပ်ပါဝင်ပတ်သက်မှုလုံးဝမရှိပဲ လုပ်ယူမရဆိုသည်ကိုလည်း လက်ခံထားသည့်အတွက် စစ်တပ်၏ ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ဆွေးနွေးတိုင်ပင်သွားမည်ဟု ထုတ်ဖော်ပြောဆိုထားပြီးဖြစ်ပါသည်။ ခြုံပြောဆိုရာတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်စတက်မည်ဆိုသောကာလမျိုးတွင် စစ်တပ်ကလုပ်ခဲ့သော လမ်းစဉ်ဟောင်းများကိုပြင်ပြီး နိုင်ငံရေးပါတီများနှင့် စစ်တပ်ပူးပေါင်းလုပ်ဆောင်သွားသည်မှာ အများဆုံးအကျိုးရှိသည်ဟု အင်ဒိုနီးရှားတွင် အများကလက်ခံမှုရှိနေကြပါသည်။

မြန်မာ – အင်ဒိုနီးရှား နှိုင်းယှဥ်ချက်

(ဤအပိုင်းသည် ၁၉၉၉ခုနှစ် ဇွန်လ ၁၅–ရက်နေ့ထုတ် The Nation သတင်းစာတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဝင်း ရေးသားသော ***Junta needs a new role model (မြန်မာစစ်အစိုးရ ပုံတူကူးယူရန် ပုံစံသစ်လိုအပ်နေပြီ)*** *ဆောင်းပါးကို ဘာသာပြန်၍ ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

ရွေးကောက်ပွဲအနိုင်ရပါတီကို ရာဇဝတ်သားတွေလိုဆက်ဆံတဲ့ မြန်မာပြည်နဲ့မတူတာက အင်ဒိုနီးရှားရဲ့ အတိုက်အခံပါတီတွေဟာ ဂျွန်လ (၇)ရက်နေ့က ကျင်းပတဲ့ရွေးကောက်ပွဲမှာ အနိုင်ရဖို့သေချာနေတဲ့ နိုင်ငံရေးပါတီတွေက အသွင်ကူးပြောင်းရေးအစိုးရတရပ်ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာ သူတို့ဆွေးနွေးနေကြပါပြီ။ လေ့လာစောင့်ကြည့်သူများစွာတို့က အင်ဒိုနီးရှားရဲ့ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတတယ်ရှုမြင်ကြတဲ့အပြင် ဒါဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲဖို့နဲ့ ဒီမိုကရေစီအတွက် ပထမခြေလှမ်းပဲလို့ သုံးသပ်ကြပါတယ်။

၁၉၉၀ ခုနှစ် မေလတုန်းကလည်း မြန်မာပြည်သူတွေဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုရဲ့ပထမခြေလှမ်းပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ အထွေထွေရွေးကောက်ပွဲကြီးမှာမဲပေးခဲ့ကြပါတယ်။ ပြည်သူလူထုရဲ့ ဒီမိုကရေစီကိုလိုလားတဲ့ ပြင်းပြတဲ့ဆန္ဒက ငြိမ်းချမ်းရေးနဲ့ဘယ်

ဆုရှင် အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီကို အနိုင်ရအောင် မဲပေးလိုက်ပါတယ်။ ဒါပေမဲ့လည်း မြန်မာ့ဒီမိုကရေစီအိပ်မက်ဟာ အိပ်မက်အဆင့်မှာပဲ ရှိနေပါသေးတယ်။

အင်ဒိုနီးရှားရဲ့ နိုင်ငံရေးစနစ်ကို မြန်မာ(စစ်အစိုးရက)ကူးယူနေတာကြောင့် မြန်မာပြည်ရဲ့နိုင်ငံရေးစရိုက်ကို အင်ဒိုနီးရှားရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုက အကျိုးသက်ရောက်မှုတွေ ရှိစေမလား၊ မရှိဘူးလားဆိုတဲ့မေးခွန်း ထွက်ပေါ်လာပါတယ်။ ဒီနှစ်နိုင်ငံအကြားမှာ တူညီတဲ့အချက်တွေကို ဆန်းစစ်လေ့လာသင့်ပါတယ်။ ဒီလိုဆန်းစစ်ခြင်းဟာ မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ဖို့ ဘာတွေ လိုအပ်နေသလဲဆိုတဲ့ အဖြေကို ပေးနိုင်ရေးအတွက် ဖြစ်ပါတယ်။

သမိုင်းကြောင်းအရ နှစ်နိုင်ငံဆက်ဆံမှုဟာ (၁၉၅၅) ခုနှစ်မှာ မြန်မာပြည်ရဲ့ဝန်ကြီးချုပ်ဦးနုနဲ့ အင်ဒိုနီးရှာသမ္မတ ဆူကာနိုတို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး ပေါ်ပေါက်လာစေရေးအတွက် ရှေ့ပြေးဖြစ်တဲ့ "ဘန်ဒေါင်းညီလာခံ" အခြေခံမှုများကို ချမှတ်တဲ့ အချိန်ကတည်းက စတင်ခဲ့ပါတယ်။ မြန်မာစစ်တပ်နဲ့ အင်ဒိုနီးရှားစစ်တပ်တို့ဟာ ဦးနုကို (၁၉၆၂) ခုနှစ်နဲ့ ဆူကာနိုကို (၁၉၆၅)ခုနှစ်မှာ အသီးသီး ဖြုတ်ချခဲ့ပြီးတဲ့နောက် နှစ်နိုင်ငံစလုံးမှာ အကြွင်းမဲ့အာဏာရှင်စနစ်ကို ကျင့်သုံးခဲ့ပါတယ်။

အဲဒီနှစ်နိုင်ငံစလုံးရဲ့စစ်တပ်တွေကြွေးကြော်တာက သူတို့တတွေဟာ ပြည်တွင်းလုံခြုံရေးနဲ့ ပြည်ပကာကွယ်ရေး တာဝန်ကိုသာမက တိုင်းပြည်ရဲ့ လူမှုရေး၊ နိုင်ငံရေးကိစ္စများမှာပါ တာဝန်ရှိတယ်ဆိုတာပါပဲ။ စစ်တပ်ရဲ့ ဖိနှိပ်မှုတွေကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေ နှစ်နိုင်ငံစလုံးမှာ ဖြစ်ပွါးခဲ့ပါတယ်။ အထူးသဖြင့် ကျောင်းသားတွေရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုပါပဲ။ အဲဒီလှုပ်ရှားရုံးကန်မှုများမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မယ်ဂါဝါတီဆူကာနိုပူထရီတို့ဟာ ခေါင်းဆောင်အဖြစ် ပေါ်ထွက်လာခဲ့ကြတယ်။

တဖြည်းဖြည်းနဲ့ ပြိုလဲကျနေတဲ့ အင်ဒိုနီးရှားရဲ့ အာဏာရှင်နိုင်ငံရေးစနစ်ကို မြန်မာစစ်အစိုးရက ပုံတူကူးချခဲ့ပါတယ်။ (၁၉၉၃)ခုနှစ် ဇန်နဝါရီလကစပြီး မြန်မာစစ်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲလာခဲ့ပါတယ်။ အဲဒီမှာ အင်ဒိုနီးရှားရဲ့ အာဏာရှင်ဆံဆံ သမ္မတအုပ်ချုပ်ရေးအစိုးရပုံစံကို ထည့်သွင်းခဲ့ပါတယ်။ စစ်အစိုးရဟာ အင်ဒိုနီးရှားက (Golka) ပါတီပုံစံမျိုး မြန်မာ (USDA) ခေါ်ကြံ့ဖွတ်ကို တည်ထောင်ခဲ့ပါတယ်။ စစ်တပ်ရဲ့ နိုင်ငံရေးအခြေစိုက်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့ခဲ့ခြင်းပါပဲ။

မြန်မာပြည်ရဲ့ ပြည်လုံးကျွတ်ဒီမိုကရေစီတောင်းဆိုဆန္ဒပြပွဲရဲ့ အမြင့်ဆုံးအဆင့်ရောက်ရှိနေချိန်မှာ ပြည်သူထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့တဲ့စစ်တပ်က ပါတီစုံအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးဖို့ သဘောတူခဲ့ရပါတယ်။ အင်ဒိုနီးရှားက ဇွန်လ (၇)ရက်နေ့ အထွေထွေရွေးကောက်ပွဲဟာလည်း စစ်တပ်ရဲ့ နှိပ်ကွပ်ခြင်းခံရတဲ့ ကျောင်းသားများဦးဆောင်တဲ့ သွေးထွက်သံယိုမှုများစွာနဲ့ ဒီမိုကရေစီရေးဆန္ဒပြပွဲတွေရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ အဲဒီလို တူညီတဲ့အဖြစ်အပျက်တွေရှိနေပေမယ့်လည်း နှစ်နိုင်ငံရဲ့ ဒီမိုကရေစီရေး တိုးတက်မှုကတော့ မတူညီပါဘူး။ အင်ဒိုနီးရှားက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ ဒီမိုကရေစီဟာ တောက်ပတဲ့အနာဂါတ်အဖြစ် မြင်တွေ့နေရပြီဖြစ်ပေမယ့်လည်း မြန်မာပြည်ရဲ့ ဒီမိုက ရေစီအနာဂတ်ကတော့ လုံးဝမရေရာမသေချာတဲ့ အရာတခု

ဖြစ်နေဆဲပါ။ ဒီလိုဖြစ်ရခြင်းဟာ အာဏာလက်ကိုင်ထားတဲ့သူတွေက ရွေးကောက်ပွဲရလဒ်ကို ချဉ်းကပ် ပုံခြင်းမတူလို့ပါပဲ။

မြန်မာပြည်ရဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့မတူဘဲ အင်ဒိုနီးရှားအမျိုးသားရွေးကောက်ပွဲကော်မရှင်ဟာ သူ့ရဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှာ ဥပဒေနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒါနဲ့ပြောင်းပြန် မြန်မာပြည်က ရွေးကောက်ပွဲကော်မရှင်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ အကြီးတန်းခေါင်းဆောင်တွေနဲ့ ဖွဲ့ထားပြီး စစ်အစိုးရရဲ့ ဩဇာလွှမ်းမိုးမှုကို အကြီးအကျယ်ခံရပါတယ်။ မြန်မာပြည်က ရွေးကောက်ပွဲကော်မရှင်လုပ်တဲ့အလုပ်ဟာလည်း ဥပဒေအရသတ်မှတ်ထားတဲ့အတိုင်း ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖေါ်ပေးတာမဟုတ်ဘဲ ရွေးချယ်တင်မြှောက်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပယ်ဖျက်ပစ်ခြင်းဖြစ်ပါတယ်။ အင်ဒိုနီးရှားရဲ့ ရွေးကောက်ပွဲကော်မရှင်ကတော့ မြန်မာပြည်ကကော်မရှင်လုပ်တာမျိုး မလုပ်မှာကတော့ သေချာနေပါတယ်။

ဆူဟာတိုဖယ်ရှားခံလိုက်ရခြင်းက အင်ဒိုနီးရှားမှာ ဒီမိုကရေစီရေးအတွက် ခြေတ လှမ်းလှမ်းလိုက်သလိုပဲလို့ ပြောရမှာဖြစ်ပေမယ့် အင်ဒိုနီးရှားပုံစံအာဏာရှင်စနစ်ကို ပုံတူကူးချတဲ့ မြန်မာစစ်တပ်ကတော့ နောက်ကိုခြေတလှမ်း ဆုတ်လိုက်ရသလို ဖြစ်သွားပါတယ်။

Golka ပါတီနဲ့ သမတ ဟာဘီဘီတို့က ဘယ်သူပဲနိုင်နိုင် ရွေးကောက်ပွဲရလဒ်ကို လေးစားပါမယ်လို့ ကတိပေးထားပါတယ်။ စစ်မှန်တဲ့ဒီမိုကရေစီကို လိုလားနေတဲ့ မြန်မာပြည်သူများဟာလည်း မြန်မာပြည်က (ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတဲ့) အဖြစ်မျိုးအင်ဒိုနီးရှားမှာမဖြစ်ဖို့ ဆုတောင်းနေဦးမှာပါ။ နှစ်နိုင်ငံက စစ်တပ်တွေဟာ ကမ္ဘာ့အခြေအနေပေါ်သုံးသပ်မှုတွေ ခြားနားပါတယ်။ အာဘရီ(ABRI)လို့ခေါ်တဲ့ အင်ဒိုနီးရှားစစ်တပ်ဟာ အတိတ်မှာ ဘယ်လိုပင် အမှားတွေ ကျူးလွန်ခဲ့ပါစေ၊ အခုအခါမှာ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲတဲ့လမ်းကို နူးညံ့သိမ်မွေ့စွာနဲ့ ချီတက်နေပါတယ်။ အရှေ့တီမော အရေးဟာ သူတို့ရဲ့ပြည်တွင်းရေးပါလို့ တခါကဟစ်ကြွေးခဲ့တဲ့ အာဘရီဟာ အခုဆိုရင် ကုလသမဂ္ဂရဲ့ပါဝင်မှုကို လက်ခံနေပါပြီ။ သို့သော်လည်း မြန်မာပြည်မှာတော့ ကုလသမဂ္ဂရဲ့ပါဝင်မှုကို အပြင်းအထန်ငြင်းပယ် နေဆဲပါပဲ။

ဆူဟာတိုဟာ လွန်ခဲ့တဲ့နှစ်က ရာထူးမှ တရားဝင်နုတ်ထွက်သွားပါပြီ။ ဦးနေဝင်းလည်း ရာထူးမှတရားဝင်နုတ်ထွက်သွားတာ နှစ်ပေါင်းကြာလှပါပြီ။ ဒါပေမဲ့လည်း နေဝင်းဟာ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်တွေအပေါ် ဩဇာလွှမ်းမိုးမှုရှိနေဆဲပါပဲ။ အာဘရီရော သမတဟာဘီဘီရဲ့ အစိုးရပါ ဆူဟာတိုရဲ့ညွှန်ကြားချက်တွေက လွတ်ကင်းအောင် ရပ်တည်နိုင်ခဲ့ပါတယ်။ မြန်မာစစ်အစိုးရကတော့ (ဦးနေဝင်းရဲ့လမ်းညွှန်မှုကနေ) လွတ်လပ်မှုမရှိပါဘူး။ အင်ဒိုနီးရှားရဲ့ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုဟာ ဆူဟာတိုအပေါ် မူတည်ခြင်းမရှိပါဘူး။ ဒါပေမဲ့ မြန်မာပြည်မှာ နေဝင်းရဲ့သေဆုံးမှုဟာ မြန်မာနိုင်ငံရေးအခြေအနေကို အပြောင်းအလဲဖြစ်စေမှာပါ။

အင်ဒိုနီးရှားခေါင်းဆောင်တွေဟာ နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုကြောင့် အားနည်းနေတဲ့စီးပွါးရေးကို ဖျက်ဆီးဖို့ရာ မရဲကြပါဘူး။ အစိုးရရော အတိုက်အခံတွေအပါအ

ဝင် နိုင်ငံသမားတွေဟာ စီးပွါးရေးပြန်လည်နလန်ထူလာဖို့ နိုင်ငံရေးတည်ငြိမ်ဖို့လိုတယ် ဆိုတာကို ကောင်းကောင်းကြီး အသိအမှတ်ပြု လက်ခံကြပါတယ်။ မြန်မာဗိုလ်ချုပ်ကြီး တွေကတော့ အဲဒါနဲ့ပြောင်းပြန် တိုင်းပြည်စီးပွါးရေးနလန်ထူဖို့ထက် သူတို့အာဏာကို မြဲမြံစွာချုပ်ကိုင်ဖို့ကို ဦးစားပေးဆောင်ရွက်နေပါတယ်။

အခုတော့ အင်ဒိုနီးရှားနဲ့ မြန်မာတို့ကြားမှာ အင်ဒိုနီးရှားဒီမိုကရေစီ ပြုပြင်ပြောင်း လဲရေးဆိုတဲ့ မျဉ်းကြီးက ထင်းထင်းကြီးခြားလိုက်သလို ဖြစ်နေပါပြီ။ မြန်မာပြည်ရဲ့ အထွေထွေရွေးကောက်ပွဲဟာ အင်ဒိုနီးရှားထက် (၉)နှစ်စောခဲ့ပေမဲ့လည်း အနေအထားက ပြောင်းပြန်ဖြစ်ပြီး အင်ဒိုနီးရှားဟာ ဒီမိုကရေစီနဲ့ပိုပြီး နီးလာပါပြီ။ အင်ဒိုနီးရှားရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ လိုအပ်တဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး တိုင်းပြည်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်အောင်လုပ်မယ်ဆိုတာ ဘယ်သူကမှ သံသယ မဖြစ်ပါဘူး။ အကဲခတ်တွေကတော့ အင်ဒိုနီးရှားရဲ့ အဖြစ်အပျက်ဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေထဲက ဒီမိုကရက်တစ်မရှိသေးတဲ့ နိုင်ငံတွေအပေါ် များစွာအကျိုးသက်ရောက်မှုတွေ ဖြစ်မယ်ဆိုတာကို အားလုံးသဘောတူကြပါတယ်။

ဆူဟာတိုဖယ်ရှားခံလိုက်ရခြင်းက အင်ဒိုနီးရှာဟာ ဒီမိုကရေစီရေးအတွက် ခြေတလှမ်းလှမ်းလိုက်သလိုပဲလို့ ပြောရမှာဖြစ်ပေမယ့် အင်ဒိုနီးရှားပုံစံအာဏာရှင်စနစ်ကို ပုံတူကူးချတဲ့ မြန်မာစစ်တပ်ကတော့ နောက်ကိုခြေတလှမ်းဆုတ်လိုက်ရသလို ဖြစ်သွားပါတယ်။ တကယ်လို့သာ မြန်မာဗိုလ်ချုပ်ကြီးတွေ အရင်တုန်းက အင်ဒိုနီးရှားပုံစံကို အတုယူရဲတယ်ဆိုရင် မကြာခင်ပေါ်ပေါက်လာတော့မယ့် ပုံစံသစ်ကိုရော အတုယူရဲပါ့မလား။ မြန်မာစစ်ဗိုလ်ချုပ်တွေ ဒေသတွင်းအခြေအနေတွေနဲ့ လိုက်ဖက်ညီအောင် ပြောင်းမလား၊ မပြောင်းဘူးလားဆိုတာကို ဆုံးဖြတ်ရပါတော့မယ်။ လိုက်ဖက်ညီအောင် မပြောင်းနိုင်ဘူးဆိုရင်တော့ မြန်မာပြည်ကြီးကို အမှောင်ထဲမှာပဲ ဆက်လက်လှောင်ပိတ်ထားရာ ရောက်ပါတော့မယ်။ ။

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံရွေးကောက်ပွဲများ

အောင်ထူး

(၁)

ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံတွေဟာအထီးကျန်နေလို့ တခါးပိတ်ထားလို့မရတော့ပါ။ နိုင်ငံတနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွါးရေး၊ အခြေအနေတွေဟာ အခြားနိုင်ငံတွေကို ရိုက်ခတ်မှုရှိသလို နိုင်ငံတွေအခြင်းခြင်းဟာလည်း မိမိတို့တိုးတက်မှုအတွက် အပြန်အလှန်ဆက်စပ်ရပ်တည်နေကြရတာ ဖြစ်တယ်။ ဒီအခြေခံပေါ်ကနေ ဒီမိုကရေစီအတွက်မရှိမဖြစ်လိုအပ်တဲ့အရေးကြီးတဲ့ ဖြစ်စဉ်တရပ်ဖြစ်တဲ့ ၁၉၉၈ ခုနှစ် ဇူလိုင်လ အထွေထွေရွေးကောက်ပွဲကို သွားရောက်လေ့လာခဲ့ပါတယ်။

အားလုံးသိကြပြီးတဲ့အတိုင်း ကမ္ဘောဒီးယားဟာ သမိုင်းကြောင်းအရရော လက်ရှိအရပါနိုင်ငံရေး ပြဿနာတွေ၊ ပြည်တွင်းစစ်တွေ၊ ဥပဒေစိုးမိုးရေးကင်းမဲ့မှုတွေနဲ့ ရှုပ်ထွေးလှတဲ့တိုင်းပြည်တခုဖြစ်တယ်။ ဒါပေမဲ့ ကမ္ဘောဒီးယားပြည်သူတွေဟာလည်း မြန်မာနိုင်ငံက ပြည်သူတွေလိုပါဘဲ ဒီမိုကရေစီကို ချစ်မြတ်နိုးတယ်။ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ ကိုတောင်းတတယ်။ တိုးတက်မှုကို ဖေါ်ဆောင်ခြင်တယ်။ ခမာနီတွေသတ်ဖြတ်ခဲ့လို့ လူနှစ်သန်းကျော်သေခဲ့ပြီးပြီ။ အချင်းချင်းမသင့်မြတ်ဘဲ ပဋိပက္ခကြီးထွားခဲ့တဲ့အတွက် နိုင်ငံတကာရဲ့ယုံကြည်မှုမရတာကြောင့် စီးပွားရေးမှာ လုံးလုံးချွတ်ချုံကျနေခဲ့ရပြီ။

ဒီဟာတွေကိုကျော်လွှားပြီး တောင့်တင်းတဲ့တိုးတက်တဲ့ နိုင်ငံတခုအဖြစ် ပြည်သူတွေကတည်ဆောက်ချင်နေကြပြီ။ ဒီလိုတည်ဆောက်နိုင်ဘို့အတွက် နိုင်ငံရေးအရအဖြေရှာဘို့လိုတယ်။ အဲဒီအဖြေရဘို့အတွက် ရွေးကောက်ပွဲဟာ အကောင်းဆုံးသော လုပ်ငန်းစဉ်တရပ်ဖြစ်တယ်လို့ နိုင်ငံတကာရော ကမ္ဘောဒီးယားပြည်သူတွေကပါ ယုံကြည်ကြတယ်။ ၁၉၉၃ ခုနှစ်ကကျင်းပခဲ့တဲ့ကမ္ဘောဒီးယား ရွေးကောက်ပွဲဟာ ကုလသမဂ္ဂ (UNTCR) ကကြီးမှူးကျင်းပခဲ့တာဖြစ်တယ်။ ကမ္ဘောဒီးယားရဲ့ အဓိကနိုင်ငံရေးပါတီတွေနဲ့ နိုင်ငံပေါင်း (၁၈)နိုင်ငံတို့ ၁၉၉၁ အောက်တိုဘာလမှာ ပါဝင်လက်မှတ်ရေးထိုးတဲ့ပဲ ရစ်ငြိမ်းချမ်းရေး သဘောတူညီချက်ကနေ ပေါ်ပေါက်လာခဲ့တဲ့ ရွေးကောက်ပွဲဖြစ်တယ်။ ဒါပေမဲ့ (UNTAC) ဟာသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံရေးအင်အားစု (၄)ခုကို လက်နက်ဖြုတ် နိုင်ခဲ့ခြင်းမရှိပါ။ ရွေးကောက်ပွဲမှာ ပါဝင်ဘို့ခမာနီတွေ ကလည်း ငြင်းဆန်ခဲ့ကြတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် (၁၉၉၃)မှာ ကမ္ဘောဒီးယားရွေးကောက်ပွဲဟာ အ

နည်းနဲ့အများငြိမ်းချမ်းမှုရှိပြီး တရားမျှတတဲ့ရွေးကောက်ပွဲတရပ်အဖြစ် ကမ္ဘာကလက်ခံခဲ့ကြတယ်။

၁၉၉၃ ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ ဘုရင်သီဟာနုရဲ့သား မင်းသားရာနာရစ်ဦးဆောင်တဲ့ ဖန်ဆင်ပက်ပါတီက စုစုပေါင်းမဲရဲ့ ၄၅% ရရှိခဲ့ပြီး ကမ္ဘောဒီးယားပြည်သူ့ပါတီ (Cambodian People's Party-CPP)က ၃၈%ရရှိခဲ့တယ်။ အမျိုးသားလွှတ်တော်ထဲမှာ ဖန်ဆင်ပက်က ၅၈% (CPP) ၅၁% ဆွန်ဆန်းဦးဆောင်တဲ့ ဗုဒ္ဓလစ်ဘရယ်ဒီမိုကရက်တစ်ပါတီက (၁၀)နေရာနဲ့ (MOLINAKA)က တနေရာရရှိခဲ့ကြတယ်။

ပုဒ်မ (၁၃၈)အရ အသွင်ကူးပြောင်းရေးကာလမှာ ကျင့်သုံးတဲ့ ကမ္ဘာပေါ်မှာ ပထမဆုံးဖြစ်ပြီး၊ နောက်ဆုံးလည်းဖြစ်ဘို့များတဲ့ ဝန်ကြီးချုပ်နှစ်ဦးနဲ့ ဖွဲ့စည်းတဲ့ ထူးခြားတဲ့အစိုးရကို ဖေါ်ဆောင်ခဲ့ကြတယ်။ ဒီဖွဲ့စည်းပုံဟာယာယီမှာပြေလည်မှုရပေမဲ့ ရေရှည်ကျတော့ တလျှောက်လုံးပြဿနာတက်ခဲ့တယ်။

ရွေးကောက်ပွဲကာလအပြီးမှာ မတည်ငြိမ်မှုနဲ့ တင်းမာမှုတွေဖြစ်ပွားခဲ့တယ်။ ကုလသမဂ္ဂကကြီးကြပ်တဲ့ ရွေးကောက်ပွဲရဲ့ရလဒ်အပေါ် မကျေနပ်ခဲ့တဲ့ (CPP)ရဲ့အုပ်စုတစုဟာ ဖနွမ်ပင်ကနေထွက်ခွာပြီး အရှေ့ပိုင်းပြည်နယ်တွေ အမြောက်အများပါဝင်တဲ့ ဒေသတွေ ဟာခွဲထွက်ကြောင်း ဇွန်လထဲမှာ ကြေငြာခဲ့တယ်။ နောက်ထပ် ပြည်တွင်းစစ်ထပ်မံမဖြစ်ပွားဘို့အတွက် ဘုရင်သီဟာနုက ဟွန်းစင်းရဲ့ (CPP)ပါတီနဲ့ ညှိနှိုင်းဘို့ဖန်ဆင်ပက်ပါတီ ကို ဖိအားပေးခဲ့တယ်။ ၁၉၉၃ ဇွန်လ (၁၆)ရက်နေ့မှာ မင်းသားရာနာရစ်နဲ့ ဟွန်ဆင်းတို့ ပူးတွဲဝန်ကြီးချုပ်နှစ်ဦးခေါင်းဆောင်တဲ့ ကမ္ဘောဒီးယားအမျိုးသားအစိုးရ ဖွဲ့စည်းလိုက်ကြောင်း ကြေငြာခဲ့တယ်။ ဘုရင်သီဟာနုရဲ့ အကြံပေးချက်အရ အစိုးရအဖွဲ့ဝန်ကြီးနေရာတွေကို ဖန်ဆင်ပက်က ၄၅နေရာ (CPP)က ၄၅ နေရာ နဲ့ (BLDP) ၁၀နေရာစီခွဲဝေယူခဲ့ကြတယ်။ ၁၉၉၁ ပဲရစ်သဘောတူညီချက်အရ အခြေခံဥပဒေဆိုင်ရာ ညီလာခံတရပ် ကျင်းပပြီး ရွေးကောက်ပွဲကျင်းပပြီးသုံးလအကြာမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို ရေးဆွဲ အတည်ပြုခဲ့တယ်။

ဒီအခြေခံဥပဒေပုဒ်မ (၁၃၈)အရ အသွင်ကူးပြောင်းရေးကာလမှာ ကျင့်သုံးဘို့ ကမ္ဘာပေါ်မှာ ပထမဆုံးဖြစ်ပြီး နောက်ဆုံးလည်းဖြစ်ဘို့များတဲ့ ဝန်ကြီးချုပ်နှစ်ဦးနဲ့ ဖွဲ့စည်းတဲ့ ထူးခြားတဲ့အစိုးရကို ဖေါ်ဆောင်ခဲ့ကြတယ်။ ဒီဖွဲ့စည်းပုံဟာ ယာယီမှာပြေလည်မှုရပေမဲ့ ရေရှည်ကျတော့ တလျှောက်လုံးပြဿနာတက်ခဲ့တယ်။ စစ်တပ်၊ ရဲနဲ့အုပ်ချုပ်ရေးဌာနတွေအားလုံးမှာ (CPP)နဲ့ ဖန်ဆင်ပက်ရဲ့လူတွေကို နံပါတ်(၁)နဲ့ နံပတ်(၂)သို့မဟုတ်နံပါတ် (၂)နံပါတ် (၁)နေရာတွေမှာ မျှပေးခဲ့ကြရပြီး အားပြိုင်မှုတွေ၊ သူဖြုရင်ကိုမဲလုပ်တဲ့ ကိစ္စတွေဆက်တိုက်ဖြစ်ပျက်ခဲ့တယ်။ ရွေးကောက်ပွဲပြီးသွားပေမဲ့ အခြေခံအားဖြင့် ပြောင်းလဲမှုမရှိတာကြောင့် ကမ္ဘောဒီးယားရဲ့ နိုင်ငံရေးအခြေအနေဟာ ဆက်လက်ဆိုးဝါးခဲ့တယ်။ ဒါပေမဲ့ တဖက်မှာ ရွေးကောက်ပွဲအပြီးမှာ ကောင်းတဲ့အခြေအနေတရပ် ဖြစ်ပေါ်လာတာက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စောင့်ကြည့်မယ့် လွတ်လပ်တဲ့ သတင်းဌာနတွေနဲ့ (NGO)တွေပေါ်ပေါက်လာခဲ့တယ်။

၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားရွေးကောက်ပွဲကို လေ့လာကြည့်မယ်ဆိုရင်အကြောင်း

အားဖြင့် ဟွန်ဆင်ပက်နဲ့ (CPP)မတူတဲ့နိုင်ငံရေးအင်အားစုနှစ်ရပ်ရဲ့ အားပြိုင်မှုကိုတွေ့ရ လိမ့်မယ်။ ဘုရင်သီဟာနုရဲ့ သားဖြစ်သူလို့ ဦးဆောင်လို့ ပြည်သူတွေကချစ်မြတ်နိုးတဲ့ အခြေခံရှိသလို၊ ခမာနီတွေကို ပြတ်ပြတ်သားသားဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့အတွက် (CPP) ကိုလည်းလူထုထောက်ခံမှုရှိ တာကတကြောင်း ဒီမိုကရေစီအခြေခံကို ကျင့်သုံးတဲ့ပါတီဖြစ်တာကြောင့်တကြောင်း လူထုထောက်ခံမှုရှိတာဖြစ်ပါတယ်။ ကုလသမဂ္ဂကြီးကြပ်တဲ့ ရွေးကောက်ပွဲမှာပင်လျှင် လွှတ်တော်ထဲမှာ ဖန်ဆင်ပက်က (၅၈)နေရာရနေတဲ့ အချိန်မှာ (CPP)က (၅၁)နေရာရတာကိုတွေ့ရပေလိမ့်မယ်။ ဒါကြောင့် (CPP)ကအစိုးရအဖွဲ့ထဲမှာ ဆက်လက်ပါဝင်ဘို့ ကြိုးစားတာဟာတစုံတရာသဘာဝကျတယ်လို့ ပြောရပေလိမ့်မယ်။

မြန်မာနိုင်ငံမှာတော့ အခြေအနေဟာပြောင်းပြန်ဖြစ်နေပါတယ်။ ၁၉၉၀ မေလရွေးကောက်ပွဲကို ဘယ်ကုလသမဂ္ဂမှ လာပြီးကြီးကြပ်တာမဟုတ်ပါဘူး။ လက်ရှိအာဏာရနေတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ကြီးကြပ်မှုအောက်ကနေ ကျင်းပသွားခဲ့တာအားလုံးအသိပါ။ တဖက်က (NLD)အပါအဝင် နိုင်ငံရေးပါတီတွေရဲ့ မဲဆွယ်လှုပ်ရှားမှုတွေကို ကန့်သတ်ထိန်းချုပ်ထားခဲ့တယ်။ အခြားတဖက်က တစညပါတီကို အရင် မဆလ လက်ကပါတီရုံးတွေ အသုံးပြုခွင့်ပေး၊ ပဲခူးတိုင်းကကန်တရာ ခြံတရာလိုလုပ်ငန်းတွေနဲ့ ရုပ်ဝတ္တုအထောက်အပံ့တွေပေး လွတ်လပ်စွာမဲဆွယ်ခွင့်ပေးရုံမက လိုအပ်တာတွေကို ဖြည့်ဆည်းပေးစသဖြင့် အာဏာရစစ်အုပ်စုဟာ တစညပါတီအနိုင်ရရေးအတွက် အကြီးအကျယ်စီစဉ်လုပ်ဆောင်ခဲ့တယ်။

ဒါပေမဲ့ရွေးကောက်ပွဲ ရလဒ်ထွက်ပေါ်လာတဲ့အခါမှာတော့ တစညဟာ ခွက်ခွက်လန်အောင်ရှုံးသွားခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ (NLD)ပါတီရဲ့ခေါင်းဆောင်မှုကောင်းမွန်သလို အခြေခံအားဖြင့် လူထုရဲ့နိုင်ငံရေးနိုးကြားမှု ဒီမိုကရေစီကိုချစ်မြတ်နိုးတဲ့ စိတ်ဓါတ်တွေကနေ (NLD)ကို မဲပုံပေးခဲ့တာကြောင့်ဖြစ်တယ်။ ဒီလိုရွေးကောက်ပွဲ ရလဒ်မျိုးကို သမိုင်းမှာ နောက်တခါထပ်မံရဘို့မလွယ်ပါ။ ဒါဟာထိုစဉ်က အခြေအနေနဲ့အညီ ပြည်သူလူထုရဲ့မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ဖန်ဆီပက်အနေနဲ့ သူနဲ့မတိမ်းမယိမ်းလွှတ်တော်နေရာ (၅၁)နေရာရထားတဲ့ (CPP)အခန်းကဏ္ဍကို မလွှဲမသွေထည့်သွင်းစဉ်းစားရတာဟာ သဘာဝကျပါတယ်။ တနည်းအားဖြင့်ဒါဟာ အဲဒီ (၅၁)နေရာကို ထောက်ခံမဲပေးလိုက်တဲ့ လူထုရဲ့ဆန္ဒကို အလေးထားခဲ့ခြင်းလဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီလိုမဟုတ်ပါ။ လူထုရဲ့ရောမအများစုကြီး (NLD)ကို အကြီးအကျယ် ပုံအောပြီးမဲပေးလိုက်တာဖြစ်တယ်။ အခုလက်ရှိကမ္ဘောဒီးယားရွေးကောက်ပွဲမှာ အတိုက်အခံပါတီတွေက ရွေးကောက်ပွဲမှာမရိုးသားမှုတွေ မဲလိမ်မှုတွေရှိခဲ့တယ်လို့ စွပ်စွဲ နေကြပေမယ့် မြန်မာနိုင်ငံမှာတော့ ဒီရလဒ်အပေါ်မှာဘယ်သူမှ အငြင်းပွားမှုမရှိခဲ့ကြပါ ၁၉၉၀ မေလရွေးကောက်ပွဲရလဒ်ဟာ တန်ဘိုးထားစရာ လေးစားစရာကောင်းတဲ့ ရလဒ်ကြီးဖြစ်ပါတယ်။

နိုင်ငံတနိုင်ငံမှာ ရွေးကောက်ပွဲတွေမရှိတော့ဘူး (သို့) ရွေးကောက်ပွဲရှိသော်လည်း ရွေးကောက်ပွဲရလဒ်ကို ဖေါ်ဆောင်တဲ့အနေနဲ့ လက်ရှိအာဏာရအစိုးရ (သို့)ပါတီကအနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးခြင်းမရှိဘူးဆိုရင် အဲဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေးရှိတယ်

လို့ပြောနိုင်မှာမဟုတ်ပါ။

(၂)

၁၉၉၈ဇူလိုင်လ (၂၆)နှင့် (၂၇)ရက်နေ့တွင်မှာ ကျင်းပခဲ့တဲ့ ကမ္ဘောဒီးယားရွေးကောက်ပွဲဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့သမိုင်းမှာ ကမ္ဘောဒီးယားပြည်သူတွေကိုယ်တိုင်ကိုယ်ကျ ပထမဆုံးကျင်းပပြုလုပ်တဲ့ရွေးကောက်ပွဲဖြစ်လို့ ထူးခြားတယ်လို့ပြောရမှာ ဖြစ်ပါတယ်။

လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP)ကလွှတ်တော်ထဲမှာ ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း)ကိုအတည်ပြုဘို့ ကြိုးစားခဲ့တယ်။ အဲဒီတုံးကရွေးကောက်ပွဲဥပဒေ (မူကြမ်း)ထဲမှာ မဲရေတွက်တဲ့ကိစ္စကို ကျေးရွာအဆင့်မဲရုံတွေမှာ ပြုလုပ်မယ်လို့ ထည့်သွင်း ဖေါ်ပြထားခဲ့တယ်။ အခြေခံကတော့ ကမ္ဘောဒီးယားတနိုင်ငံလုံးကကျေးရွာတွေမှာ (CPP)ရဲ့သြဇာကြီးမားတယ်။ ကျေးရွာသူကြီးတွေအားလုံးကို (CPP)ခန့်ထားတာဖြစ်သည်။ ကျေးရွာအဆင့်မဲရုံတွေမှာ မဲရေတွက်မည်ဆိုလျှင် (CPP)စိတ်တိုင်းကျ လုပ်ခွင့်ရမှာဖြစ်တယ်။ ဒါကိုသိတော့ အမျိုးသားလွှတ်တော်ထဲမှာ မဲခွဲတော့အမတ် ဦးရေသုံးပုံနှစ်ပုံပြည့်အောင် ထောက်ခံမဲမပေးကြဘူး။ ဥပဒေကို အတည်ပြုလို့မရဘူး။ မဲရေတွက်တာကို ပြည်နယ်အဆင့်မှာ ပြုလုပ်ရမယ်လို့ တောင်းဆိုတဲ့အမတ်တွေလဲရှိလာတယ်။ (CPP)အကြပ်ရိုက်သွားခဲ့တယ်။ ဒီမှာတင် (CPP)ကိုအဓိကဦးဆောင်နေသူလဲဖြစ် လက်ရှိအာဏာရယူထားတဲ့ ပူးတွဲဝန်ကြီးချုပ်လဲဖြစ်တဲ့ ဟွန်ဆင်းက ရာနာရစ်ဆီကို လှမ်းဖုန်းဆက်ပြီး ညှိနှိုင်းကြတယ်။ နောက်ဆုံးမှာ မဲရေတွက်တာကို ကျေးရွာမဲရုံတွေမှာ မလုပ်နဲ့ ပြည်နယ်မှာလဲမလုပ်နဲ့။ ကြားအဆင့်ဖြစ်တဲ့ ကျေးရွာအုပ်စုအကြီးစားသဘောမျိုးတဲ့ (Commune)အဆင့်မှာမဲရေတွက်ဘို့ သဘောတူလိုက်ကြတယ်။ အဲဒီအတိုင်းဘဲ ရွေးကောက်ပွဲဥပဒေထဲမှာ ထည့်သွင်းရေးဆွဲခဲ့ကြတယ်။

ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့တဲ့ ၁၉၉၃ ခုနှစ်ရွေးကောက်ပွဲတုံးက ကမ္ဘောဒီးယားမှာ နိုင်ငံရေးပါတီ (၂၀)သာရှိခဲ့တယ်။ ယခုရွေးကောက်ပွဲမှာ စုစုပေါင်းနိုင်ငံရေးပါတီ (၃၉) ပါတီရှိလာတယ်။ ၎င်းတို့အနက်အဓိက အားအကောင်းဆုံးပါတီတွေက လက်ရှိအာဏာရ ဟွန်ဆင်းဦးဆောင်တဲ့(CPP)၊ မင်းသားကြီးရာနာရစ်ဦးဆောင်တဲ့ ဖန်ဆင်ပက်၊ နဲ့ယခင်ဘဏ္ဍာရေးဝန်ကြီးလုပ်ခဲ့တဲ့ ဆမ်ရိန်းဆေးဦးဆောင်တဲ့ ဆမ်ရိန်းဆေးပါတီတို့ဟာ အင်အားအကောင်းဆုံးဖြစ်တယ်။

၁၉၉၇ ခုနှစ်ဇူလိုင်လအာဏာသိမ်းတဲ့ပွဲမှာ သတ်ဖြတ်မှုကြီးတွေလုပ်ခဲ့တာကြောင့်ရော၊ အာဏာရှင်ဆန်တဲ့ အုပ်ချုပ်မှုတွေကြောင့်ပါ မြို့နေလူဦးရေအများစုက (CPP)ကို မထောက်ခံကြဘူးလို့ ပြောလို့ရပါလိမ့်မယ်။ ဒါပေမယ့်ကမ္ဘောဒီးယားပြည်သူနှစ်သန်းကျော်ကို သတ်ဖြတ်ခဲ့တဲ့ ခမာနီတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့အတွက် ကျေးလက်ပြည်သူအတော်များများက ထောက်ခံခဲ့ကြတယ်။ ၁၉၉၇ ခုနှစ်ဇူလိုင်လ မတိုင်ခင်ကဆိုယင် ပြိုင်ဘက်ဝန်ကြီးချုပ်နှစ်ဦးဦးဆောင်ပြီး အားနည်းတဲ့အစိုးရဖြစ်တဲ့အတွက် စစ်တပ်ကိုကောင်းမွန်စွာ ကွပ်ကဲနိုင်ခဲ့ခြင်းမရှိဘူး။ ပြည်နယ်မြို့ကြီးတွေကနေ နယ်ကိုသွားတဲ့လမ်းမကြီးတွေမှာ စစ်သားတွေဟာ ဂိတ်ကြီးဂိတ်ငယ်တွေဖွင့်ပြီး လူ

ထုရဲ့ ခရီးသွားနဲ့ ကုန်တင်ကားတွေဆီကနေ ပိုက်ဆံအမျိုးမျိုးတောင်းကြတယ်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းမှာတော့ ဟွန်ဆင်းက စစ်တပ်ကို ပြတ်ပြတ်သားသားအမိန့်ထုတ်ပြီးတော့ တားမြစ်လိုက်တဲ့အတွက် ဘယ်စစ်သားမှ လမ်းပေါ်ထွက်ပြီး ခရီးသွားတွေဆီက ပိုက်ဆံမတောင်းရဲတော့ဘူးလို့ လူထုတွေကပြောကြတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးကြောင့် (CPP)ကို ထောက်ခံခဲ့တဲ့ ကမ္ဘောဒီးယား ပြည်သူတွေလဲအရေအတွက် မနည်းလှပါ။

အာဏာရ (CPP)ကို အဓိကအတိုက်အခံလုပ်ပြီး ဒီမိုကရေစီအင်အားစုတွေနဲ့ နီးစပ်တယ်လို့ ပြောလို့ရတဲ့ပါတီကတော့ မင်းသားကြီးရာနာရစ်ခေါင်းဆောင်တဲ့ ဖန်ဆင်ပင်ပါတီဖြစ်ပါတယ်။ ကမ္ဘောဒီးယားမှာ ဘုရင်သီဟာနုကို လူထုအများစုကြီးက လေးစားကြတယ်။ ရာနာရစ်ဟာ ဘုရင့်သားဖြစ်တဲ့အတွက်လည်း ဘုရင်ကိုမေတ္တာရှိတဲ့ လူထုက ရာနာရစ်ဦးဆောင်တဲ့ ဖန်ဆင်ပက်ပါတီကိုလဲ ထောက်ခံမဲပေးလိုကြတယ်။ ဒါပေမယ့် ဖန်ဆင်ပက်မှာလဲ အားနည်းချက်တွေအများကြီးရှိခဲ့တယ်။ ဖန်ဆင်ပက် ပူးတွဲအာဏာရယူထားခဲ့စဉ်က လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့တာတွေရှိတယ်လို့ စွပ်စွဲချက်တွေရှိခဲ့တယ်။ ၁၉၉၇ ခုနှစ်ဇူလိုင်လ ဟွန်ဆင်းအာဏာသိမ်းခဲ့တဲ့အရေးအခင်းတုံးက ရာနာရစ်ဟာ မိမိကိုထောက်ခံတဲ့စစ်တပ်တွေ လူထုတွေကိုခေါင်းဆောင်ပြီး ဟွန်ဆင်းကို ရဲရဲတင်းတင်းမရင်ဆိုင်ဘဲ နိုင်ငံခြားကို ထွက်ပြေးသွားခဲ့တယ်လို့ထောက်ပြပြီး အကြည်ညိုနည်းကြတဲ့ ပြည်သူတွေလဲရှိတယ်။ ဒီနေရာမှာတော့ နိုင်ငံခြားကို သွားပါလို့ပြောတာတောင်မသွားဘဲ ပေကပ်နေပြီးလူထုကို အနီးကပ်ဦးဆောင်မှုပေးနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တော့ ကွာတယ်လို့ ပြောရလိမ့်မယ်ထင်ပါတယ်။ တကယ်တော့ ရာနာရစ်ဟာ နိုင်ငံရေးသမားမလုပ်သင့်ဘူး။ တက္ကသိုလ် ပါမောက္ခလို နေရာမျိုးမှာဘဲ အေးအေးဆေးဆေးနေသင့်တယ်လို့ ဝေဖန်ကြတဲ့သံတမန်တွေ ကမ္ဘောဒီးယားပညာတတ်တွေလဲမနည်းလှပါ။

ဖန်ဆင်ပက်ကို အင်အားချိနဲ့သွားစေတဲ့ အခြားအကြောင်းတွေလဲ အများကြီးရှိပါတယ်။ ၁၉၉၆ ခုနှစ်ဇူလိုင်လထဲမှာ ဖန်ဆင်ပက်ရဲ့ ဒုတိယအတွင်းရေးမှူးချုပ်လုပ်သူက ခွဲထွက်သွားခဲ့ပြီး ခမာနိုင်ငံသားပါတီကို တည်ထောင်ခဲ့တယ်။ နောက်တခါ ၁၉၉၇ ခုနှစ်ဧပြီထဲမှာ (Siem Reap)ရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ နိုင်ငံရေးသမားအတော်များများဟာ နောက်ဖန်ဆင်ပက်တခု ထပ်မံတည်ထောင်ဘို့ မူလဖန်ဆင်ပက်ကနေ ခွဲထွက်သွားခဲ့ကြပြန်တယ်။ ၁၉၉၇ ခုနှစ်ဇူလိုင် အာဏာသိမ်းပွဲအပြီးမှာတော့ ဖန်ဆင်ပက်အနေနဲ့ ဘယ်လိုရပ်တည်ကြမလဲ ဘယ်လိုဆက်လုပ်ကြမလဲဆိုတဲ့ အပေါ်မှာညှိနှိုင်းလို့မရနိုင်အောင်ကို ထပ်မံပြီးကွဲပြဲကြပြန်ပါတယ်။ ယခင်ကဖန်ဆင်ပက်ရဲ့ အတွင်းရေးမှူးချုပ်လုပ်ခဲ့တဲ့ လွိုင်ဆင်းချင်ဟာ လူ့ဘောင်သစ်ပါတီဆိုပြီး ပါတီတရပ်ခွဲထောင်လိုက်ပါတယ်။ ဒီလိုအခြေခံတွေကနေ ရာနာရစ်ဟာ ရနိုင်သမျှပြန်လည်စုစည်းပြီး ဖန်ဆင်ပက်အနေနဲ့ ၁၉၉၈ ခုနှစ်ဇူလိုင်လရွေးကောက်ပွဲကို ဝင်ခဲ့ရတာဖြစ်တယ်။

အာဏာရ (CPP)နဲ့ ဖန်ဆင်ပက်တို့ကလွဲရင် အင်အားအကောင်းဆုံးလို့ ပြောရမယ့်ပါတီကတော့ ဆမ်ရိန်းဆေးပါတီခေါ် ခမာနေးရှင်းပါတီ ဘဲဖြစ်ပါတယ်။ ဆမ်ရိန်းဆေးဟာ မူလက ဖန်ဆင်ပက်ပါတီလဲဖြစ်ပါတယ်။ ရာနာရစ်ပူးတွဲဝန်ကြီးချုပ်လုပ်ခဲ့စဉ်က ဘဏ္ဍာရေးဝန်ကြီးတာဝန်ယူခဲ့တယ်။ အဲဒီတုံးက ဆမ်ရိန်းဆေးဟာ ဘဏ္ဍာရေးဝန်ကြီး

အနေနဲ့ ကုန်ဈေးနှုန်းနဲ့ အခွန်အကောက်ကို တည်ငြိမ်အောင်ထိမ်းထားပြီး လူထုရဲ့ဝင်ငွေကို တိုးအောင်လုပ်ပေးနိုင်ခဲ့တယ်။ အစိုးရဝန်ထမ်းတွေရဲ့ လစာငွေကို နှစ်ကြိမ်တိုးပေးခဲ့တယ်။ အစိုးရဝန်ထမ်းတွေရဲ့ လာဘ်စားမှုတွေ ချစားမှုတွေကို လျော့ကျသွားအောင်လုပ်ဆောင်နိုင်ခဲ့တယ်လို့ ကမ္ဘောဒီးယားပြည်သူတွေက ပြောကြတယ်။ ဆမ်ရိန်းဆေးဟာလူငယ်တွေ၊ ကျောင်းသားတွေ၊ အောက်ခြေအစိုးရအမှုထမ်းတွေ၊ ကုန်သည်တွေနဲ့ ပညာတတ်တွေကြားထဲမှာ ထင်ရှားကျော်ကြားလှပါတယ်။ ၁၉၉၇ ခုနှစ်ဇူလိုင်လ ဟွန်ဆင်းအာဏာသိမ်းပြီးတဲ့နောက်မှာ လူထုကို မကြာမကြာဦးဆောင်ပြီး ဆန္ဒကျင်ဆန္ဒပြပွဲတွေလုပ်ရဲတဲ့အတွက်လည်း သူ့ကိုထောက်ခံသူတွေ ပိုများလာပါတယ်။ ကမ္ဘောဒီးယားမှာ မြို့နေလူဦးရေအများစုက ဆမ်ရိန်ဆေးကို ထောက်ခံကြတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ကမ္ဘောဒီးယားလူဦးရေ ၈၀% ကျော်နေထိုင်ကြတဲ့ ကျေးလက်တွေမှာတော့ ဆမ်ရိန်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်မထောက်ခံကြသေးပါ။ ဒါပေမယ့် ရှေ့အလားအလာကောင်းတဲ့ နိုင်ငံရေးသွေးသစ်အဖြစ် ဆမ်ရိန်ဆေးကို သုံးသပ်ကြတာလဲတွေ့ရပါတယ်။

ဒီလိုနိုင်ငံရေးပါတီအခြေခံတွေနဲ့ ကမ္ဘောဒီးယားရွေးကောက်ပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။ အကြမ်းဖျင်းပြောရရင်တော့ ကမ္ဘောဒီးယားမှာ (CPP)ကို ထောက်ခံကြသူတွေလဲရှိတယ်။ ဖန်ဆင်ပက်ကို ထောက်ခံကြသူတွေလဲရှိတယ်။ ဆမ်ရိန်ဆေးကို ထောက်ခံကြသူတွေလဲရှိတယ်။ တကယ်တမ်းသာ (CPP)ကသူ့မှာရှိတဲ့ အာဏာငွေကြေးရုပ်ဝတ္ထုတွေကိုသုံးပြီး မဲရအောင်မလုပ်နိုင်ဘူးဆိုရင် ဒီအင်အားစုသုံးရပ်စလုံးဟာ ကမ္ဘောဒီးယားမှာ မတိမ်းမယိမ်းဘဲလို့ ပြောလို့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ ဒီလိုမဟုတ်ပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လူထုထောက်ခံမှု ရောမ အများစုရထားတဲ့ပါတီအဖြစ် ယခုအချိန်အထိ တောက်လျှောက်ရပ်တည်လာခဲ့တယ်။

လွှတ်တော်ထဲမှာ (၄၈၅)နေရာရှိတဲ့အနက် (၃၉၂)နေရာရခဲ့တယ်ဆိုတာဟာ နိုင်ငံရေးပါတီတရပ်အနေနဲ့ တကယ့်ကိုကြီးကျယ်တဲ့ အောင်ပွဲပါဘဲ။ လူထုဟာ ဘယ်ပါတီကို ထောက်ခံတယ်ဆိုတာ ၁၉၉၀ ပြည့်မေလရွေးကောက်ပွဲကနေ အသေအချာကို အထင်အရှားပြလိုက်တာပါဘဲ။

တရားမျှတတဲ့ရွေးကောက်ပွဲတွေရှိမှ၊ ပြီးတော့ အဲဒီရွေးကောက်ပွဲရလဒ်တွေကို အမှန်တကယ်လဲဖေါ်ဆောင်မှ အဲဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဥပဒေစိုးမိုးရေးရှိဘို့ ရွေးကောက်ပွဲရလဒ်တွေကို အမှန်တကယ်လဲ ဖေါ်ဆောင်ဘို့လိုအပ်ခဲ့တာ ကြာပါပြီ။ အဲဒီလို ဖေါ်ဆောင်နိုင်ဘို့အတွက် –

- လက်ရှိအာဏာရနေတဲ့ အစိုးရ (သို့)ပါတီကလဲ ဥပဒေနဲ့အညီ အသာတကြည်နဲ့ အာဏာလွှဲပြောင်းပေးဘို့လို ပါတယ်။
- အနိုင်ရပါတီကလည်းမိမိကို လူထုကပေးအပ်လိုက်တဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဘို့လိုပါတယ်။
- လူထုကလဲ မဲပေးပြီးပြီးရော သဘောမထားဘဲ တရားဥပဒေနဲ့အညီ မိမိတို့လိုလားတဲ့ ဒီမိုကရေစီလူထု အစိုးရတရပ်ပေါ်ပေါက်လာတဲ့အထိ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဘို့လိုပါတယ်။

(၃)

၁၉၉၈ ခုနှစ်ဇူလိုင်၂၆နှင့် ၂၇ ကမ္ဘောဒီးယားရွေးကောက်ပွဲကို ကျင်းပခဲ့တဲ့ ရည်မှန်းချက်အခြေခံတွေကို ဆက်လက် တင်ပြလိုပါတယ်။

နိုင်ငံတကာအနေနဲ့ကတော့ ကမ္ဘောဒီးယားမှာ ငြိမ်းချမ်းမှုရစေချင်တယ်။ လူထုဆန္ဒနဲ့အညီ ဖွဲ့စည်းထားတဲ့တရားဝင် အစိုးရတရပ်ပေါ်လာစေချင်တယ်။ လူထုဆန္ဒနဲ့အညီ ဖွဲ့စည်းထားတဲ့ တရားဝင်အစိုးရတရပ်ပေါ်ပေါက်လာစေခြင်တယ်။ ဒေသဆိုင်ရာတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ရစေချင်တယ်။ ဒီသဘောထားအခြေခံတွေတူညီစွာရှိကြပေမယ့် အသေးစိပ်မှာတော့အနည်းနဲ့အများကွာခြားမှု တွေလဲရှိနေပါတယ်။ (EU)လို့ခေါ်တဲ့ဥရောပသမဂ္ဂနဲ့ သမဂ္ဂဝင်နိုင်ငံအများစုက ကမ္ဘောဒီးယားမှာ ရွေးကောက်ပွဲမကျင်းပခင်တည်းက ရွေးကောက်ပွဲအပေါ်မှာ အကောင်းမြင်ဘက်ကများကြတယ်။ အမေရိကန်နိုင်ငံကတော့ အကောင်းမြင်ဘက်က သိတ်မများလှဘူးလို့ပြောရပေလိမ့်မယ်။ ဂျပန်နိုင်ငံကတော့ ရွေးကောက်ပွဲဖြစ်အောင်ကို အဓိကတွန်းအားပေးတဲ့နိုင်ငံတနိုင်ငံပါ။ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ငွေကြေးရောရုပ်ဝတ္ထုပါ ပံ့ပိုးကူညီခဲ့တာဖြစ်တယ်။ တနိုင်ငံလုံးမှာ ရှိတဲ့မဲရုံအားလုံးအတွက် ကောင်းမွန်ခိုင်ခံ့တဲ့ သံမဏိနဲ့ အထူးပြုလုပ်ထားတဲ့ မဲပုံးတွေကိုဂျပန်နိုင်ငံမှလှူဒါန်းတယ်လို့စာတမ်းထိုးပြီး ပေးပို့ကူညီ ခဲ့တဲ့နိုင်ငံဖြစ်တယ်။ ရွေးကောက်ပွဲပြီးလို့ တည်ငြိမ်တဲ့ အစိုးရတရပ်ပေါ်လာရင် ဝင်ရောက်ရင်းနှီးမြုပ်နှံမည့် ဂျပန်ကုမ္ပဏီတွေ တန်းစီနေပါတယ်။

ရွေးကောက်ပွဲကိုကျင်းပတဲ့ (CPP)ရဲ့ ရည်မှန်းချက်ကတော့ အာဏာကို တရားဝင်ဆက်လက်ဆုတ်ကိုင်ခွင့် ရရှိရေးပါဘဲ။ (CPP)ဟာ ခမာနီတွေကို တိုက်ခိုက်မောင်းထုတ်ပြီး ၁၉၇၉ ခုနှစ်ကထဲကနေ ယခုအချိန်အထိတောက်လျှောက် အာဏာရရှိလာခဲ့တယ်။ နိုင်ငံတကာဖိအားကြောင့် မလွှဲမရှောင်သာလို့ ရွေးကောက်ပွဲကျင်းပပေးရတာဖြစ်ပေမယ့် အာဏာကိုလက်မလွှတ်ခြင်ဘူး။ အာဏာဆက်လက်တည်မြဲရေးအတွက် ဘက်ပေါင်းစုံက စီစဉ်ခင်းကျင်းပြီးမှ ရွေးကောက်ပွဲကျင်းပခဲ့တာဖြစ်တယ်။

သာဓကအားဖြင့် ရွေးကောက်ပွဲကော်မီရှင်ဥပဒေထဲမှာ ၎င်းတို့ထည့်သွင်းခြင်တဲ့အချက်တွေပါအောင် ကြိုးပမ်းခဲ့တယ်။ အမျိုးသားရွေးကောက်ပွဲကော်မီရှင် (National Election Commission)အဖွဲ့ဝင် (၁၁)ဦးရှိတဲ့အနက် (၇)ဦးဟာ (CPP)ကပုဂ္ဂိုလ်တွေဖြစ်တယ်။ ပြည်နယ်ရွေးကော်မီရှင် ကျေးရွာအုပ်စု (Commune)ရွေးကောက်ပွဲ ကော်မီရှင်နဲ့ မဲရုံကြီးကြပ်ရေးကော်မီရှင်တွေရဲ့ တကယ့်အများစုကို (CPP)ကလူတွေနဲ့ ဖွဲ့စည်းထားတယ်။ ကျေးရွာသူကြီးတွေအားလုံးဟာ (CPP)ကလူတွေဖြစ်ပြီး လူထုတွေမဲပေးတဲ့အခါမှာ လျှို့ဝှက်မဲဖြစ်တယ်ဆိုပေမယ့် ဘယ်ပါတီကိုမဲပေးတယ်ဆိုတာကို သိနိုင်အောင်ကွန်ပြူတာတွေနဲ့ဖမ်းထားတယ်၊ ဂြိုလ်တုကနေပြီးတော့လဲ ဓါတ်ပုံတွေရိုက်ထားတယ် စသဖြင့်ရွာသူကြီးတွေကနေလူထုကို ခြောက်လှန့်ထားတာတွေရှိတယ်။ ၁၉၉၇ ဇူလိုင်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်းကတဲက (CPP)ကလွဲရင် အခြားနိုင်ငံရေးပါတီတွေရဲ့ လှုပ်ရှားမှုတွင်ကို ကန့်သတ်ထိမ်းချုပ်ထားခဲ့တယ်။ လမ်းမကြီးတွေကနေတဆင့် လမ်းခွဲဝင်သွားရတဲ့ရွာတွေဆီကို (CPP)ကလွဲရင် အခြားနိုင်ငံရေးပါတီတွေကို သွားရောက်မဲ

ဆွယ်စည်းရုံးခွင့်မပြုဘူး။ စစ်တပ်ကို (CPP)ကအဓိကချုပ်ကိုင်ထားနိုင်ပြီး စစ်တပ်အခြေစိုက်စခန်းတွေဟာ ကျေးရွာတွေမှာဘဲဖြစ်တယ်။ အဲဒီကျေးရွာတွေမှာဘဲ ခြိမ်းခြောက်မှုတွေ သတ်ဖြတ်မှုတွေဖြစ်ပွားခဲ့ကြောင်း သိရတယ်။ ရွေးကောက်ပွဲနဲ့ဆက်စပ်ပြီး ဖြစ်ပွားတဲ့ သတ်ဖြတ်မှုတွေဟာ ၁၉၉၃ ခုနှစ်ရွေးကောက်ပွဲတုံးက (၁၀၀)ကျော်ရှိခဲ့တယ်။ ယခု ရွေးကောက်ပွဲမှာတော့ (၂၀)ကျော်သာရှိတဲ့အတွက် အခြေအနေကောင်းတယ်လို့ ပြောလို့ရပေမယ့် သတ်ဖြတ်မှုတွေဟာ တရားခံမပေါ်နိုင်တာတွေများတဲ့အတွက် လူထုအဖို့ နစ်နာလှတယ်။

မဲပေးဘို့မှတ်ပုံတင်တဲ့အခါမှာ အချိန်တလရတယ်။ အဲဒီအချိန်အတောအတွင်းမှာ မှတ်ပုံတင်နိုင်ရေးအတွက် (CPP)ကခန့်ထားတဲ့ ကျေးရွာသူကြီးတွေဟာ (CPP)ကို ထောက်ခံသူတွေဆီကိုသာ လှမ်းပြီးအကြောင်းကြားတာတွေလုပ်တယ်။ အချို့ဒေသတွေမှာ မှတ်ပုံတင်တဲ့နေရာ မှတ်ပုံတင်တဲ့နေရာရဲ့ပရဝုဏ်အတွင်းမှာ လက်နက်ကိုင်စစ်သားတွေကို ဝင်ရောက်စေပြီးခြိမ်းခြောက်မှု လုပ်ခဲ့တာတွေရှိတယ်။ အမျိုးသားမှတ်ပုံတင်မိသားစုကတ်ပြားစတာတွေကိုပြသမှ မှတ်ပုံတင်ခွင့်ရသလို ဘာလက်မှတ်အထောက်အထားမှမရှိပေမယ့် ကျေးရွာသူကြီး (သို့မဟုတ်)ရွာသားနှစ်ဦးကနေပြီး ဒီလူဟာဖြင့် ကျွန်တော်တို့ရွာမှာ နေလာတာနှစ်ပေါင်းဘယ်နှစ်ဆယ်ရှိပြီ။ စသဖြင့်ထောက်ခံရင်မှတ် ပုံတင်ခွင့်ပြုတဲ့ စည်းကမ်းအောက်မှာ (CPP)ဟာသူတို့ကိုထောက်ခံမဲပေးမယ့် ကမ္ဘောဒီးယားရောက် ဗီယက်နမ်တွေကို မှတ်ပုံတင်ခိုင်းတာတွေလုပ်တယ်။ ကမ်ပုန်ချုနန်းပြည်နယ် တခုထဲမှာတင် ဗီယက်နမ်လူမျိုး (၂၀၀၀၀)ခန့်ရှိပြီး (CPP)ကိုထောက်ခံသူတွေ ဖြစ်ကြောင်းသိရတယ်။

(CPP)ကို မဲမပေးရင်သတ်ပစ်မယ် အိမ်ကိုမီးရှို့ပစ်မယ်စသဖြင့် ရွာသူကြီးတွေကရော (CPP)အာဏာပိုင်တွေကပါ ခြိမ်းခြောက်တာတွေနေရာအတော်များများမှာ ရှိတယ်။ အစိုးရရုံးနေရာတွေကို (CPP)မဲဆွယ်ဘို့အသုံးချတာတွေ လူထုရဲ့ကားတွေကို ချောဆွဲပြီး ခေါ်ယူသုံးစွဲတာတွေလုပ်ခဲ့တယ်။ ဒီလိုအချက်အလက်တွေကို ကြည့်မယ်ဆိုရင် (CPP)ဟာ သူမဲရရှိရေးအတွက်အာဏာနဲ့လုပ်ပိုင်ခွင့်တွေကို သုံးစွဲပြီး ဆောင်ရွက်ခဲ့ကြောင်းတွေ့ရမှာဖြစ်တယ်။ ၁၉၉၈ မတ်လထဲမှာ မင်းသားရာနာရစ်ပြန်လာတဲ့အခါမှာတော့ နိုင်ငံရေးဖိနှိပ်မှုတစုံတရာလျော့ပါးသွားခဲ့တယ်လို့ သိရတယ်။ ရွေးကောက်ပွဲကျင်းပခါနီးအလနစ်လခန့်အလို ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးနိုင်ငံတကာအဖွဲ့အစည်းတွေရောက်ရှိလာတဲ့အခါမှာတော့ နိုင်ငံရေးလွတ်လပ်မှု သိသိသာသာပိုရလာတယ်လို့ပြောကြတယ်။

ကမ္ဘောဒီးယားအမျိုးသားရွေးကောက်ပွဲကော်မီရှင် (National Election Commission)ဒုဥက္ကဋ္ဌ မစ္စတာကက်ဆီနိုဆိုသူဟာ မည်သည့်နိုင်ငံရေးပါတီကမျှမဟုတ်ဘဲ (CPP)နဲ့ဖန်ဆင်ပက်ပါတီတွေကရော လက်ရှိပူးတွဲဝန်ကြီးချုပ်နှစ်ဦးလုံးကပါ သဘောကျတဲ့အတွက် ယခုရာထူးနေရာရရှိလာသူလို့သိရပါတယ်။ သူဟာပွင့်လင်းစွာပြောတတ်တဲ့လူကြီးလူကောင်းတဦးပါဘဲ။ ရွေးကောက်ပွဲကျင်းပခါနီး (၃)ရက်အလို နိုင်ငံတကာမှလေ့လာသူများနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ သူ့အတွေ့အကြုံတွေကို ဖွင့်ဟဆွေးနွေးခဲ့တယ်။ အဲဒီမှာသိရတာက အမျိုးသားရွေးကောက်ပွဲ ကော်မီရှင်ထဲမှာ (CPP) ကခန့်ထားသူ (၇)ဦးပါနေတဲ့အတွက် ကော်မီရှင်ထဲမှာ ပြဿနာပေါ်လို့မဲခွဲဆုံးဖြတ်တဲ့

အခါတိုင်း (CPP)ကချည်းနိုင်နေပါသတဲ့။ အစည်းဝေးပေါင်းများစွာမှာ သူတင်တဲ့အဆို အနိုင်ရတာ နှစ်ခါသုံးခါဘဲရှိသတဲ့။ အဲဒီအထဲမှာ တခုကဘာလဲဆိုရင် ရွေးကောက်ပွဲမှာ ပထမနေ့မဲထည့်ပြီးတဲ့အခါမှာ မဲပုံးတွေကိုဘယ်မှာ ညသိပ်ထားမလဲ ဆိုတဲ့ပြဿနာပါဘဲ။ (CPP)ကလူတွေက ရွာသူကြီးတွေအိမ်မှာမဲပုံးတွေကို ညသိပ်ဘို့အဆိုပြုကြလို့ သူနဲ့အကြိတ်အနယ် ဆွေးနွေးကြရတယ်။ ရွာသူကြီးတွေအားလုံးဟာ (CPP)ကလူတွေချည်းဖြစ်နေတာကိုး။ သူကဒီအဆိုပြုချက်ကို လုံးဝကန့်ကွက်ပြီးမဲပုံးတွေကို ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မီရှင်ရုံးမှာ ညသိပ်ရမယ်လို့တောင်းဆိုပါတယ်။ နောက်ဆုံးကျမှ သူအနိုင်ရသွားခဲတယ်လို့ရှင်းပြတယ်။

အဲဒါတွေဟာ ရွေးကောက်ပွဲအနိုင်ရရှိရေး (CPP)ကစီစဉ်ချမှတ်တဲ့နည်းဗျူဟာတွေရဲ့ အစိပ်အပိုင်းတွေဖြစ်ပါတယ်။

လေ့လာလို့ရသလောက် ကမ္ဘောဒီးယားပြည်သူအများစုက ရွေးကောက်ပွဲအပေါ်ထားရှိတဲ့ ရည်မှန်းချက်ကတော့ လွတ်လပ်ပြီးမျှတတဲ့ ရွေးကောက်ပွဲကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရယူပြီး ပြည်တွင်းပြည်ပကလက်ခံနိုင်မည့် အစိုးရတရပ် ပေါ်လာစေရေးဖြစ်ပါတယ်။ ဒီအစိုးရကနေ တဆင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုးတက်ဖွံ့ဖြိုးရေးကို တဖြေးဖြေးတည်ဆောက်သွားဘို့ဖြစ်တယ်။ ကမ္ဘောဒီးယားပြည်သူတွေဟာ စစ်ကိုငြီးငွေ့နေကြပြီ။ အချင်းချင်းသတ်ရဖြတ်ရတာကို ငြီးငွေ့နေကြပြီ။ ဒီမိုကရေစီကို နေ့ခြင်းညချင်းလဲ မရနိုင်ဘူးဆိုတာ သဘောပေါက်ကြတယ်။ အချင်းချင်းသင့်မြတ်မှု တည်ဆောက်ပြီး ကမ္ဘာကလက်ခံတဲ့ အစိုးရတရပ်မဖွဲ့စည်းနိုင်ရင် နိုင်ငံတကာအကူ အညီလဲမရနိုင်ဘဲ ပြည်သူတရပ်လုံး ဆင်းရဲ တွင်းနက်နေကြဦးမှာဘဲဆိုတာ နားလည်ကြတယ်။

စစ်ကိုငြီးငွေ့နေကြပြီ။ အချင်းချင်းသတ်ရဖြတ်ရတာကို ငြီးငွေ့နေကြပြီ။ ဒီမိုကရေစီကို နေ့ခြင်းညချင်းလဲ မရနိုင်ဘူးဆိုတာ သဘောပေါက်ကြတယ်။ အချင်းချင်းသင့်မြတ်မှုတည်ဆောက်ပြီး ကမ္ဘာကလက်ခံတဲ့ အစိုးရတရပ်မဖွဲ့စည်းနိုင်ရင် နိုင်ငံတကာ အကူအညီလဲမရနိုင်ဘဲ ပြည်သူ တရပ်လုံးဆင်းရဲတွင်းနက်နေကြဦးမှာဘဲ ဆိုတာ နားလည်ကြတယ်။

ဒါကြောင့် ဒါကိုကျော်လွှားနိုင်ဘို့ ရွေးကောက်ပွဲနည်းလမ်းတခုဘဲရှိတယ်။ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်ဘို့ ရွေးကောက်ပွဲရလဒ်တွေကို ပြည်တွင်းကနိုင်ငံရေးအင်အားစုတွေရော နိုင်ငံတကာကပါလက်ခံဘို့ဆိုတာဟာ ယနေ့ကမ္ဘောဒီးယားပြည်သူတွေအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စရပ်ကြီးဖြစ်လာတယ်။

ရွေးကောက်ပွဲအောင်မြင်မှု ရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံကအခြေအနေကတော့ ကမ္ဘောဒီးယားနဲ့ပြောင်းပြန်လို ကွာခြားလှပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၀ မေလရွေးကောက်ပွဲဟာ အောင်မြင်စွာကျင်းပခဲ့တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါ။ ရွေးကောက်ပွဲရလဒ်ကို လက်ရှိအာဏာယူထားတဲ့ စစ်အုပ်စုနဲ့ ပြည်တွင်းကနိုင်ငံရေးပါတီအားလုံးအပါအဝင် နိုင်ငံတကာပါလက်ခံထားရတဲ့ရလဒ် ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မီရှင်အနေနဲ့ ကိုယ်စားလှယ်အလိုက် တဦးချင်းရွေးချယ်ခံရတဲ့ကိစ္စတွေအပေါ် ကန့်ကွက်လွှာ (၁၁)မှုကိုသာလက်ခံရရှိခဲ့တယ်။ အဲဒီ (၁၁)မှုအနက် (၈)မှုကိုပယ်ခဲ့ပြီး (၃)မှုကိုသာ လက်ခံစစ်ဆေးအဆုံးအဖြတ်ပေးခဲ့

တယ်။ ဒီသုံးမှုဟာလဲ ရွေးကောက်ပွဲ ရလဒ်ကြီးတခုလုံးကို လုံးဝထိပါးပျက်ပြယ်စေခြင်းမရှိပါ။

ရွေးကောက်ပွဲတခုကျင်းပရတယ်ဆိုတာ လွယ်ကူတဲ့အလုပ်တခုမဟုတ်ပါ။ အချိန်ကုန်ငွေကုန်ပြဿနာပေါင်းများစွာ ရင်ဆိုင်ရရုံမက ရလဒ်အပေါ်မှာ အငြင်းပွားမှုတွေက မကျေလည်မှုတွေ ဖြစ်တတ်ပါတယ်။ ယခုကမ္ဘောဒီးယားရွေးကောက်ပွဲဟာ အနီးစပ်ဆုံးသာဓကပါ။ ကမ္ဘောဒီးယားရွေးကောက်ပွဲကို သွားရောက်လေ့လာခွင့်ရခဲ့တဲ့နိုင်ငံတကာက လေ့လာသူအများစုက ယေဘုယျအားဖြင့် ရွေးကောက်ပွဲရဲ့ စနစ်တကျရှိမှုကို များစွာအံ့သြချီးကျူးကြရပါတယ်။

လက်ရှိအာဏာရ (CPP)ဟာ ရွေးကောက်ပွဲမတိုင်ခင်ကာလတွေမှာ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် ဘယ်လိုစီစဥ်ခင်းကျင်းထားတယ် ခြိမ်းခြောက်မှုတွေလုပ်ထားတယ်ဆိုပေမယ့် ရွေးကောက်ပွဲနီးကပ်လာတဲ့ကာလနဲ့ ရွေးကောက်ပွဲကာလအတွင်းမှာတော့ ဘက်ပေါင်းစုံအခြေအနေတွေရဲ့အောက်မှာ အတော့်ကိုစည်းကမ်းစနစ်တကျနဲ့ သေသပ်စွာ မျှတစွာလုပ်ဆောင်သွားခဲ့တယ်လို့ နိုင်ငံတကာကလေ့လာသူအများစုက လက်ခံကြပါတယ်။ ထိုင်းနိုင်ငံကနေသွားရောက်လေ့လာတဲ့ ပညာရှင်တွေကဆိုရင် သူတို့နိုင်ငံကရွေးကောက်ပွဲထက်ကို သာတယ်လို့သုံးသပ်ကြပါတယ်။ ဒီလောက်စနစ်တကျလုပ်ဆောင်တာတောင်မှ အငြင်းပွားမှုတွေ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်ပါဘူးဆိုတဲ့ ကြေငြာချက်တွေထွက်ပေါ်ခဲ့ပါတယ်။

မြန်မာနိုင်ငံက ၁၉၉၀ မေလရွေးကောက်ပွဲရလဒ်ကတော့ အံ့သြစရာကောင်းလောက်အောင်ကို အငြင်းပွားမှုနည်းပါးလှပြီး အားလုံးက တညီတညွတ်တည်းလက်ခံထားတဲ့ရလဒ်ဖြစ်တယ်။ လိုအပ်ချက်ကတော့ အဲဒီရလဒ်ကိုလက်တွေ့ဖေါ်ဆောင်ရေးဘဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွင်၊ ရွေးကောက်ပွဲရလဒ်ကို လက်တွေ့ဖေါ်ဆောင်မှုတွေလုပ်ဆောင်ရင်း ဥပဒေစိုးမိုးရေးလမ်းကြောင်းကနေ ဒီမိုကရေစီစနစ်ဆီကို လက်တွေ့လှမ်းတက်ကြရမှာကတော့ ဒီကနေ့ မြန်မာနိုင်ငံသားအားလုံးရဲ့ တာဘဲဖြစ်ပါလိမ့်မယ်။

(၄)

ကမ္ဘောဒီးယားရဲ့ နိုင်ငံရေးပြဿနာတွေဟာ ရှုတ်ထွေးလှပါတယ်။ အကျိုးဆက်အဖြစ်နဲ့ အစိုးရဌာနဆိုင်ရာတွေ အာဏာပိုင်တွေကြားထဲမှာ ချစားမှုတွေများပြားလှပြီး လူထုရဲ့ တဦးချင်းဘဝလုံခြုံမှုကင်းမဲ့ကာ ဥပဒေစိုးမိုးရေးချွတ်ခြုံကျနေရတဲ့ အခြေအနေဖြစ်ပါတယ်၊ ဒီအခြေအနေကိုကျော်လွှားပြီး ဥပဒေစိုးမိုးမှုရှိတဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ နိုင်ငံတခုတည်ဆောက်နိုင်အောင် ယခုကျင်းပတဲ့ရွေးကောက်ပွဲအပေါ်မှာ အခြေခံပြီးသာမန်ကမ္ဘောဒီးယားပြည်သူတွေ ဘယ်လို ကြိုးစားကြသလဲဆိုတာ တင်ပြလိုပါတယ်။

သာမန်ကမ္ဘောဒီးယားပြည်သူတွေလို့ သုံးနှုန်းရခြင်းကတော့ သူတို့ဟာမည်သည့်နိုင်ငံရေးပါတီခေါင်းဆောင်တွေမျှ မဟုတ်ကြ အာဏာရှိသူတွေ ငွေကြေးခနကြွယ်ဝချမ်းသာသူတွေလဲမဟုတ်ကြတဲ့ ရိုးရိုးအခြေခံပြည်သူတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ သူတို့နဲ့ နိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ ရွေးကောက်ပွဲကို ချဉ်းကပ်ကြပုံခြင်း မတူကြပါ။ နိုင်ငံရေးပါတီတွေ ရွေးကောက်ပွဲကို ချဉ်းကပ်ကြပုံက မိမိပါတီအနိုင်

ရရှိရေးက အဓိကဖြစ်တယ်။ အထက်ကတင်ပြခဲ့တဲ့ သာမန်ပြည်သူတွေချဉ်းကပ်ကြပုံက ကမ္ဘောဒီးယားမှာ တတ်နိုင်သမျှ လွတ်လပ်တဲ့တရားမျှတတဲ့ ရွေးကောက်ပွဲတရပ်ပေါ်လာ ရေးဖြစ်တယ်။ ကမ္ဘောဒီးယားရဲ့ ရှုတ်ထွေးလှတဲ့နိုင်ငံရေးနောက်ခံတွေကြောင့် ရွေးကောက်ပွဲတခုထဲနဲ့တော့ ငြိမ်းချမ်းတည်ငြိမ်တဲ့ တိုးတက်အောင်မြင်တဲ့ ဒီမိုကရေစီနိုင်ငံတခု နေ့ခြင်းညခြင်းမတည်ဆောက်နိုင်ဘူးဆိုတာ သူတို့နားလည်တယ်။

ဒါပေမယ့် အဲဒီပြည်သူတွေက ကမ္ဘာဒီးယားမှာ ဒီမိုကရေစီအုတ်မြစ်ချချင်တယ်။ အတတ်နိုင်ဆုံးဘက်လိုက်မှုကင်းတဲ့ စနစ်ကျတဲ့ရွေးကောက်ပွဲ ဖြစ်လာစေချင်တယ်။ လူထုရဲ့ဆန္ဒဟာ ဘယ်လောက်အရေးကြီးတယ် လူထုရဲ့ဆန္ဒကို ရွေးကောက်ပွဲတွေနဲ့အညီ ဘယ်လိုဖေါ်ဆောင်သင့်တယ်ဆိုတဲ့ကိစ္စကို လူထုတရပ်လုံးသိရှိပြီး ယခုရွေးကောက်ပွဲကစလို့ စနစ်တကျကျင့်သုံးစေချင်တယ်။ ဒီလိုအခြေခံတွေပေါ်ကနေ ရွေးကောက်ပွဲကို ချဉ်းကပ်ကြတာပါ။ ယခုကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘောဒီးယားရွေးကောက်ပွဲဟာ အဲဒီပြည်သူတွေရဲ့ အောင်ပွဲဘဲလို့ ပြောလို့ရပါတယ်။ ဆိုလိုချင်တာကတော့ ရာနှုန်းပြည့်လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲရယ်လို့ ပြောဘို့မဖြစ်နိုင်ပေမယ့် ရာနှုန်းအများစုလက်ခံနိုင်တဲ့ ရွေးကောက်ပွဲဖြစ်တယ် သေသပ်စွာစနစ်ကျစွာ ကျင်းပခဲ့တဲ့ရွေးကောက်ပွဲဖြစ်တယ် ပြီးတော့ရွေးကောက်ပွဲတခုကို ဘယ်လိုကျင်းပရတယ် မသမာမှုတွေမဖြစ်ပွားအောင် ဘယ်လိုစောင့်ကြည့်လေ့လာရတယ် လူထုပညာပေးလုပ်ငန်းတွေ ဘယ်လိုလုပ်ရတယ်ဆိုတဲ့ အတွေ့အကြုံတွေကို ကမ္ဘောဒီးယားပြည်သူတွေ ရရှိသွားကြတယ်။

ကမ္ဘောဒီးယားရွေးကောက်ပွဲ လှုပ်ရှားမှုမှာအဓိကကျတဲ့ လူထုအဖွဲ့အစည်းတခုအကြောင်းကို တင်ပြလိုပါတယ်။ (Committee for Free and Fair Election in Cambodia (COMFREL))လို့ခေါ်တဲ့အဖွဲ့ပါ။ နိုင်ငံရေးပါတီမဟုတ်ပါ။ သူ့ရဲ့မူရင်းကတော့ (Task Force)လို့ခေါ်တဲ့ အဖွဲ့ဖြစ်ပြီး ၁၉၉၃ ခု (UNTAC)ကဦးစီးပြီးကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ စောင့်ကြည့်လေ့လာဘို့ ဖွဲ့စည်းလိုက်တဲ့ အဖွဲ့ဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲမှာ (Task Force)ဟာ မဲဆန္ဒရှင်တသန်းကျော်ကို ပညာပေးရေးလုပ်ငန်းလုပ်ခဲ့တယ်။ လူနှစ်ထောင်ကို ရွေးကောက်ပွဲလေ့လာသူတွေအဖြစ် စီစဉ်နေရာချထားပေးနိုင်ခဲ့တယ်။

၁၉၉၅ ခုနှစ်ဒီဇင်ဘာမှာ ကမ္ဘောဒီးယားဒီမိုကရေစီ တိုးတက်ရရှိရေးအတွက် ရွေးကောက်ပွဲကိစ္စတွေမှာ အဓိကထားဆောင်ရွက်ဘို့ဘက်လိုက်မှုမရှိတဲ့ လွတ်လပ်တဲ့အားကောင်းခိုင်မာတဲ့ အဖွဲ့အစည်းကြီးတရပ်ဖွဲ့စည်းဘို့အတွက် လူ့အခွင့်အရေးဆိုင်အဖွဲ့အစည်းကြီး (၃)ဖွဲ့ပူးပေါင်းပြီး (COMFREL)ကိုဖွဲ့စည်းလိုက်ကြတယ်။ ၎င်းအဖွဲ့အစည်းကြီး (၃)ဖွဲ့ကို အခြေခံပြီးဖွဲ့လိုက်တဲ့ (COMFREL)ဟာအဖွဲ့ဝင် (၃၀၀၀၀၀)ရှိပြီး ကမ္ဘောဒီးယားမှာ ပြည်နယ် (၂၁)ခုရှိတဲ့အနက် (၁၇)ခုမှာရုံးတွင်ရှိတယ်။ ဝန်ထမ်းပေါင်း (၂၀၀)ကျော်ရှိတယ်။ နောက်ပိုင်းမှာ ကမ္ဘောဒီးယားရှေ့နေအသင်းအပါအဝင် အဖွဲ့အစည်းပေါင်း(၁၂)ခုပါ ထပ်မံပေါင်းစည်းလာကြတယ်။ (COMFREL)ဟာရွေး ကောက်ပွဲလုပ်ငန်းစဉ်ကြီးတခုလုံးရဲ့ ဖြစ်စဉ်တိုင်းမှာ ပါဝင်ပတ်သက်လုပ်ဆောင်တယ်။ ရွေးကောက်ပွဲဥပဒေကို ဝေဖန်ထောက်ပြတယ်။ ပြုပြင်သင့်တာတွေကို အကြံပေးတယ်။ အမျိုးသားရွေးကောက်ပွဲ ကော်မီရှင်နဲ့တကွ၎င်းရဲ့ လက်အောက်ခံကော်မီရှင်အဆင့်ဆင့် ဖွဲ့စည်းရာမှာ ပါသင့်တဲ့သူတွေပါအောင် ပြည်နယ်တွေမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ အခြားအာ

ဏာပိုင်တွေရဲ့အိမ်မှာ မထားဘို့စည်းရုံးလုပ်ဆောင်ကြတယ်။ ဖိလစ်ပိုင်မှာ ရွေးကောက်ပွဲ လေ့လာကြီးကြပ်ရေးသင်တန်းသွားရောက်တက်ပြီး ဖိလစ်ပိုင်ရွေးကောက်ပွဲ ကာလအတောအတွင်းမှာလဲ လက်တွေ့လေ့လာရေးတွေ လုပ်ကြတယ်။ ပြီးတော့ (UNHCR) နဲ့ပူးပေါင်းပြီး ပြည်နယ်အသီးသီးမှာ (COMFREL)အဖွဲ့ဝင်တွေကို ဒီမိုကရေစီရွေးကောက်ပွဲရဲ့ အရေးကြီးပုံလျှို့ဝှက်မဲပေးစနစ်ဆိုတာ ဘယ်လိုဖြစ်တယ် လွတ်လပ်တဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲတရပ်ဖြစ်အောင် ဘယ်လိုအနီးကပ် စောင့်ကြည့်ရမယ်ဆိုတာတွေ ပို့ချတဲ့ရက်တိုသင်တန်းတွေပေးတယ်။ ပြည်နယ်သင်တန်းတက်ပြီးသူတွေက တခါ ခရိုင်အလိုက်၊ ကျေးရွာအုပ်စုအလိုက် ဆင့်ပွားသင်တန်းတွေ ထပ်မံပို့ချကြ တယ်။

အာဏာရ (CPP)ကလူထုကြားထဲမှာ ခြိမ်းခြောက်ထားတာတွေကို မကြောက်ဘို့ လူထုကဘယ်ပါတီကို မဲပေးတယ်ဆိုတာသိနိုင်ဘို့ မဲရုံထဲမှာအစိုးရက ဘာပစ္စည်းကိုရိယာမှ တပ်ဆင်မထားနိုင်ဘူး။ ကိုယ်ကြိုက်တဲ့ပါတီကို လွတ်လွတ်လပ်လပ်မဲပေးကြပါဆိုပြီး(COMFREL)အဖွဲ့ဝင်တွေက တအိမ်တက်ဆင်းနဲ့ လူထုကိုလိုက်လံရှင်းပြကြတယ်။

ကျေးရွာနဲ့ ရပ်ကွက်အခြေခံလူထုတွေကြားထဲမှ သတင်းကွန်ယက်တွေတည်ဆောက်တယ်။ (CPP)ရဲ့ခြိမ်းခြောက်မှု မသမာမှု သတ်ဖြတ်မှုတွေကြားရရင် ချက်ခြင်းသတင်းစုဆောင်းပြီး (COMFREL)ရဲ့ ရုံးခွဲအဆင့်ဆင့်ကနေဖုန်းပင်ရှိ ဌာနချုပ်ကို ရောက်အောင်ပို့တယ်။ (COMFREL)ကနေ တကမ္ဘာလုံးကို သတင်းထုတ်ပြန်တယ်။ (COMFREL)အဖွဲ့ဝင်တွေကိုယ်တိုင် ခြိမ်းခြောက်ခံရမှုတွေရှိပေမဲ့ မလျှော့ဘဲဆက်ကြိုးပမ်းကြတယ်။ တပြည်လုံးမှာမဲရုံပေါင်း (၁၁၆၉၉)ကျော်ရှိတယ်။ မဲရုံတိုင်းမှာ လေ့လာသူနှစ်ဦး (သို့)အနည်းဆုံးတစ်ဦးစီနဲ့ တပြည်လုံးမှာ (COMFREL)မှမဲရုံလေ့လာစောင့်ကြည့်သူစုစုပေါင်း (၁၇၀၀၀)ကျော်စီစဉ်နေရာချထားပေးနိုင်ခဲ့တယ်။

ရွေးကောက်ပွဲမှာ နိုင်ငံတကာမှလေ့လာစောင့်ကြည့်သူများ လာရောက်အောင်လဲ (COMFREL)ကဆက်သွယ် စည်းရုံးတယ်။ နိုင်ငံတကာမှ လေ့လာသူတွေရောက်လာကြတဲ့အခါမှာ စကားပြန်တွေစီစဉ်ပေးခြင်းအပါအဝင် လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေကို သက်ဆိုင်ရာဒေသခံ (COMFREL)အဖွဲ့ဝင်တွေက တာဝန်ယူလုပ်ဆောင်ပေးတယ်။

ကမ္ဘောဒီးယားပြည်သူတွေ ဘာကြောင့်ဒီလိုကြိုးစားကြသလဲ။ ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အသက်သွေးကြောပမာအရေးကြီးလှကြောင်း သဘောပေါက်လာကြတယ်။ တစုံတရာအတိုင်းအတာအထိ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲတရပ်ကျင်းပပြီး နိုင်ငံတကာက တရားဝင်လက်ခံမည့် လူထုအစိုးရတရပ်ဖွဲ့စည်းကာ ပြည်တွင်းငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှု ဖေါ်ဆောင်ချင်ကြလို့ ဒီလိုကြိုးစားကြတာပါ။

အလားတူပါဘဲ။ မြန်မာနိုင်ငံက ပြည်သူတွေဟာလဲ ပြည်တွင်းငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုကို အာသာဆန္ဒပြင်းပြ စွာလိုချင်ကြတာပါဘဲ။ ဒါပေမယ့် ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံ မတူတဲ့ကွာခြားချက်နှစ်ခုတော့ရှိတယ်။ တခုက လက်ရှိအာဏာရယူထားတဲ့ အုပ်ချုပ်သူဘက်က အပိုင်းဖြစ်တယ်။ ကမ္ဘောဒီးယားမှာ (CPP)ရဲ့အာဏာရယူထားတဲ့ အပိုင်းက လုံးဝတရားမဝင်ဘူးလို့ပြောလို့မရပါ။ ၁၉၉၃ ခုနှစ် ကုလသမဂ္ဂကကြီးမှူးကျင်းပခဲ့တဲ့ ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ (CPP)ရဲ့အာဏာရယူမှုကို တရားဝင်ဖြစ်စေခဲ့တယ်။ ၁၉၉၇ ခုနှစ်ဇူလိုင်လမှာ ဖြစ်ပွားခဲ့တဲ့အရေးအခင်းမှာ ပူးတွဲဝန်ကြီးချုပ်ရာနာရစ်ကို မောင်းထုတ်ပြီး ဟွန်ဆင်းဦးဆောင်တဲ့ (CPP)ကလုံးဝအာဏာရယူလိုက်တဲ့ကိစ္စဟာ

တရားမဝင်အာဏာသိမ်းတဲ့ကိစ္စ ဟုတ်မဟုတ် ယခုအထိနိုင်ငံတကာမှာ အငြင်းပွားနေဆဲဖြစ်တယ်။ အဲဒီကိစ္စဟာ ဥပဒေစိုးမိုးရေးကိုဆန့်ကျင်တာ တော့မှန်တယ်။ အာဏာသိမ်းတဲ့ကိစ္စတော့မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကမ္ဘောဒီးယားရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဆက်လက်အာဏာတည်ဆဲဖြစ်တယ်။ အမျိုးသားလွှတ်တော်ကိုလဲမဖျက်သိမ်းဘူး။ လူအပြောင်းအလဲလုပ်တာကလွဲလို့ အစိုးရအဖွဲ့ကလဲ ဆက်ရှိနေတယ်။ ဒါကြောင့် ဒါဟာအာဏာသိမ်းတာမဟုတ်ဘူးလို့ ခုခံငြင်းဆန်နေကြသူတွေလဲရှိတယ်။ မြန်မာနိုင်ငံမှာ စစ်အုပ်စုအာဏာရလာပုံကတော့ လုံးဝတရားမဝင်အာဏာသိမ်းတာဘဲ ဆိုတာ ဘယ်သူမှအငြင်းမပွားပါ။

ပြီးတော့ ကမ္ဘောဒီးယားနဲ့မြန်မာနိုင်ငံ အတိုက်အခံအင်အားစုတွေဘက်ကို နှိုင်း ယှဉ်ကြည့်မယ်ဆိုရင် အထက်မှာ ဖေါ်ပြခဲ့သလိုဘဲ အဓိကအတိုကအခံအင်အားစုလို့ ပြောလို့ရတဲ့ ဖန်ဆင်ပက်ပါတီကိုယ်တိုင်က အချင်းချင်းကြားထဲမှာ အလဲလဲအကွဲကွဲဖြစ်နေသလို ရာနာရစ်ရဲ့ဦးဆောင်မှုကို အားမရကြတဲ့ပြည်သူတွေ အများကြီးပါ။ ဒါကြောင့်ယခုကျင်းပပြီးစီးသွားခဲ့တဲ့ ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ ဖန်ဆင်ပက်ဟာ ၎င်းတို့ထင်ထားသလိုကြီးကြီးမားမား အောင်ပွဲမခံခဲ့လို့ ယခုအထိပြဿနာတက် နေတာ အားလုံးအသိပါ။

မြန်မာနိုင်ငံမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အမျိုးသားညီလာခံတက်ခဲ့တဲ့ ကိစ္စနဲ့ပါတ်သက်ပြီး ညီလာခံတက်လိုတဲ့အုပ်စုနဲ့ မတက်လိုတဲ့အုပ်စု နှစ်ခြမ်းကွဲသွားနိုင်တယ်လို့ ထင်မြင်ယူဆထားကြသူတွေ အံ့သြသွားရလောက်အောင်ကိုဘဲ အခက်အခဲအမျိုးမျိုးကြားက စည်းလုံးမှုကို ဆက်လက်တည်ဆောက်ထားနိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ရာနာရစ်လိုမဟုတ်ဘဲ လူထုရဲ့ယုံကြည်ကိုးစားမှုရရှိအောင် စွမ်းဆောင်နိုင်ဆဲဖြစ်တယ်။ လိုအပ်နေတာကတော့ ရွေးကောက်ပွဲရလဒ်ကို ဖေါ်ဆောင်ဘို့ပါဘဲ။ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ပွဲရလဒ်ကိုမရရှိဘူးဆိုရင် ဥပဒေစိုးမိုးရေးအခြေခံနဲ့ ဝေးကွာသွားမှာဖြစ်သလို နိုင်ငံသမိုင်းမှာ မကောင်းတဲ့အစဉ်အလာတခုလဲ မှတ်တမ်းတင် ကျန်ခဲ့မှာဖြစ်တယ်။ ဒါကြောင့် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်ကိုးပြီး ဥပဒေစိုးမိုးရေးအခြေခံနှင့်အညီ သမိုင်းအစဉ်အလာကောင်းကို ဆောင်ကျဉ်းနိုင်ရေးအတွက် ရွေးကောက်ပွဲရလဒ်ကို ဖေါ်ဆောင်ဘို့ပြည်သူအားလုံးမှာ တာဝန်ရှိတယ် လို့ပြောရမှာဖြစ်ပါတယ်။

(၅)

၁၉၉၈ ခုနှစ်ဇူလိုင်၂၆၊၂၇ ရက် ကမ္ဘောဒီးယားရွေးကောက်ပွဲကာလအတောအတွင်းမှာ နိုင်ငံတကာမှလာရောက်လေ့လာကြသူပေါင်း (၆၀၀)ကျော်ရှိတယ်။ အချင်းချင်းဆက်သွယ်ညှိနှိုင်းကြပြီးတော့ တပြည်လုံးမှာရှိတဲ့ ပြည်နယ်အသီးသီးခရိုင်အသီးသီးကိုခွဲဆင်းကြတယ်။ တယောက်ချင်းစီရော နှစ်ယောက်တဖွဲ့အဖွဲ့ငယ်လေးတွေခွဲပြီးတော့ရော တဖွဲ့ကို မဲရုံ (၁၀)ရုံလောက်လေ့လာဖြစ်အောင် တဖွဲ့ကိုကားတစီးစီ စကားပြန်တဦးစီနဲ့ ကူးလာခေါက်ပြန်ပတ်ပြီးလေ့လာကြတယ်။

ကျွန်တော်တို့သွားရောက်လေ့လာခဲ့တဲ့ ပြည်နယ်ကတော့ ကမ်ပုန်ချနန်းပါ။ လွှတ်

တော်အမတ် လေးနေရာရွေးချယ်ပေးမယ့် ပြည်နယ်ဖြစ်တယ်။ မဲပေးမယ့်ရက်မတိုင်ခင် နှစ်ရက်ကြိုရောက်ကြပြီးတော့ သက်ဆိုင်ရာပြည်နယ်ရွေးကောက်ပွဲကော်မီရှင် တာဝန်ရှိသူတွေနဲ့တွေ့ပြီး မိတ်ဆက်မဲရုံတွေကို သွားမယ့်လမ်းမြေပုံတွေကို တောင်းယူမဲရုံကို သွားလာဝင်ထွက်လမ်းတွေကို ကြိုတင်သွားရောက်လေ့လာ လုံခြုံရေးအရကြိုတင်စီစဉ်စရာရှိတာကိုစီစဉ်နဲ့ အစစအဆင်ပြေအောင်ကြိုတင် လုပ်ဆောင်ကြရတယ်။ ကမ်ပုန်ချနန်းပြည်နယ်ကိုမလာခင် ကမ္ဘောဒီးယားရဲ့မြို့တော် ဖနွမ်းပင်မှာ (၃)ရက်လောက်သင်တန်း တက်ခဲ့ကြရပါသေးတယ်။ ကမ္ဘောဒီးယားနိုင်ငံရေးနောက်ခံတွေ၊ ရွေးကောက်ပွဲဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ နိုင်ငံရေးပါတီအကြောင်းတွေသာမက လုံခြုံရေးအစီအစဉ်တွေလဲအဓိက လေ့လာရပါတယ်။

ကမ္ဘောဒီးယားဟာ အာရှတိုက်မှာ ဥပဒေစိုးမိုးရေးအကင်းမဲ့ဆုံးနဲ့ အန္တရယ်အများဆုံးနိုင်ငံလို့ လူတိုင်းလိုလိုပြောကြပါတယ်။ လက်တွေ့အခြေအနေတွေကို လေ့လာကြည့်ရတာလဲ အဲဒီပြောဆိုချက်မှန်ကန်လိမ့်မယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲကာလအတွင်းမှာတော့ ယေဘုယျအားဖြင့် လုံခြုံရေးအခြေအနေ အထူးကောင်းမွန်တယ်လို့ပြောရပါလိမ့်မယ်။

ရွေးကောက်ပွဲမဲပေးတဲ့နေ့မှာ ခါတိုင်းရွာနေကျမိုးဟာမရွာတော့ဘဲ ညနေလေးနာရီထိုးခါနီးအထိ ရာသီဥတု ကြည်လင်နေပါတယ်။ အများအားဖြင့် ဘုရားတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ မဲရုံတွေလုပ်ထားကြတယ်။ နံနက်(၇)နာရီထိုးမှ မဲရုံဖွင့်မှာဖြစ်ပေမယ့် (၆)နာရီကထဲက လူထုတွေ မဲပေးဘို့တန်းစီနေကြပြီ။ မဲရုံတိုင်းမှာ မဲရုံတာဝန်ရှိသူ (၅)ဦးစီရှိတယ်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ စာရေးနှစ်ဦးတို့ဖြစ်တယ်။ ၎င်းတို့အပြင်မဲရုံထဲမှာ ပါတီအသီးသီးက ကိုယ်စားလှယ်တွေနဲ့ (COMFREL) လိုအဖွဲ့မျိုးကလေ့လာသူတွေလဲ ရှိနေကြ တယ်။

မဲရုံစဖွင့်ဖွင့်ခြင်း မဲရုံဥက္ကဋ္ဌက မဲပုံးထဲမှာဘာမှမရှိကြောင်း အားလုံးကိုပြရတယ်။ ပြီးတော့ ဥက္ကဋ္ဌကစပြီး မဲရုံတာဝန်ရှိသူတွေ၊ ပါတီကိုယ်စားလှယ်တွေ လေ့လာသူတွေမဲပေးကြတယ်။ ပြီးမှ လူထုတွေစတင်မဲပေးရတယ်။ မဲရုံတာဝန်ရှိသူ (၅)ဦးအနက် စာရေးတဦးက မဲပေးမယ့်လူထုကိုတန်းစီခိုင်း၊ နံပါတ်ပြားလေးတွေပေးပြီးမဲရုံကို တယောက်ချင်းစီဝင်ခိုင်းတယ်။ အတွင်းရေးမှူးက ဝင်လာသူတဦးချင်းစီရဲ့ လက်ညှိုးတွေကို စစ်ဆေးတယ်။ ဖျက်လို့မရတဲ့မှင်တွေ ပေရေနေခြင်းရှိမရှိစစ်ဆေးတာဘဲ။ လူတယောက်ကို မဲနှစ်ခါမပေးရအောင်မဲပေးပြီးတာနဲ့ အဲဒီလူရဲ့ ညာဘက်လက်ညှိုးကို မှင်ပုလင်းထဲမှာနှစ်လိုက်တယ်။ အဲဒီမှင်ဟာ အထူးစီရင်ထားတဲ့မှင်ဖြစ်ပြီး (၇)ရက်လောက်ကတော့ ဘယ်လိုဖျက်လို့မှမပျက် ဖျက်လေမဲလေ အရောင်တက်လာလေဖြစ်တယ်လို့ပြောကြတယ်။

ပြီးမှ မဲပေးသူကိုင်ဆောင်ပြီးဝင်လာတဲ့ မှတ်ပုံတင်ကဒ်ပြားပေါ်က နံပါတ်နာမည်နဲ့ မဲရုံမှာရှိထားပြီးဖြစ်တဲ့ မှတ်ပုံတင်စာရင်းနဲ့ တိုက်ကြည့်တယ်။ တွေ့မှ မှတ်ပုံတင်စာရင်ထဲမှာ ရေးမှတ်မဲပေးသူမှတ်ပုံတင်ကဒ်ပြားပေါ်မှာလဲ အမှတ်အသားရေးခြစ်ပေးလိုက်ပြီး ဒုတိယဥက္ကဋ္ဌဆီသွားဘို့ ညွှန်ပြလိုက်တယ်။

ဒု–ဥက္ကဋ္ဌ က မဲပြားစာအုပ်ထဲက မဲပြားကို ဖြုတ်ယူထံဆိပ်တုံးရိုက် မဲပြားကို နှစ်ခေါက်ခေါက်ပြီး လှမ်းပေးလိုက်တယ်။ မဲစာရွက်ဟာ (Full Scap Paper)ထက်နဲနဲပိုကြီးတဲ့ စာရွက်ကြီးတရွက်ဖြစ်တယ်။ ပြီးတော့ ဒု–ဥက္ကဋ္ဌက မဲပေးမယ့်သူကို မဲပြားပေါ်မှာ

မိမိကြိုက်တဲ့ပါတီကို ဘယ်လိုရေးခြစ်ရမယ်၊ ဘယ်လိုပြန်ခေါက်ရမယ်၊ မဲပုံးထဲဘယ်လိုပြန်ထည့်ရမယ်ဆိုတာ ရှင်းပြပြီး မဲပေးရမယ့် နေရာကိုပါ ညွှန်ပြလိုက်တယ်။

မဲပေးရမယ့်နေရာက မဲရုံထဲကဒေါင့်တဒေါင့်မှာ စက္ကူကတ်ပြားထူထူနဲ့ လူတယောက် မတ်ရပ်စာရေးစရာနေရာတခု စီစဉ်ထားတယ်။ ဘေးကနေကြည့်ရင် မဲပေးသူရဲ့ဦးခေါင်းကိုဘဲမြင်ရတယ်။ မဲစာရွက်ပေါ်မှာရေးပြီး အပြင်ပြန်ထွက်လာ မဲပုံးထဲမှာထည့်ပြီးရင်မဲပေးသူက မဲရုံစာရေးတဦးဆီကို သွားရတယ်။ အဲဒီမဲရုံစာရေးရဲ့တာဝန်က မဲပေးသူဟာ မဲပြားကိုမဲပုံးထဲထည့်မထည့် စောင့်ကြည့်တယ်။ ပြီးတော့မဲပေး သူရဲ့ညာဘက်လက်ညှိုးကို အဝတ်တခုနဲ့အသေအချာသုတ်ရတယ်။ ပြီးမှ အဲဒီလက်ညှိုးကို မိမိလက်နဲ့ကိုင်ပြီး မှင်ပုလင်းထဲမှာ အသေအချာနှစ်ထည့်တယ်။ ချက်ခြင်းသွားခွင့်မ ပြုသေးဘူး။ ပြီးခြောက်တဲ့အထိ စောင့်ခိုင်းထားတယ်။ မဲရုံစာရေးက သွားလို့ရပြောမှ မဲပေးသူကမဲရုံထဲက ထွက်ခွါတယ်။

မဲရုံဥက္ကဋ္ဌလုပ်သူဟာ မဲပေးတဲ့လုပ်ငန်းစဉ်အစအဆုံး ချောချောမောမောပြီးဆုံးခြင်းရှိမရှိ ကြီးကြပ်ပေးရတယ်။ အခက်ခဲပေါ်လာရင် အကူအညီပေးရတယ်။ ပြဿနာဖြစ်လာရင် ဖြေရှင်းပေးရတယ်။ လေ့လာစောင့်ကြည့်နေတဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်တဦးဦး အကျိုးအကြောင်းပြပြီး ကန့်ကွက်လာရင် မဲပေးနေမှုကိုချက်ခြင်းရပ်ပစ်လိုက်ပြီး အရေးယူဆောင်ရွက်ရတယ်။

ကျွန်တော်တို့ သွားရောက်လေ့လာခွင့်ရတဲ့ မဲရုံတိုင်းမှာ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေနဲ့ (COMFREL)နဲ့ (COFEL)ကစောင့်ကြည့်သူတွေဟာ မဲပေးသူ မဲရုံထဲကို စတင်ဝင်လာတဲ့အချိန်ကစပြီး ထွက်သွားတဲ့အချိန်အထိ လင်းယုန်မျက်လုံးတွေနဲ့ မျက်ခြေမပြတ်စောင့်ကြည့်နေကြကြောင်း တွေ့ရတယ်။ သူတို့တွေရဲ့အများစုကြီးဟာ နံနက် (၇း၀၀)နာရီမဲရုံစဖွင့်တဲ့အချိန်ကစပြီး ညနေ (၄း၀၀)နာရီ မဲရုံပိတ်တဲ့အချိန်အထိ သတ်မှတ်ပေးထားတဲ့ နေရာကနေ မထွက်ခွာစတမ်းစောင့်ကြည့်နေကြတယ်။

နေ့လည်စာစားတဲ့အချိန်မှာ အိမ်ပြန်ပြီးတော့ဘဲဖြစ်ဖြစ် အပြင်ထွက်ပြီးတော့ဘဲဖြစ်ဖြစ် ထမင်းမစားကြဘူးလားလို့ ကျွန်တော်တို့ကမေးကြည့်တယ်။ မစားကြဘူး။ အိမ်ကထမင်းထုပ်ယူလာတယ်လို့ သူတို့အထုပ်ကလေးတွေ ထမင်းချိုင့်ကလေးတွေကို ထုတ်ပြတယ်။ တချို့က ကျွန်တော်တို့ကိုရှင်းပြတယ်။ ကမ္ဘောဒီးယားမှာ လုံးနိုးအုပ်စိုးစဉ်က ရွေးကောက်ပွဲအတုတခု လုပ်ခဲ့ဘူးတယ်။ အဲဒီတုံးက နေ့လည်စာစားချိန်မှာ မဲတွေအားလုံးထည့်ပစ်ပြီး လုံးနိုးက သူအနိုင်ရကြောင်းကြေငြာခဲ့တယ်။ ဒီတခါတော့ အဲဒီလိုအဖြစ်မခံနိုင်ဘူးလို့ ပြောပြကြတယ်။

နိုင်ငံတကာက လာရောက်လေ့လာသူ တွေကို မဲရုံတိုင်းကိုလွတ်လပ်စွာ ဝင်ခွင့်ပေးတယ်။ မဲပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး မေးချင်တာမေးလို့ရတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အခါမဲရုံတိုင်းက တာဝန်ရှိသူတွေက ပျူငှာစွာကြိုဆိုကြ မေးခွန်းတွေကို ဖြေကြတယ်။

တနေရာမှာတော့ မဲရုံပိတ်ချိန်ညနေ (၄း၀၀)နာရီထိုးခါနီးလာတဲ့အခါမှာ ကောင်းကင်မှာ မိုးတွေမဲလာတယ်။ မဲရုံဥက္ကဋ္ဌကစိုးရိမ်ပြီး မဲရုံပိတ်သင့်မပိတ်သင့် နိုင်ငံရေးပါတီကိုယ်စားလှယ်တွေကိုရော ပြည်တွင်းပြည်ပကလေ့လာသူ တွေကိုရော သဘောထားတောင်းတယ်။ နိုင်ငံရေးပါတီကိုယ်စားလှယ်အများစုက ပိတ်ဘို့ပြောပေမယ့် တဦးစနစ်

ဦးစကစောင့်ပေးပါဦးလို့ ကန့်ကွက်တဲ့အတွက် ညနေ (၄း၀၀)နာရီအထိ အားလုံးဆက်စောင့်ကြတယ်။ (၄း၀၀)နာရီထိုးခါနီးမှာ အမျိုးသမီးကြီးနှစ်ဦးရောက်လာပြီး မဲပေးခွင့်ရရှိသွားကြတယ်။ ကမ္ဘောဒီးယားပြည်သူတွေ ဒီမိုကရေစီကျင့်သုံးတဲ့ အဲဒီမြင်ကွင်းကလေးတကွက်ကို တွေ့လိုက်ရတဲ့အခါမှာ ကျွန်တော်တို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ညနေ (၄း၀၀)နာရီထိုးအတိမှာ မဲရုံပိတ်ကြပြီး ပထမဆုံးမဲပုံးကို သော့ခတ်ကြရတယ်။ မဲပုံးဟာနှစ်ပေ ပတ်လည်လောက်ရှိတဲ့ သံမဏိပုံးဖြစ်ပြီး ဘေးမှာသော့နှစ်ချက်အပေါ်မှာသော့တချက်နဲ့ သော့သုံးချက်ခတ်ရပါတယ်။ သော့ခတ်ပြီးတဲ့အပေါ်မှာ နောက်တခါ ဂျပန်ကလာတဲ့ နံပါတ်တွေပါတဲ့ တခါသုံးပလပ်စတစ်ကြိုးသော့နဲ့ ထပ်ခပ်ပြီး အဲဒီကြိုးမှာရေးထားတဲ့နံပါတ်ကို ဝိုင်းမှတ်ထားကြတယ်။ သော့ကိုဖွင့်လို့နိုင်ကောင်းပေမယ့် ပလပ်စတစ်ကြိုးကိုတော့ဘယ်လိုမှဖြုတ်လို့မရနိုင်။ ဖြုတ်တာနဲ့ ပျက်စီးသွားပြီး လက်ရာ ခြေရာပျက်နေတာကို နောက်တနေ့တွေ့မှာ အသေအချာပါဘဲ။ ပြီးမှ အဲဒီသံမဏိ မဲပုံးကြီးရော မဲပေးတဲ့လုပ်ငန်းစဉ်နဲ့ဆိုင်တဲ့ စာရွက်စာတမ်းလက်ကျန်အားလုံးကိုပါ စနစ်တကျ မှတ်တမ်းပြုစုပြီး ပလပ်စတစ်အိတ်ထူထူ အပြာရောင်အိတ်ကြီးထဲကို စုပေါင်းထည့်ကြရတယ်။ နောက်ဆုံးမှာ အဲဒီအပြာရောင်အိတ်ကြီးကို ကြိုးသော့နဲ့တခါ ထပ်ခပ်ပြီး ပိတ်လိုက်ကြတယ်။ အသဲကြားကမဲတပြားလို့ မြန်မာလူမျိုးတွေ ကင်ပွန်းတပ်ခဲ့ကြ တဲ့မဲပြားတွေကို လိုလားနေပြီဖြစ်တဲ့ကမ္ဘောဒီးယားပြည်သူတွေဟာ ဘယ်လောက် တန်ဘိုးထားကြသလဲဆိုတာသူတို့တွေအား ကြိုးမာန်တက် စနစ်တကျ လုပ်နေကြတာ ကြည့်ပြီး ကျွန်တော်တို့ သဘောပေါက်ခဲ့ပါတယ်။

ရွေးကောက်ပွဲရလဒ်ကြီးကို ဒီအတိုင်းပစ်ထားပြီး နောက်ထပ်ရွေးကောက်ပွဲတခု ထပ်လုပ်ဘို့ ဆိုတာ စဉ်းပင်မစဉ်းစားကောင်းတဲ့အရာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲရလဒ်ကို ဖေါ်ဆောင်ဘို့ဘာဆက်လုပ်ကြမယ်ဆိုတာကတော့ ပြည်သူတွေအားလုံး အလေးအနက် စဉ်းစားလုပ်ဆောင်ရမယ့် ကိစ္စဘဲဖြစ်ပါတယ်။

ညနေ (၇း၀၀)နာရီကျော်လောက်မှာ ခရိုင်အသီးသီးကို သွားရောက်လေ့လာခဲ့ကြတဲ့ နိုင်ငံတကာကလေ့လာသူတွေဟာ ပြည်နယ်မြို့တော်ကမ်ပုန်ချန်းရဲ့ စားသောက်ဆိုင်ကြီးမှာ ပြန်လည်ဆုံတွေ့ကြပါတယ်။ အချင်းချင်းအတွေ့အကြုံတွေပြန်ဖလှယ်ကြတော့ ဒီကနေ့ မဲပေးကြတဲ့လုပ်ငန်းစဉ်မှာ အသေးအဖွဲ့အားနည်းချက်ကလေးတွေကလွဲပြီး စည်းကမ်းစနစ်ကျလှတယ်။ ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေအတိုင်း ယေဘုယျအားဖြင့် လိုက်နာကြတယ်။ ကျေနပ်စရာကောင်းတယ်လို့ မှတ်ချက်ချကြတယ်။ ဒီလိုဖြစ်အောင် ကမ္ဘောဒီးယားပြည်သူတွေ ဘယ်လောက်ကြိုးစားကြရသလဲဆိုတာ တွေးမိကြတယ်။

ဒါတောင်မှ ကမ္ဘောဒီးယားရွေးကောက်ပွဲမှာ မသမာမှုတွေရှိနေပါတယ်လို့ အတိုက်အခံပါတီက စွပ်စွဲချက်တွေပြင်းထန်စွာ ပေါ်ထွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲတရပ်စည်းကမ်းနည်းလမ်းတကျဖြစ်ဘို့ အောင်မြင်ဘို့ဆိုတာတကယ့်ကို မလွယ်တဲ့အလုပ်ပါ။ မြန်မာနိုင်ငံက ၁၉၉၀ ခုနှစ်မေလရွေးကောက်ပွဲဟာတော့ဖြင့် ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု ဒီမိုကရေစီကို ချစ်ခင်မြတ်နိုးမှုတို့ကြောင့်အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးအဖြစ်

ပြည်တွင်းရော နိုင်ငံတကာကပါ သောင်းသောင်းဖျဖျ လက်ခံခဲ့ကြရတာပါ။ ဒီရွေးကောက်ပွဲရလဒ်ကြီးကို ဒီအတိုင်းပစ်ထားပြီး နောက်ထပ်ရွေးကောက်ပွဲတခု ထပ်လုပ်ဘို့ဆိုတာ စဉ်းပင်မစဉ်းစားကောင်းတဲ့အရာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲရလဒ်ကို ဖေါ်ဆောင်ဘို့ ဘာဆက်လုပ်ကြမယ်ဆိုတာကတော့ ပြည်သူတွေအားလုံး အလေးအနက်စဉ်းစားလုပ်ဆောင်ကြရမယ့် ကိစ္စဘဲဖြစ်ပါတယ်။

(၆)

၁၉၉၈ ဇူလိုင်လ (၂၇)ရက်နေ့ဟာ ကမ္ဘောဒီးယားရွေးကောက်ပွဲရဲ့မဲရေတွက်တဲ့နေ့ဖြစ်ပါတယ်။ မဲတွေကို ကွန်မြူန်းတွေမှာ ရေတွက်ကြရတယ်။ တနိုင်ငံလုံးမှာ ကွန်မြူန်းစုစုပေါင်း (၁၅၈၆)ခုရှိတယ်။ ကျွန်တော်တို့သွားရောက်လေ့လာတဲ့ ကွန်မြူန်းဟာမဲရုံရှစ်ရုံကိုစု စည်းထားတယ်။

ကျွန်တော်တို့ရောက်သွားတော့နံနက် (၇း၀၀)နာရီထိုးကာနီးနေပြီ။ ကွန်မြူန်းဉက္ကဌနဲ့ အဖွဲ့ဝင်တွေကဆီးကြိုနှုပ်ဆက်ကြတယ်။ ညကအခြေအနေကောင်းလားလို့ မေးတော့ဘာမှ မဖြစ်ဘူး။ အေးအေးဆေးဆေးဘဲလို့ ပြောပြီးမဲပုံးတွေကိုညက ဘယ်လိုသိမ်းဆည်းခဲ့တယ်ဆိုတာရှင်း ပြကြတယ်။ ကွန်မြူန်းရုံးစိုက်ထားတဲ့ ဘုန်းကြီးကျောင်းဝင်းအလယ်ခေါင်တည့်တည့်မှာ ဇရပ်အမြင့်ကြီးတဆောင်ရှိတယ်။ အုပ်တိုက်ဇရပ်ဖြစ်ပြီးသစ်သားတံခါးနဲ့ အခိုင်အခန့်ဆောက်ထားတယ်။ဇရပ်ကြီးရဲ့အကျယ်ကပေ (၁၀၀**X**ပေ၈၀) လောက်ရှိသည်။ မဲပုံးရှစ်ပုံးကိုအဲဒီဇရပ် ဇရပ်အခန်းကြီးမှာထည့်။ လျှပ်စစ်မီးညလုံးပေါက်ဖွင့်။ အခန်းကိုသော့ခတ်။ သော့ကိုဘုန်းကြီးကယူထားတယ်။ သက်ဆိုင်ရာမဲရုံတာဝန်ရှိသူတွေ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ လေ့လာသူတွေအပြင်ရွာထဲက လူတရာကျော်လောက်ပါ ဇရပ်ကြီးရဲ့ပတ်ပတ်လည်မှာ ညလုံးပေါက်လာစောင့်အိပ်ကြကြောင်းသိရတယ်။

နံက် (၇း၀၀)နာရီတိတိမှာ ဇရပ်ကြီးကိုတခါးဖွင့်ပြီးဝင်ကြတယ် ကွန်မြူန်းဉက္ကဌက ဦးဆောင်ပြီး ဇရပ်ရဲ့တိုင်ခြေတွေမှာချထားတဲ့ မဲပုံးထည့်ထားတဲ့အိတ်အပြာကြီးတွေအားလုံးကိုဇရပ်အလည်ခေါင်တည့်တည့်ကို ရွှေ့ခိုင်းလိုက်တယ်။ ပြီးတော့သက်ဆိုင်ရာမဲရုံအ လိုက်တာဝန်ရှိသူတွေကို ခေါ်ပြီးယမန်နေ့ညက မိမိတို့ထားခဲ့တဲ့မဲပုံးဟုတ်မဟုတ်စစ်ဆေးခိုင်းတယ်။ မဲပုံးအိတ်အပြာကြီးတွေကို ခတ်ထားတဲ့ကြိုးသော့မှာ ရေးထားတဲ့နံပါတ်ဟာ မိမိတို့မှတ်သားထားတဲ့နံပါတ်ဟုတ်မဟုတ်အားလုံးဝိုင်းပြီးစစ်ဆေးကြတယ်။ အားလုံးကြေနပ်ပြီး လက်ရာခြေရာမပျက်ဘူးဆိုမှ ကြိုးသော့ကိုဓါးနဲ့လှီးဖြတ်ပြီး အိတ်အပြာကြီးကိုဖွင့် အထဲကမဲပုံးကိုဆွဲထုတ်တယ်။

မဲပုံးကိုမဖွင့်ခင် သံမဏိသော့သုံးလုံးရဲ့အထက်မှာ ထပ်ဆင့်ခတ်ထားတဲ့ကြိုးသော့တွေကို စစ်ဆေးကြရတယ်။ ပြီးမှကြိုးသော့တွေကိုဖြတ် သံမဏိသော့သုံးလုံးကို သော့တံတွေနဲ့ဖွင့်၊ ဤထဲမှာ မဲစာရွက်တွေရှိမရှိ အကြမ်းပြင်းစစ်ဆေးပြီး ကွန်မြူန်းဉက္ကဌက ပြန်ဖတ်ခိုင်းတယ်။ သော့တော့မခတ်တော့ဘူး။ သက်ဆိုင်ရာမဲရုံတာဝန်ရှိသူတွေကို အဲဒီမဲပုံးကို သယ်ဆောင်ခိုင်းပြီး ဇရပ်ရဲ့ဒေါင့်တဒေါင့်မှာ သွားပြီးထားခိုင်းထားတယ်။ အဲဒီပုံစံအတိုင်း မဲပုံးတပုံးပြီးတပုံးထုတ်မဲရုံအလိုက် နေရာချထားအားလုံးကိုထိုင်ခိုင်းပြီး အသင့်

ဖြစ်ပြီးဆိုမှ မဲရုံရှစ်ရုံလုံးတပြိုင်နက်မိမိ တို့မဲပုံးတွေ ထဲကမဲစာရွက်တွေကိုရေတွက် ကြရတယ်။ စုစုပေါင်းအရေအတွက်ကိုသာ ရေတွက်တာဖြစ်တယ်။ ပါတီအလိုက်ရရှိတဲ့ မဲတွေကို ရေတွက်ခြင်းမပြုသေးဘူး။ ပြီးတော့သက်ဆိုင်ရာမဲရုံအလိုက် ယမန်နေ့က မှတ်သားထားတဲ့ အရေအတွက်နဲ့ကိုက်မကိုက် စစ်ဆေးရတယ်။ ကိုက်ပြီဆိုမှ မဲပုံးထဲကိုပြန် ထည့်ပြီးအခြားမဲရုံတွေအားလုံးစစ်ဆေးလို့ပြီးအောင် စောင့်ရတယ်။ စစ်ဆေးပြီးတဲ့အခါ အိတ်အပြာကြီးထဲကို မဲရုံရှစ်ရုံကမဲတွေစုပေါင်းထည့်ပြီး အားလုံးကိုရော မွှေလိုက်တယ်။

အဲသလို မဲတွေကိုစုပေါင်းမွှေခြင်းမပြု မဲရုံတခုခြင်းဆီကမဲတွေကို ရေတွက်မယ်ဆိုရင် ဒီရွာဒီရပ်ကွက်ဟာဘယ်ပါတီကို ထောက်ခံတယ်၊ ဘယ်ပါတီကိုမထောက်ခံဘူးဆိုတာ အလွယ်တကူ သိနိုင်မှာကြောင့်ဖြစ်တယ်။ ရောပြီးသားမဲတွေထဲကနေ မဲရုံရှစ်ခုအတွက်မဲအပုံရှစ်ပုံပုံပြီး မဲရေတွက်ဘို့ခွဲပေးလိုက်တယ်။ သူတို့ကိုချပေးထားပြီးသားလုပ်ထုံးလုပ်နည်းအတိုင်း အတိအကျလုပ်ကြတယ်။

ရေတွက်ရာမှာ ပထမဆုံးစာရေးက မဲအပုံထဲကမဲအနက်တရွက်ကို ဆွဲထုတ်လိုက်တယ်ဖြန့်လိုက်တယ်။ ပြီးတော့ မဲရုံဥက္ကဌကိုပေးတယ် ဒုဥက္ကဌကလေ့လာကြည့်တယ်။ အဲဒီအချိန်မှာ ပါတီကိုယ်စားလှယ်တွေနဲ့ လေ့လာသူတွေကလဲ ဒု–ဥက္ကဌနားမှာရှိတယ်။ ဒုဥက္ကဌကလဲဘယ်ပါတီကို မဲပေးထားတယ်ဆိုတာ အားလုံးမြင်အောင်ထောင်ပြတယ် ပြီးတော့ ဥက္ကဌဆီကိုလှမ်းပေးလိုက်တယ်၊ ဥက္ကဌက မဲစာရွက်ကိုလေ့လာပြီး ဘယ်ပါတီကိုမဲပေးထားကြောင်းကြေညာတယ် ပြီးတော့သက်ဆိုင်ရာပါတီအလိုက် ရရှိတဲ့မဲတွေကို ပုံထားတဲ့အပုံထဲကို ထည့်လိုက်တယ် ကြေညာလိုက်တဲ့မဲကို ဒုဥက္ကဌနဲ့ အတွင်းရေးမှူးတို့က (Tally Sheet)ဆိုတဲ့စာရွက်ထဲမှာ မဲရရှိတဲ့ပါတီအမည်ဘေးမှာ မှတ်ထားပြီးမှတ်ပုံတင်စာရင်းသွင်းတယ်။

အနီးမှာရှိနေကြတဲ့ ပါတီကိုယ်စားလှယ်တွေကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်ပြီးမှတ်သားလျက်ရှိကြတယ်။ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်နဲ့ အောက်ခြေမဲရုံများက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ (NGO)ကလေ့လာသူတွေနဲ့ တွေ့ဆုံဆွေးနွေး သူတို့လုပ်ကိုင်နေကြတာတွေကိုကြည့်ပြီး နိုင်ငံတကာလာရောက်လေ့လာကြသူတွေရဲ့ရင်ထဲမှာ တူညီစွာနဲ့ တစုံတရာ ခံစားမိခဲ့ကြရတယ်။

ဒီလူတွေဟာ နိုင်ငံရေးအရောင်အသွေးအမျိုးမျိုးရှိပြီး ဘဝဖြတ်သန်းမှု အမျိုးမျိုးကြုံတွေ့ခဲ့ကြရတဲ့ ကမ္ဘောဒီးယားပြည်သူတွေဖြစ်တယ်။ အာဏာကိုင်နိုင်နင်းတက်လိုချင်တဲ့ ခေါင်းဆောင် လက်တဆုပ်စာလောက်ကလွဲရင် ကမ္ဘောဒီးယားပြည်သူတကယ့်အများစု ကြီးဟာအတိတ်ကအဖြစ်အပျက်တွေကို တက်နိုင်သမျှမေ့ထားကြပြီး တဦးနဲ့တဦးသဟဇာဖြစ်ကြဘို့ပူးဆောင်ရွက်ကြဘို့ စိတ်အားထက်သန်လျက်ရှိကြတယ်။ ဒီရွေးကောက်ပွဲကို သူတို့တတ်နိုင်သမျှအသန့်ရှင်းဆုံးနဲ့ စနစ်အကျဆုံးလုပ်ပြီး အဲသလိုလုပ်ကြောင်းလည်း အများသိစေခြင်တယ်။

သူတို့အပေါ်မှာ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှု ထောက်ခံမှုကိုလိုခြင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီရွေးကောက်ပွဲကနေ နိုင်ငံတကာအသိအမှတ်ပြုတဲ့ တရားဝင်လူထုအစိုးရတရပ်ပေါ်လာပြီး နိုင်ငံတကာအကူအညီတွေ ထိရောက်စွာရရှိလာမှ ကမ္ဘောဒီးယားရဲ့ပြန်လည်ထူထောင်ရေး တိုးတက်ဖွံ့ဖြိုးရေးတွေလုပ်ဆောင်နိုင်မှာကို သူတို့နားလည်ကြလို့ဖြစ်တယ်။ ရွေးကောက်ပွဲဟာ သူတို့ရဲ့ဘဝဖြစ်တယ် ရွေးကောက်ပွဲဟာ သူ

တို့ရဲ့မျှော်လင့်ချက်ဖြစ်တယ်။ ရွေးကောက်ပွဲအောင်မြင်ဘို့ရလဒ်နှင့်အညီ တရားဝင် လူထုအစိုးရတရပ်၊ ဖွဲ့နိုင်ဘို့ဆိုတဲ့ မျှော်လင့်ချက်ရောင်ခြည်တွေနဲ့ သူတို့ရဲ့မျက်နှာတွေဟာ စိတ်အားထက်သန်စွာ တက်ကြွနေကြတယ်။

ကမ္ဘောဒီးယားရွေးကောက်ပွဲကနေ ပြန်လာတဲ့နိုင်ငံတကာကလေ့လာသူတွေဟာ အသေးစိတ်ကိစ္စမှာ မတူတဲ့အမြင်တွေရှိကြပေမဲ့ အားလုံးတူညီတဲ့သုံးသပ်ချက်နှစ်ချက်ရှိတယ်။ ပထမအချက်ကတော့ ရွေးကောက်ပွဲမဲပေးတဲ့နေ့နဲ့ မဲရေတွက်တဲ့နေ့တွေမှာ လုပ်ကိုင် ဆောင်ရွက်ကြပုံတွေဟာ အင်မတန်မှ စည်းကမ်းစနစ်ကျနမှုရှိတယ်။ ထိုင်းနိုင်ငံထက်ပင်ပိုပြီးစနစ်ကျနတယ်လို့ ထိုင်းကလာတဲ့ခေါင်းဆောင်တွေက ချီးကျူးကြရတယ်။ ဒုတိယအချက်ကတော့ ကမ္ဘောဒီးယားပြည်သူတွေဟာ ရွေးကောက်ပွဲ အောင်မြင်အောင် တကယ့်ကိုထက်သန်တက်ကြွစွာ အလုပ်လုပ်ကြတယ်ဆိုတဲ့ အချက်တွေဘဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ကြိုးပမ်းမှုနဲ့ ဒီရွေးကောက်ပွဲမှာ ဒီမိုကရေစီကို တစုံတရာ အုတ်မြစ်ချခဲ့နိုင်ပြီ လို့သုံးသတ်မိကြပါတယ်။

နိုင်ငံတကာမှာ ရွေးကောက်ပွဲတွေပုံမှန်ကျင်းပဘို့ ရွေးကောက်ပွဲရလဒ်တွေနဲ့အညီ တက်လာတဲ့လူထုအစိုးရတွေကို အာဏာလွှဲပြောင်းပေးဘို့ဆိုတာ ဒီမိုကရေစီရဲ့အသက်သွေးကြောဖြစ်သလို ဥပဒေစိုးမိုးရေးရဲ့အခြေခံလဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေပုံမှန်မကျင်းပတော့ဘဲ (သို့မဟုတ်)ရွေးကောက်ပွဲရလဒ်တွေနဲ့အညီ တက်လာတဲ့လူထုအစိုးရတွေကို အာဏာလွှဲပြောင်းမပေးတော့ဘဲ အစိုးတဖွဲ့ (သို့မဟုတ်)အုပ်စုတစုကသာ အာဏာကိုအဆက်မပြတ်ရယူထားရင် ဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောနိုင်မှာမဟုတ်ပါ။ ဘာကြောင့်လည်းဆိုတော့ ဥပဒေတွေကိုသူတို့ကြိုက်သလို ပြဌာန်းခွင့်ရရှိသွားကြတော့မှာဖြစ်သလို သူတို့ဟာဥပဒေရဲ့ အထက်ကိုရောက်ရှိသွားကြလို့ဖြစ်ပါတယ်။

ရွေးကောက်ပွဲတွေနဲ့ပါတ်သက်ပြီး လူထုရဲ့နိုင်ငံရေးအသိနဲ့ အခန်းကဏ္ဍဟာ အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံကလူထုရဲ့ နိုင်ငံရေးအသိဟာ အရှေ့တောင်အာရှမှာ ထိပ်တန်းကပါတယ်လို့ ပြောလို့ရပါတယ်။ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေ ထက်သာတယ်လို့ ယူဆသူတွေလဲရှိကြတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း နှစ်ရာကျော်ထဲမှာ (NLD)ကိုဘဲအမိကရွေးချယ်ပြီး ပုံအောမဲဆန္ဒပေးလိုက်ကြတာဟာ မြင့်မားတဲ့ လူထုရဲ့နိုင်ငံရေးအသိကို သက်သေပြလိုက်ခြင်းပါဘဲ။

ယနေ့ကမ္ဘာမှာ နိုင်ငံတွေငြိမ်းချမ်းမှုရှိဘို့ တိုးတက်ဖွံ့ဖြိုးမှုရှိဘို့ဆိုတာဟာ နိုင်ငံတနိုင်ငံချင်းစီ ဖေါ်ဆောင်လို့မရတော့ပါ။ နိုင်ငံတနိုင်ငံနဲ့ တနိုင်ငံဆက်စပ်ပြီး နိုင်ငံတကာရဲ့အကူအညီကိုရယူပြီး ဖေါ်ဆောင်မှ ရနိုင်တော့မှာဖြစ် ပါတယ်။ အဲသလိုဖေါ်ဆောင်နိုင်ဘို့အတွက် မိမိနိုင်ငံဟာနိုင်ငံရေးအရ တည်ငြိမ်မှုရှိတယ်၊ဥပဒေစိုးမိုးမှုရှိတယ်။ နိုင်ငံမှာတရားဝင် အစိုးရအုပ်ချုပ်နေတယ်ဆိုတာကို နိုင်ငံတကာ ကယုံကြည်လက်ခံအောင် ပြနိုင်ဘို့လိုပါတယ်။ ဒီနေရာမှာ ရွေးကောက်ပွဲတွေပုံမှန်ကျင်းပခြင်းနဲ့ ရွေးကောက်ပွဲရလဒ်တွေကို ဖေါ်ဆောင်ကာတရားဝင်လူထုအစိုးရတွေကို အာဏာလွှဲပြောင်းပေးခြင်းတို့ဟာ အလွန်ဘဲအရေးကြီးလှပါတယ်။

ဒီဖြစ်စဉ်တွေကိုအောင်မြင်စွာ ဖြတ်သန်းနိုင်မှသာလူထုရဲ့ စီးပွါးရေးဘဝတွေတိုးတက်မှုရမှာဖြစ်သလို ဒီဖြစ်စဉ်တွေအောင်မြင်စွာ ဖြတ်သန်းနိုင်ဘို့လည်း လူထုကိုယ်တိုင်စွမ်းဆောင်မှသာရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မဲထည့်ပေးလိုက်ရုံနဲ့ ငါတို့တာဝန်

ကျေပြွန်ပြီရယ်လို့ ယူဆခြင်းမပြုသင့်ပါ။ ဖြစ်စဉ်အဆင့် တခုထဲနဲ့လည်းပြီးပြည့်စုံမှာမဟုတ်၊ ဖြစ်စဉ်ပေါင်းများစွာကို ဖြတ်သန်းရပါလိမ့်မယ်။ ၁၉၉၀ မေလရွေးကောက်ပွဲဆိုတဲ့ တကယ့်အရေးကြီး သမိုင်းဝင်ဖြစ်စဉ်ကြီးတခုကို လူထုကိုယ်တိုင်အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီးပါပြီ။ လူထုဟာနောက်ထပ်ဖြစ်စဉ်တွေကိုထပ်မံဖြတ်သန်းရင်း ဥပဒေစိုးမိုးမှုရှိတဲ့ ငြိမ်းချမ်းတဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံသစ်တခုကို မလွဲမသွေပေါ်ဆောင်လိမ့်ဦးမယ်လို့ ယုံကြည်ကြောင်းတင်ပြရင်း နဂုံးချုပ်ပါတယ်။ ။

Bureaucracy - ဗျူရိုကရေစီ၊

ဘိုမုတ်ဆိတ် (ဥပဒေ)

ဗျူရိုကရေစီ –
အဖွဲ့အစည်းတခု သို့မဟုတ် ဌာနတခုက စီမံကိန်းများချမှတ်၍ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖေါ်ရာတွင် အုပ်ချုပ်ရေးယန္တယား၊ ရုံး၊ ဌာနများဖြင့် လုပ်ဆောင်ရသော အုပ်ချုပ်ရေးလုပ်ငန်း

ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများအကြောင်းရေးသားခဲ့သော လူမှုသိပ္ပံပညာရှင်များ ကဗျူရိုကရေစီနှင့်ပတ်သက်၍ အမျိုးမျိုးရေးသားထားခဲ့ကြပြီးဖြစ်သည်။ ပညာရှင်တဦးနှင့်တဦး ဗျူရိုကရေစီအပေါ် အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အနည်းငယ်စီ ကွဲပြားခြားနားမှုများရှိသည်။ အထင်ရှားဆုံးသောပညာရှင်မှာ ဂျာမန်လူမျိုး ဝက်ဘာ (Max Weber, 1864- 1920) ဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းကာလများ၌ မြောက်အမေရိကတိုက်နှင့်ဥရောပတိုက်တွင် အရင်းရှင်စီးပွါးရေးစနစ် ထွန်းကားလာမှုနှင့်အတူ စနစ်တကျ စီမံခန့်ခွဲရန် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းများ လိုအပ်လာသည်။ ထိုအဖွဲ့အစည်းများအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ မည်သို့ဖြစ်သင့်သည်၊ ထိုအဖွဲ့များ၏လုပ်ငန်းတာဝန်မှာ မည့်သည့်အရာများဖြစ်သည်၊ စသည်ဖြင့်ဝက်ဘာက ဗျူရိုကရေစီအကြောင်း စနစ်တကျလေ့လာကာ ရေးသားဖေါ်ထုတ်ခဲ့သည်။

အဖွဲ့အစည်းတခု၏ဦးတည်ချက်များ အထမြောက်အောင်မြင်စေရန် ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖေါ်ဆောင်ရွက်ရသည်။ ထိုမူဝါဒများကို အဖွဲ့အစည်းတရပ်အနေဖြင့် တည်ထောင်ထားသော အုပ်ချုပ်ရေးလုပ်ငန်းအဖွဲ့က ဆောင်ရွက်ရသည်။ ထိုသို့လုပ်ငန်းလည်ပတ်ရာတွင် ချောမွေ့လွယ်ကူစေရေးအတွက် အထောက်အကူပြုယန္တယားများတည်ထောင်ကာ အုပ်ချုပ်ရေးလုပ်ဆောင်ခြင်းသည် ဗျူရိုကရေစီပင်ဖြစ်သည်။ တနည်းအားဖြင့် ရုံး၊ ယန္တယားများဖြင့် အဖွဲ့အစည်းလုပ်ငန်းဆောင်ရွက်ခြင်းသည် ဗျူရိုကရေစီပင်ဖြစ်သည်။ ဗျူရိုကရေစီသည် ကြိုတင်သတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်း၊ စည်းမျည်းစည်းကမ်း၊ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ တိတိကျကျလိုက်လံဆောင်ရွက်ရသော အုပ်ချုပ်ရေးမျိုးဖြစ်သည်။ ထိုအုပ်ချုပ်ခွင့်အာဏာကို ဥပဒေနှင့်အရလုပ်ပိုင်ခွင့်ရှိ လာသောအာဏာ (legal rational authority) ဟု ဝက်ဘာက

သတ်မှတ်သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးတွင်ပါဝင်နေသူများသည် မိမိအဆင့်အလိုက် လုပ်ပိုင်ခွင့်တာဝန်များရှိသကဲ့သို့ ၎င်းတို့တဦးခြင်းအပေါ်စီတွင်လည်း တင်းကြပ်သော စည်းမျဉ်းစည်းကမ်း ဥပဒေများအရ ချည်နှောင်ထားမှုကို ထပ်မံ၍ခံရသည်။ ဗျူရိုကရေစီတွင် ပါဝင်တာဝန်ထမ်း ဆောင်နေသောသူတဦးခြင်းစီသည် အဖွဲ့အစည်း၏ စည်းမျဉ်းဘောင်အတွင်း အဖွဲ့အစည်းအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရေးမှာ အရေးကြီးသောကိစ္စဖြစ်ကြောင်း ဝက်ဘာက ဖေါ်ပြခဲ့သည်။ ဝက်ဘာက ဗျူရိုကရေစီ နှင့်ပတ်သက်၍ ပိုမိုလွယ်ကူစွာ သဘောပေါက်နိုင်ရန် အောက်ပါအတိုင်း အင်္ဂါရပ် (၈)ရပ် ထုတ်ကာ သရုပ်ခွဲပြခဲ့သည်။

၁။ ဗျူရိုကရေစီသည် အဖွဲ့ဝင်များက အသိအမှတ်ပြုလက်ခံပြီးသော စည်းမျဉ်းများအပေါ်တွင် အခြေခံသော အုပ်ချုပ်ရေးလုပ်ငန်းတမျိုးဖြစ်သည်။

၂။ ဗျူရိုကရေစီသည် စဉ်ဆက်မပြတ်လည်ပတ်နေရသော အုပ်ချုပ်မှုလုပ်ငန်း တမျိုးဖြစ်သည်။ ဥပမာအားဖြင့် အစိုးရအဆက်ဆက်သည် နိုင်ငံရေးအခြေအနေ အပေါ်မူတည်ပြီး အမျိုးမျိုးပြောင်းလဲနေနိုင်သော်လည်း ဗျူရိုကရေစီမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေရသော ယန္တရားဖြစ်ရပေမည်။ ဗျူရိုကရေစီသည် ရေတိုရည်ရွယ်ချက်တခုဖြင့် ယာယီဖွဲ့စည်းထားသော ယန္တရားမျိုး မဟုတ်ပေ။

၃။ ဗျူရိုကရေစီက တာဝန်ခံလုပ်ဆောင်နိုင်သော အုပ်ချုပ်ရေးလုပ်ငန်း နယ်ပယ်ကို အတိအကျ ကန့်သတ်ထားမှုရှိသည်။ စီမံခန့်ခွဲအုပ်ချုပ်ရေးဥပဒေများ (Administrative laws)၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ စသည်တို့ဖြင့် ကန့်သတ်ထားတတ်သည်။ ထိုကန့်သတ်မှုများအရ နိုင်ငံတခုတည်ဆောက်ရာတွင် သို့မဟုတ် အဖွဲ့အစည်းတခုတည်ဆောက်ရာတွင် လုပ်ငန်းအလိုက် ဗျူရိုကရေစီကို ကျင့်သုံးလုပ်ဆောင်ရသောအဖွဲ့များ အများအပြားရှိနေတတ်ရာ လုပ်ငန်းတခုအတွက် ဖွဲ့စည်း ထားသော ဗျူရိုကရေစီသည် အခြားလုပ်ငန်းတခုအတွက် ဖွဲ့စည်းထားသော ဗျူရိုကရေစီနှင့် ရောထွေးယှက်တင်မရှိချေ။ ထို့အတူ တခုက အခြားတခုအတွင်း ဝင်ရောက်စွက်ဖက် မှုလည်းမပြုနိုင်ပေ။ ထို့ကြောင့် တချို့သောပညာရှင်များက နိုင်ငံတခုအတွင်း သို့မဟုတ် အဖွဲ့အစည်းတခုအတွင်းရှိဗျူရိုကရေစီများသည် မျဉ်းပြိုင်များသာဖြစ်သည်ဟု တင်စားကြသည်။

၄။ ဗျူရိုကရေစီ အခြေခံသော အရေးကြီးသည့်မူတရပ်မှာ အနိမ့်အမြင့် အဆင့်လိုက် (hierarchy) တည်ရှိရခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ ဗျူရိုက်ရေစီယန္တယား တစုံတွင် အနိမ့်အမြင့် အဆင့်ဆင့်ပါဝင်နေသော လက်အောက်ခံများရှိသည်။ အနိမ့်ဆုံးအဆင့်က အထက်အဆင့်ဆင့်ကိုအဆင့်လိုက်အစီရင်ခံတင်ပြရခြင်းနှင့် အထက်အဆင့်ဆင့်၏ ညွှန်ကြားချက်များကိုနာခံရခြင်းများရှိသည်။ အလယ်အဆင့်များတွင်ရှိသူများအဖို့ မိမိညွှန်ကြားနိုင်သော အောက်အဆင့်တဆင့် ရှိနေသကဲ့သို့ မိမိတာဝန်ခံရသော သို့မဟုတ် ညွှန်ကြားချက်ခံယူရသော အထက် အဆင့်တဆင့်သည် အမြဲလိုလိုရှိနေသည်။ အဆင့်ကျော်၍ ညွှန်ကြားချက်ပေးခြင်းနှင့် အဆင့်ကျော်၍ တာဝန်ခံ တင်ပြရခြင်းမျိုး ဗျူရိုကရေစီတွင်မရှိပေ။ ထို့ကြောင့် တချို့က ဗျူရိုကရေစီယန္တယား တွင်ပါဝင်နေသူများသည် မိမိအထက်အနီးစပ်ဆုံးသူ

တယောက်နှင့် မိမိအောက် အနီးစပ်ဆုံးသူတယောက်ကို သိထားရန်သာလိုသည် ဟု၍ပင် တင်စားလာကြသည်။

၅။ ဗျူရိုကရေစီတွင် ဝင်ရောက်တာဝန်ထမ်းဆောင်မည့်သူများသည် မိမိတို့ တာဝန် နှင့်လျော်ညီမှုရှိသည့်လုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးမှုများကို ခံယူရန် လိုအပ်သည်။ သို့မှသာ ရည်ရွယ်ချက်တခုအတွက် ဖွဲ့စည်းထား သောဗျူရိုကရေစီမှာ လုပ်ငန်းအောင်မြင်အောင်သတ်မှတ်ထားသော ဦးတည်ချက်အတိုင်း လုပ်ဆောင်နိုင် မည်ဖြစ်သည်။

၆။ ဗျူရိုကရေစီတွင်ပါဝင်လုပ်ဆောင်နေရသူများသည် အဖွဲ့အစည်း၏ ကုန်ထုတ်အရင်းအနှီးများနှင့် ထွက်ပေါ်လာသောရလဒ်များ၏ ပိုင်ရှင်များမဟုတ်ပေ။ ၎င်းတို့သည် အခကြေးငွေယူ၍ တာဝန်ထမ်းဆောင်နေသော အလုပ်သမားများသာဖြစ်သည်။ ဗျူရိုကရေစီတွင် ပါဝင်နေသူများသည် အလုပ်ပိုင်ရှင်များမဟုတ်ပါချေ။ ထိုအလုပ်များကို အဖွဲ့အစည်းကသာ ပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ ရာထူးနေရာတခုကို မိမိအလိုရှိတိုင်းရယူနိုင်ခြင်းမဟုတ်ပဲ အဖွဲ့အစည်းနှင့် အလုပ်၏လိုအပ်ချက်အရသာ အဖွဲ့အစည်းက တာဝန်ပေးအပ်လာသည့်အတိုင်းသာ ရယူနိုင်သည်။

၇။ ဗျူရိုကရေစီတရပ်၏ ရေရှည်တည်တံ့မှုနှင့် အောင်မြင်မှုများသည် စနစ်တကျ သိမ်းဆည်းထားရှိသော မှတ်တမ်းမှတ်ရာများအပေါ်တွင် များစွာမူတည်သည်။ ထိုမှတ်တမ်းမှတ်ရာများကိုကိုးကား၍သာ သက်ဆိုင်ရာလုပ်ငန်း အလိုက်ဆုံးဖြတ်ချက်များချမှတ်နိုင်မည်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် မှတ်တမ်းမှတ်ရာများကို ကွန်ပြူတာများဖြင့် သိမ်းဆည်းထားနိုင်ပြီဖြစ်ရာ ဗျူရိုကရေစီကိုများစွာအထောက် အကူပြုလျက်ရှိသည်။

အုပ်ချုပ်ရေးအရာရှိများ (bureaucrats) ၏အနေအထားနှင့်ပတ်သက်၍လည်း ဝက်ဘာက အောက်ပါအတိုင်း တင်ပြခဲ့သည်။

၁။ အုပ်ချုပ်ရေးအရာရှိများသည် ပုဂ္ဂိုလ်ရေးအရဆိုလျှင် လွတ်လပ်သောသူများဖြစ်သည်။ ၎င်းတို့သည် ဥပဒေအရ ရလာသော လုပ်ပိုင်ခွင့်အာဏာနှင့် ကန့်သတ်မှု များကိုသာ တာဝန်ခံရသည်။ ထို့ကြောင့် ဌာနတခုတွင် အကြီးအကဲ ဖြစ်နေသူတဦးသည် ၎င်းလုပ်ဆောင်ရမည့်တာဝန်များကို အတိအကျသိနေပြီး ထိုတာဝန်များမှအပ အခြားတာဝန်များကို ၎င်းကစဉ်းစားမည်မဟုတ်ပေ။ သို့ဖြင့် အုပ်ချုပ်ရေးအရာရှိများသည် အလုပ်ချိန်မှလွဲ၍ကျန်အချိန်များတွင် လွတ်လပ်စွာနေထိုင်နိုင်ခြင်းကြောင့် အုပ်ချုပ်ရေးအရာရှိဘဝနှင့် သာမန်အရပ်သား၏ တသီးပုဂ္ဂလဘဝတို့ ခွဲခြားကာ ရပ်တည်ခွင့်ရှိသည်။

၂။ ပုဂ္ဂိုလ်တဦးခြင်းစီအလိုက် အဆင့်ဆင့်ရှိသော ယန္တယားများထဲတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်းဖြင့် ထိုတဦးခြင်းစီသည် ၎င်းတို့၏နေရာနှင့်တာဝန်ကို တိတိကျကျ သိနေကြသည်။

၃။ အုပ်ချုပ်ရေးအရာရှိများသည် ၎င်းတို့အပေါ်လွှမ်းမိုးထားသော ဥပဒေများ၊

စည်းမျဉ်းများ၊ နည်းနာများကို တိတိကျကျသိနေရန်လိုအပ်သည်။
၄။ အလုပ်တာဝန်ထမ်းဆောင်မှုကြောင့် အခကြေးငွေရရှိမည်၊ ထိုအခကြေးငွေ အတွက် ထိုက်တန်စွာတာဝန်ထမ်းဆောင်ရမည်ဟူသော ပဋိညာဉ်ဆန်သော သဘောတူညီမှုတရပ် အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးအရာရှိများအကြား ရှိနေသည်။
၅။ အုပ်ချုပ်ရေးအရာရှိနေရာခန့်ထားမှုသည် ခန့်အပ်ရမည့်ရာထူးနေရာနှင့် လိုက်လျောညီထွေရှိရမည့်ကျွမ်းကျင်မှုကိုလိုက်၍ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း ပြုလုပ်သည်။ နိုင်ငံရေးအရ စဉ်းစားခြင်းမျိုးမရှိအပ်ပေ။
၆။ ထိုရာထူးနှင့်လျော်ညီသည့် အခကြေးငွေကို ရရှိခံစားခွင့်ရှိသည်။
၇။ အုပ်ချုပ်ရေးအရာရှိတဦးသည် အခြားပြင်ပအလုပ်များ ရှိနေတတ်သော်လည်း အုပ်ချုပ်ရေးအရာရှိအလုပ်က ပို၍အဓိကကျသည်ဟူသောအသိ ရှိနေသင့်သည်။
၈။ အုပ်ချုပ်ရေးအရာရှိများသည် ရာထူးတိုးမြှင့်မှုအတွက်မျှော်လင့်နိုင်သည်။
၉။ အလုပ်စည်းမျဉ်းများအတိုင်း အုပ်ချုပ်ရေးအရာရှိများ ကျင့်ကြံနေထိုင်ရပေမည်။

ဗျူရိုကရေစီနှင့်နိုင်ငံရေးဆက်စပ်မှု

တိုင်းပြည်ကိုစီမံခန့်ခွဲအုပ်ချုပ်ခြင်းသည် အစိုးရတိုင်းလုပ်ရသော အလုပ်မျိုးဖြစ်သည်။ ထိုအလုပ်များကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်နိုင်ခြင်းမရှိပေ။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများလုပ်ရသောအလုပ်မှာ မူဝါဒများချမှတ်ခြင်း (policy making) သာဖြစ်ပြီး ဝန်ကြီးများကချမှတ်လိုက်သော မူဝါဒများကို အကောင်အထည်ဖော်ရန် တည်ထောင်ထားရှိသော ဗျူရိုကရေစီယန္တယားများက လုပ်ဆောင်ရသည်။ ဝန်ကြီးဌာနများအသီးသီးလက်အောက်၌တည်ထောင်ထားရှိသောဦးစီးဌာနများ၊ ကောင်ပိုရေးရှင်းများ၊ ဗျူရိုများအစရှိသည်တို့သည် ဗျူရိုကရေစီယန္တယားများပင်ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတခု၊ အဖွဲ့အစည်းတခုတွင် ဗျူရိုကရေစီယန္တယားသည် နိုင်ငံရေးဦးဆောင်မှုပိုင်း ကချမှတ်လိုက်သော မူဝါဒများကို အကောင်အထည်ဖော်ရသည့် ခြေလက်များသဖွယ်ဖြစ်သည်။ ဗျူရိုကရေစီမရှိပဲ မည်သည့်မူဝါဒကိုမှ အကောင်အထည်ဖော်နိုင်မည်မဟုတ်ချေ။

ဗျူရိုကရေစီကို အလွန်အကျွံကျင့်သုံးခြင်းကြောင့် လုပ်ငန်းကြံ့ကြာမှုများရှိ တတ်ခြင်းကို အကြောင်းပြု၍ အချို့က ဗျူရိုကရေစီကို အဆိုးဖက်မှရှုမြင်ကြသည်။ ထိုသို့ဗျူရိုကရေစီအလွန်အကျွံကျင့်သုံးမှုကို ကြိုးနီစနစ်ဟု တချို့ကခေါ်ကြသည်။ ကြိုးနီစနစ် မဟုတ်သော ဗျူရိုကရေစီသည် အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းအတွက် လိုအပ်သော အုပ်ချုပ်ရေး ယန္တယားပင်ဖြစ်သည်။ ။